www.burmeseclassic.com

# ပျော်လက် ချပ်အာင်

နှင့်

# ခေတ်သစ်ပုံပြင်များ

The Magic Needle and other stories
by Enid Blyton

သက်ဦးလွင်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၂ / ၂၀၀၃ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈ / ၂၀၀၃ (၇)

❖

**စီစဉ်သူ**

ခင်မာရွှေ

❖

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - (၂၀၀၃၊ ဩဂုတ်လ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - ညီတော်မောင်
ကွန်ပျူတာစာစီ - ဆုပြည့်စုံထွန်း
အတွင်းဖလင် - *Quality*

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးသန်းဆွေ (စစ်သည်တော်စာပေတိုက်) (၀၁၄၇၃)
အမှတ် (၁၁၃၁/က)၊ ဥယျာဉ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊
ရန်ကုန်မြို့။

❖

တန်ဖိုး - ၃၀၀ ကျပ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပဥ္စလက်ချုပ်အပ် | ၁ |
| ၂။ | ဖားလောင်းလေးတွေအကြောင်း | ၁၃ |
| ၃။ | ရွှေယုန်မိသားစု | ၁၆ |
| ၄။ | မှော်ဆရာကြီးလာပြီ | ၂၀ |
| ၅။ | ကျေးဇူးသိတတ်တဲ့ ကြောင်လေးရွှေဝါ | ၂၅ |
| ၆။ | ဘဝင်မြင့်တဲ့ ဝက်ဝံရုပ်လေး | ၃၆ |
| ၇။ | အနီနဲ့အဝါရောင် သံခွေလေး | ၄၀ |
| ၈။ | သိပ်ဆိုးတဲ့ ရှဉ့်လေး | ၄၆ |
| ၉။ | ပန်းရောင်မျောက်လေး | ၅၀ |
| ၁၀။ | ဒေစီပန်းပင်လေး | ၆၀ |
| ၁၁။ | နတ်လေချွန်နဲ့ ကလေးများ | ၆၄ |
| ၁၂။ | အစသန်တဲ့ ဦးကပ်ဖဲ့ | ၇၅ |
| ၁၃။ | ဟိုဟိုရဲ့လှည့်ကွက် | ၈၁ |
| ၁၄။ | ဒေါ်တောက်တောက် | ၈၉ |
| ၁၅။ | P နှင့် Q တိုင်းပြည် | ၉၃ |
| ၁၆။ | ပျားရည်ခိုးတဲ့ ဝက်ဝံလေး | ၁၀၈ |
| ၁၇။ | အပြန်အလှန်ကူညီမယ် | ၁၁၄ |
| ၁၈။ | ကြွက်နဲ့ခရု | ၁၂၄ |


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# ပဥ္စလက်ချုပ်အပ်

***ကိုညစ်နဲ့ကိုလစ်*** ဟာ အပ်ချုပ်သမားတွေပါ။ သူတို့ဟာ လေညင်း ကျေးရွာနဲ့ အခြားရွာနီးချုပ်စပ်တွေက ကျေးလက်လူထုအတွက် ကုတ်အင်္ကျီတွေ ဝတ်ရုံတွေ ချုပ်ပေးကြပါတယ်။

"ငါတို့အလုပ်အတွက် အခကြေးငွေ လုံလုံလောက်လောက် မရပါလား၊ ငါတို့အနေနဲ့ ဒီ့ထက်မက အများကြီး ပိုရသင့်တယ်ကွ"လို့ ကိုညစ်က မကျေမနပ်နဲ့ ပြောပါတယ်။

"ဟုတ်တယ်၊ ငါတို့သာ ထိုက်ထိုက်တန်တန် ရခဲ့မယ်ဆိုရင် ငါတို့ လက်ရာကောင်းတာကြောင့် မော်တော်ကားလေးတစ်စီးလောက်တော့ ရနေ လောက်ပြီ"

လို့ . . . ကိုလစ်ကပြောတယ်။

"မော်တော်ကား ဟုတ်လား၊ မင်းကတော့ ဒီအကြောင်းပဲ အမြဲပြော နေတော့တာပဲ၊ ငါလိုချင်တာက မြစ်ထဲရွက်လွှင့်ဖို့ ချစ်စရာလှေလေးကွ" လို့ ကိုညစ်ကဆိုတယ်။

"တတ်ယောင်ကား" လို့ကိုလစ်ကပြောပြီးဆိုင်ထဲကို အထည်အပ် မယ့်သူ ဝင်လာလို့ စကားရပ်လိုက်ပါတယ်။ ဝင်လာတာကတော့ နတ်သူငယ် လေး ဖိုးဆူပါ။ သူဟာ ကုတ်အင်္ကျီကို စားပွဲပေါ်ပစ်တင်လိုက်တယ်။

"ဟောဒီမှာကြည့်စမ်းပါဦး၊ပြန်ဆိုးသွားပြန်ပြီ၊တစ်နေ့တည်းနဲ့ ကြယ် သီးတွေ အကုန်ပြုတ်ထွက်ပြီး ကော်လံကလဲ မတောင့်တော့ဘူး၊ ခင်ဗျားတို့ အသုံးမကျမှုကြောင့် ခင်ဗျားတို့ ချုပ်ခများများမရတာ မအံ့သြပေါင်ဗျာ"

သူဟာ စိတ်ဆိုးစွာကြည့်ပြီး ဟန်နဲ့လျှောက်ထွက်သွားတယ်။

"လေပေါ့"လို့ ကိုလစ်က ရေရွတ်ပြီး ကုတ်အင်္ကျီကို ကောက်ကိုင် လိုက်တယ်။ "အခုဆို ဒီအသုံးမကျတဲ့ ကြယ်သီးတွေကို ငါအကုန်ပြန်တပ်ရ



www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စလက်ချုပ်အာပ်

**ကိုညစ်နဲ့ကိုလစ်** ဟာ အပ်ချုပ်သမားတွေပါ။ သူတို့ဟာ လေညင်းကျေးရွာနဲ့ အခြားရွာနီးချုပ်စပ်တွေက ကျေးလက်လူထုအတွက် ကုတ်အင်္ကျီတွေ ဝတ်ရုံတွေ ချုပ်ပေးကြပါတယ်။

"ငါတို့အလုပ်အတွက် အခကြေးငွေ လုံလုံလောက်လောက် မရပါလား၊ ငါတို့အနေနဲ့ ဒီ့ထက်မက အများကြီး ပိုရသင့်တယ်ကွ"လို့ ကိုညစ်က မကျေမနပ်နဲ့ ပြောပါတယ်။

"ဟုတ်တယ်၊ ငါတို့သာ ထိုက်ထိုက်တန်တန် ရခဲ့မယ်ဆိုရင် ငါတို့လက်ရာကောင်းတာကြောင့် မော်တော်ကားလေးတစ်စီးလောက်တော့ ရနေလောက်ပြီ"

လို့ . . . ကိုလစ်ကပြောတယ်။

"မော်တော်ကား ဟုတ်လား၊ မင်းကတော့ ဒီအကြောင်းပဲ အမြဲပြောနေတော့တာပဲ၊ ငါလိုချင်တာက မြစ်ထဲရွက်လွှင့်ဖို့ ချစ်စရာလှေလေးကွ" လို့ ကိုညစ်ကဆိုတယ်။

"တတ်ယောင်ကား" လို့ကိုလစ်ကပြောပြီးဆိုင်ထဲကို အထည်အပ်ခယ့်သူ ဝင်လာလို့ စကားရပ်လိုက်ပါတယ်။ ဝင်လာတာကတော့ နတ်သူငယ်လေး ဖိုးဆူပါ။ သူဟာ ကုတ်အင်္ကျီကို စားပွဲပေါ်ပစ်တင်လိုက်တယ်။

"ဟောဒီမှာကြည့်စမ်းပါဦး၊ပြန်ဆိုးသွားပြန်ပြီ၊တစ်နေ့တည်းနဲ့ ကြယ်သီးတွေ အကုန်ပြုတ်ထွက်ပြီး ကော်လံကလဲ မတောင့်တော့ဘူး၊ ခင်ဗျားတို့ အသုံးမကျမှုကြောင့် ခင်ဗျားတို့ ချုပ်ခများများမရတာ မအံ့သြပေါင်ဗျာ"

သူဟာ စိတ်ဆိုးစွာကြည့်ပြီး ဟန်နဲ့လျှောက်ထွက်သွားတယ်။

"လေပေါ့"လို့ ကိုလစ်က ရေရွတ်ပြီး ကုတ်အင်္ကျီကို ကောက်ကိုင်လိုက်တယ်။ "အခုဆို ဒီအသုံးမကျတဲ့ ကြယ်သီးတွေကို ငါအကုန်ပြန်တပ်ရ




www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက်ခင်မှာပဲ ချုပ်အပ်ဟာ ကိုလစ်ရဲ့အိပ်ရာက စောင်တွေကို ကုတ်အင်္ကျီချုပ်ရင်း အလုပ်ရှုပ်နေတယ်။ ဒါပေမယ့် ကိုလစ်ဟာ ဒါတွေအပေါ်မှာ အိပ်ပျော်နေတာမို့ ချုပ်အပ်အဖို့ ချုပ်ရခက်နေတယ်လေ။ သူဟာ ကိုလစ်ကို ဝန်းရာပြီး ကုတ်အင်္ကျီတွေအားလုံးကို ပေါင်းချုပ်လိုက်တယ်၊ ပြီးတော့ အိပ်ရာခင်းအစပ်မှာ အိတ်ကြီးလိုမျိုး ခြေအိတ်တွေကို ချုပ်ပစ်လိုက်တယ်။ ကိုလစ်ကတော့ ဒီအပုံထဲရောက်နေလို့ သာမှမသိနိုင် မမြင်နိုင်ဘူး။

သူဟာနိုးလာပြီး တုန်လှုပ်သွားတယ်။ ဘာတွေဖြစ်ကုန်ကြတာလဲ၊ သူဘယ်ရောက်နေတာလဲ၊ သူ့ဟာ ကိုညစ်ကိုလှမ်းခေါ်တယ်။ ဒါပေမယ့် ကို



ညစ်လဲ အချုပ်ခံနေရပြီလေ၊ သူ့စောင်တွေကို ကုတ်အင်္ကျီတစ်ဒါဇင် ချုပ်လိုက်ပြီး ထောင့်စွန်းတိုင်းကို စောင်ထူကြီးနဲ့ ချုပ်လိုက်တယ်။

"ကယ်ကြပါ ကယ်ကြပါ"

ကိုလစ်နဲ့ ကိုညစ်ဟာ အော်ဟစ်တုန်လှုပ်ပြီး သူတို့နှစ်ယောက်စလုံးဟာ အိပ်ရာပေါ်ကဝုန်းခနဲ လိမ့်ချလိုက်ကြတယ်။ဘယ်လောက်ကြောက်စရာကောင်းတဲ့ညလဲ။ ချုပ်အပ်ဟာ သူတို့ကို ထုပ်ပိုးချုပ်လုပ်ရင်း အပ်ချွန်နဲ့ထိုးသတ်မိတယ်။ ဒါကြောင့် သူတို့ဟာ ပိုကျယ်လောင်စွာ အော်ကြပြန်တယ်။

www.burmeseclassic.com



သူတို့ဟာ တံခါးဆီကို လိုမ့်သွားကြတယ်။ သူတို့ဟာ လှေကားပေါ်က ဆင်းရာ လမ်းတစ်လျှောက်မှာ အကုန်လုံးကို ဝင်တိုက်မိတယ်ကွယ်။

"ငလစ်ရေ၊ ငါတို့တံခါးအပြင်ဘက်ကို လိမ့်ဆင်းပြီး ခြံဝကိုရောက်အောင်သွားမှပဲ၊ ဒါမှ ငါတို့ အကူအညီရမှာ၊ အခုမနက်ရောက်ပြီ၊ ဘာလို့လဲဆိုတော့ နို့ပို့သမား လာနေတဲ့အသံ ငါကြားရတယ်"လို့ နောက်ဆုံးမှာ ကိုညစ်က အော်ပြောတယ်။

သူဟာ တံခါးဝကို ခက်ခဲစွာ လိမ့်သွားပြီး တွန်းဖွင့်လိုက်တယ်။ ကိုလစ်နဲ့ ကိုညစ်ဟာ အပြင်ရောက်လာကြတယ်၊ စောင်တွေထုပ်ပိုးထားတဲ့ သူတို့ကို ကြည့်ရတာ ထူးဆန်းနေတာပေါ့။ ခြေအိတ်တွေလဲ ဘေးမှာ ကပ်ပါသေးတယ်။ နို့သမားဟာ အံ့သြသွားတယ်။ သူဟာ နို့ပုံးကိုပစ်ချပြီး မျက်လုံးမျက်ဆံပြူးကာ ရပ်ကြည့်နေမိတယ်။

"ကယ်ကြပါ၊ ကယ်ကြပါ"လို့ သူကအော်ပါရော။ "ဟောဒီမှာ သိပ်ထူးဆန်းတဲ့ ဟာတွေဖြစ်နေပါတယ်ခင်ဗျာ"

သိပ်မကြာခင်မှာပဲ အိမ်နီးနားချင်းတွေ ရောက်လာပြီး ဘာဖြစ်နေသလဲ လာကြည့်ကြတယ်။ ကိုညစ်က သူတို့ကို ပဥ္စလက်ချုပ်အပ်ရဲ့ အစွမ်းကို ပြောပြပြီး ချုပ်ထားတာ ဖြေပေးပြီး သူတို့ကို ထွက်နိုင်အောင် လုပ်ပေးဖို့ အကူအညီတောင်းခံတယ်။





www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူဟာ စောင်နဲ့အင်္ကျီပုံကြားက လွတ်လာပြီး နေရောင်ထဲမှာ ထရပ်ကာ မျက်စိပေကလပ်နဲ့ လုပ်နေတယ်။ ကယ်တော်မူပါ၊ သူဟာ သူ့ခန်းဆီးတွေလက်နှီးစတွေ စားပွဲခင်းတွေနဲ့ အရာအားလုံးကုတ်အင်္ကျီ ဖြစ်နေတာ တွေ့ရတော့ ကျယ်လောင်စွာ ငိုကြွေးတော့တယ်။ ကိုလစ်လဲ ဒီလို ပါပဲ။

"ချုပ်အပ်က လုပ်နေတုန်းပဲဟ"လို့ ကိုလစ်က ရုတ်တရက်အော် ပြောတယ်။ "ကြည့်စမ်း၊ သူကငါတို့ဗီရိုတွေ အံဆွဲတွေဆီသွားပြီး တို့ဘောင်းဘီ တွေအင်္ကျီတွေနဲ့ အကုန်လုံးကို ကုတ်အင်္ကျီတွေ လုပ်နေပါရောလား"

"ငါတို့ ဒီအပ်ကို အဘွားကြီးဆီ ပြန်ပို့ရမယ်"လို့ ကိုညစ်က မျက်ရည်တွေ စီးကျလာပြီး ပြောတယ်။ "လာစမ်းပါ၊ ဒီအပ်က ဆက်လုပ်နေ ရင် ငါတို့အဖို့ မကောင်းတော့ဘူး၊ တို့ဆုံးရှုံးသွားလိမ့်မယ်"

ဒါကြောင့် သူတို့ဟာ အပ်ကိုပြန်ယူသွားကြတယ်။ အဘွားကြီး အပြင်ထွက်နေပါစေလို့ သူတို့ဆုတောင်း သွားကြတယ်။ ဒါပေမယ့် မဟုတ်ဘူး ကွယ့်၊ အဘွားကြီးက သူတို့ကို စောင့်နေတယ်လေ။ သူကကိုလစ် အပ်ချင်းလဲ သွားတာကို သိနေတယ်၊ သူ့မျက်လုံးတွေက သိပ်ပါးလို့ အပ်ကိုခွဲခြားသိနိုင် တယ်လေ။

ဒါဆို ဘာဖြစ်မလဲ စဉ်းစားကြည့်ကြပေါ့။ ကိုလစ်နဲ့ ကိုညစ်တို့ ဘာကြောင့် အိမ်ကိုညည်းညူရင်း ပြန်ရောက်လာပြီး တစ်ပတ်လုံး သူတို့ကြည့် ရတာ ဝမ်းနည်းနေပုံပေါက် နေရတာတဲ့လဲ။ အပ်ကချုပ်ခဲ့တဲ့ အင်္ကျီတွေကို ဘယ်သူမှ ဝယ်မှာမဟုတ်ပါ။ လူတွေက ပဥ္စလက်ကုတ်အင်္ကျီတွေကို ကြောက် နေကြပြီလေ။ ဒါကြောင့် ကိုညစ်အဘွားရဲ့ အပ်ဟာ သူတို့ကို ကောင်းကျိုး မပေးခဲ့ပါလို့ ဆိုရမှာပါပဲ။ သူတို့ရဲ့ စားပွဲခင်းတွေ ခန်းဆီးတွေ အဝတ်စတွေ ဟာကုတ်အင်္ကျီ ဖြစ်သွားကြပြီမို့ နဂိုအတိုင်း ပြန်ဖြစ်စရာ လမ်းမမြင်တော့ပါ။

ဒီအပ်က သူတို့ကို မပျင်းဖို့ သင်ပေးလိုက်တာပဲ မဟုတ်လား။

www.burmeseclassic.com


www.burmeseclassic.com



## ဖားလောင်းလေးတွေအကြောင်း

တစ်ခါက တင်မီလို့ခေါ်တဲ့ ကောင်လေးတစ်ယောက်ရှိတယ်။ သူဟာ တစ်နေ့မှာ ဖားတချို့ ဥတွေဥခဲ့ရာ ရေကန်ငယ်မှာ ငါးသွားမျှားတယ်။ သူတို့ဟာ သားငါးကော်ရည်ထဲမှာ နေခဲ့ဖူးကြတယ်။ အခုတော့ နွေးထွေးတဲ့ နေရောင်အောက်မှာ ဒီကော်ရည်ဟာ အရည်ပျော်သွားခဲ့တယ်။ ဥတွေဟာလဲ သေးငယ်လှတဲ့ အနက်ရောင် ဖားလောင်းလေးတွေအဖြစ် ပေါက်လာခဲ့ပါပြီ။

သူတို့ဟာ ရေကန်ထဲမှာ တွန့်လိမ်ပြီး ရေကူးကြတယ်။ သူတို့ အမြီးနဲ့ခေါင်းတွေအားလုံးဟာ ထူးဆန်းတဲ့ အရာလေးတွေပေါ့။ တင်မီက သူတို့ကို ကြည့်ကာ အံ့သြနေတယ်။ သူဟာတချို့ကို ကရားထဲထည့်ပြီး အိမ်ကိုသယ်လာတယ်၊ သူတို့အလိုရှိရင် တွယ်ကပ်ဖို့ ရေမှော်တွေလဲ ယူလာတယ်။



"ကြည့်ပါဦး မေမေ၊ ဟောဒါဘာတွေလဲ၊ ဒီအနက်ရောင် တွန့်တွန့်လေးတွေကို ကျွန်တော်ယူလို့ ရမလား"လို့ သူကပြောတယ်။

"ရတယ်၊ သိပ်ရတာပေါ့၊ ဒီမှာ တင်မီ ဖားတွေကို မင်းမကြိုက်ဘူးလား၊ ဒီတွန့်နေတဲ့ အကောင်လေးတွေဟာ ဖားတွေအဖြစ် ပြောင်းသွားကြလိမ့်မယ်၊ တကယ်လို့ မင်းသာ သူတို့ကို သင့်တော်သလို ဂရုစိုက်ပေးရင် အံ့သြစရာတွေဖြစ်လာမှာပဲ"လို့ သူ့အမေက ရှင်းပြတယ်။

"ကောင်းလိုက်တာ၊ သူတို့ဖားအဖြစ် ပြောင်းသွားတာကို စားစောင့်ကြည့်ချင်တယ်"လို့ တင်မီကပြောတယ်။ သူတို့ဘယ်လိုဖြစ်လာမလဲဆိုတာ

www.burmeseclassic.com



သူစိတ်မကူးတတ်ဘူးလေ။ "ဒါပေမယ့် သိပ်အများကြီး သားယူထားရမလား မေမေ၊ သားကဖားတွေကို ကြိုက်တာ အမေသိသားနဲ့"

"ကောင်းပြီလေ၊ မင်းကဖားလောင်းလေးတွေ အများကြီးကို ကရားလေးထဲမှာ မွေးထားမယ်ဆိုရင် သူတို့အားလုံးသေသွားမှာပေါ့၊ အသက်ရှူဖို့ ရေထဲမှာ လေအလုံအလောက် မရတဲ့အတွက်လေ"လို့ သူ့အမေ ကပြောပါတယ်။ "ငါးကောင်ခြောက်ကောင်ပဲ ချန်ထားပြီးကျန်တာတွေကို ရေကန်ထဲ ပြန်လွှတ်ပေးလိုက် တင်မီ၊ ပြီးရင် ကျန်တဲ့ကောင်တွေကို မင်းမွေးပေတော့"

ဒါကြောင့် တင်မီဟာ သူ့ကရားထဲမှာ ငါးကောင်ချန်ထားခဲ့ပြီး ဂရုတစိုက်စောင့်ကြည့်ပါတယ်။ သူ့အမေက သူတို့ကိုကျွေးဖို့ အစာကိုအပ်ချည်နဲ့ ဘယ်လိုဖမ်းပြီး ကရားထဲဆွဲချပေးထားရမယ်ဆိုတာ လုပ်ပြတယ်။ ပြီးရင် သူဟာ ကြိုးကို ဆွဲတင်ပြီး ရေထဲမှာ အနံ့အသက်တွေ မဆိုးအောင် လုပ်ပေးရပါတယ်။ သူဟာ ဖားလောင်းတွေကြိုက်တဲ့ ရေမှော်တွေကိုတော့ ချန်ထားခဲ့ပါတယ်။

တစ်နေ့မှာတော့ သူဟာသူတို့ကို နေရောင်အောက်က ကရားထဲကို ထည့်ပေးပါတယ်။ နေအပူက ရေကိုနွေးစေပြီး မကြာခင်ပဲ ဖားလောင်းလေးတွေဟာ ရေမျက်နှာပြင်ပေါ်ကို တက်လာပြီး သူတို့ကြည့်ရတာ သေလုမျောပါးပုံပြောင်းသွားခဲ့ပါတယ်။ တင်မီဟာ သူ့အမေဆီ ချက်ချင်းပြေးသွားပါတယ်။

"တင်မီရယ် သူတို့ကို နေထဲမှာဖြည်းဖြည်းချင်း ထည့်ပြုတ်နေသလို ဖြစ်နေတာပေါ့၊ သနားစရာသတ္တဝါလေးတွေပါကွယ်"လို့ သူ့အမေကပြောပြီး အေးမြတဲ့ နေရာကို သူတို့ကို ရွှေ့ပေးကာ ကရားထဲကို ခပ်အေးအေးရေလဲ ထည့်ပေးဖို့ပြောပါတယ်။ "သနားစရာ သတ္တဝါလေးတွေပါ၊ ငါသူတို့ကို မသေစေချင်ဘူးကွယ့်၊ ကလေးတွေက သူတို့ကို နေပူထဲ ပစ်ထားလို့ ရာပေါင်းများစွာ သနားစရာဖားလောင်းလေးတွေဟာ အပြုတ်ခံရသလိုဖြစ်ပြီး နှစ်တိုင်း သေကုန်ကြတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com




"ကျွန်တော် မစဉ်းစားမိဘူး၊ သူတို့အဆင်ပြေပါစေ မေမေ၊ သားသူတို့ကို သိပ်သဘောကျတယ်"လို့ တင်မိက ဝမ်းနည်းပန်းနည်း ပြောရှာတယ်။

သူတို့မသေပါဘူး။ သူတို့ဟာ ရေအေးထဲရောက်ချိန်မှာ ပိုကောင်းလာကြပါတယ်။ ဒါကြောင့်တင်မိဟာ ဖားလောင်းလေးတွေ ပြောင်းလဲပုံကို စောင့်ကြည့်ခွင့်ရခဲ့ပါတယ်။ ခေါင်းလေးတွေ အမြီးကလေးတွေနဲ့ သေးငယ်တဲ့ ဖားလောင်းကလေးတွေဟာ ခြေထောက်လေးချောင်းနဲ့ ပုအိုင့်အိုင့်ကိုယ်လုံးနဲ့ ဖားလေးတွေ ဖြစ်လာကြပါတယ်။ သူတို့နောက်ခြေတွေဟာ ကြီးထွားလာပြီး ရှေ့ခြေတွေပါ ကြီးထွားလာပါတယ်။ သူတို့ အမြီးတွေ တိုလာပါတယ်။ တင်မိဟာ သူတို့ကို နေ့စဉ်စောင့်ကြည့်နေတာမို့ သိခဲ့ရပါတယ်။ သူဟာ သူတို့ တွယ်တက်နိုင်ဖို့ ဖော့ဆို့တစ်ခု ချပေးပါတယ်။ ဖားလေးတွေဖြစ်လာတော့ သူတို့ဟာလေထဲမှာ အသက်ရှူရတာကို ကြိုက်ပါတယ်။

ပြီးတော့ သူဟာသူတို့ကို ခြံထဲမှာ ချပေးလိုက်တာမို့ သူတို့အတွက် နေစရာ နေရာအသစ်တွေ ရစေပါတယ်။

"ငါတွေးတဲ့ ပိုးလောက်လန်းတွေ ယင်ကောင်တွေကိုစားပါ၊ ငါဟာ မင်းတို့ရဲ့ မိတ်ဆွေဖြစ်ခဲ့တယ်၊ အခု မင်းတို့ကလဲ ငါ့သူငယ်ချင်း ဖြစ်လာပြီလေ"

ဖားလေးတွေ ပြောင်းလာတာကို ကြည့်ရတာ မင်းတို့လဲကြိုက်ကြမှာပါ။ ဒါဆိုရင်တော့ တင်မိလုပ်သလို ကရားလေးထဲမှာ ဖားလောင်းလေး နည်းနည်းမွေးထားလိုက်ပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရွှေယုန်မိသားစု

တစ်ခါက မိခင်ယုန်မကြီးရဲ့ လျှို့ဝှက်တွင်းထဲမှာ ရွှေယုန်လေး သုံးကောင်တောင်ရှိပါသတဲ့။ သူဟာအစတုန်းက ဖခင်ရွှေယုန်ကြီးကို ဒီတွင်းထဲ ဝင်ခွင့်မပြုခဲ့ပါဘူး။ သူဟာ ဒီနေရာမှာ လှဲလို့ သူ့ရဲ့ယုန်ငယ်လေးတွေကို နွေးထွေးပြီး သက်သောင့်သက်သာရှိအောင် ပြုစုပေးပါတယ်။ ဒီတွင်းဟာ တွင်းကောင်းတစ်ခုပါ၊ တွင်းထဲမှာ မြက်ခြောက်တွေ သားမွေးတွေ ခင်းထားပါတယ်။

အစမှာတော့ ယုန်လေးတွေကြည့်ရတာ သိပ်အရုပ်ဆိုးပြီး ထူးဆန်းတာပဲ။ သူတို့မှာ အမွေးလဲ မရှိဘူး၊ မျက်လုံးတွေလဲ ပိတ်နေတုန်းပဲလေ။ ဒါပေမယ့် သိပ်မကြာခင်မှာပဲ သူတို့ဟာပျော့ပျောင်းလာပြီး အညိုဖျော့ဖျော့ သားမွေးတွေ ပေါက်လာကာ သူတို့အမေနဲ့ တူလာကြတယ်။ သူတို့ဆယ်နှစ်ရက်သား အရွယ်မှာတော့ မျက်လုံးတွေပွင့်လာကြပါတယ်။ မိခင်ယုန်မကြီးလဲ ဝမ်းသာသွားတယ်။

“မကြာခင် မင်းတို့အမေနဲ့ အပြင်လိုက်ထွက်ကြရတော့မယ်”လို့ သူကလေးတွေကို ပြောတယ်။ “အပြင်လောကက သိပ်ကောင်းတယ်ကွယ့်၊ အဲဒီနေရာမှာ စားစရာ မြက်တွေရယ်၊ နွေးထွေးပျော်ရွှင်စေတဲ့ နေရောင်ရယ် ရှိတယ်”

“အခုရော ကျွန်တော်တို့ အမေနဲ့လိုက်လို့မရသေးဘူးလား”လို့ အကြီးဆုံးယုန်လေးတစ်ကောင်ဖြစ်တဲ့ ဖိုးပျော့က မေးတယ်။ သူ့အမေက သူတို့ သိပ်ငယ်လွန်းသေးတဲ့အတွက် မရဘူးလို့ ပြောပါတယ်။

သူတို့သုံးပတ်သားမှာတော့ မိခင်ယုန်မကြီးဟာ သူတို့ရဲ့ ပထမဆုံး စွန့်စားခန်းအနေနဲ့ တွင်းထဲကနေ အပြင်ထွက်လို့ရပြီလို့ ပြောတယ်။ ယုန်လေးတွေကလဲ အရမ်းကို စိတ်လှုပ်ရှားသွားတယ်။ အများအားဖြင့် သူတို့အမေ



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ထဲ ပြေးလွှားနေချိန်မှာ သူဟာ သူတို့ရဲ့ တွင်းပေါက်ကို ခိုင်ခိုင်ခံ့ခံ့ ပိတ်ထားခဲ့တာမို့ ဘယ်ရန်သူမှအထဲမဝင်နိုင်ဘူး၊ ပြီးတော့ ယုန်လေးတွေလည်း အပြင်ကိုမထွက်နိုင်ကြဘူးပေါ့။ ဒါပေမယ့် ဒီတစ်ခါတော့ ယုန်မကြီးဟာ အပေါက်ကို မပိတ်တော့ဘူး။ သူဟာ တွင်းပေါက်ကို ဖွင့်ထားခဲ့တာမို့ သူတို့ အားလုံးသူ့နောက်က လိုက်လာနိုင်ကြပြီ။

သူတို့အားလုံးဟာ ကုတ်ကပ်ထွက်လာကြတယ်။ သူဟာ သူတို့ကို နက်မှောင်တဲ့ မြောင်းထဲက ဦးဆောင်ပြီး တောင့်ချုံးတွေမှာ ကွေ့ပတ်ကာ အခြားမြေတွင်းတစ်တွင်းထဲ ခေါ်လာတယ်။ ယုန်လေးတွေဟာ သူ့နောက်ကနေ သတိထားပြီး လိုက်ကြရတယ်။ သူတို့ဟာ အမှောင်ထဲမှာ သူ့ရဲ့ အမြီးတိုတို ကိုပဲ မြင်ရတယ်ကွယ့်။ "မင်းတို့အားလုံးရှိကြသလား၊ ဖို့ပျော့၊ မြီးတို၊ ဖိုးပု၊ ဖိုးနု"လို့ သူကခေါ်ကြည့်တယ်။

"ဟုတ်ကဲ့ ... ကျွန်တော်တို့ ဒီမှာပါအမေ"လို့ သူတို့က ပြန်ထူးတယ်။ ပြီးတော့ သူတို့ပြေးလွှားနေတဲ့တွင်းဟာ ပိုလင်းလင်းလာသယောင် ထင်ရပြီး ရုတ်တရက်ပဲ ယုန်အားလုံးဟာ ညနေခင်းနေရောင်ထဲကို ထွက်လာကြတယ်။

ယုန်လေးတွေဟာ မျက်မှောင်တွေကြုတ်လို့ နည်းနည်းလန့်နေကြတယ်။ သူတို့က အမှောင်ထဲမှာပဲ နေခဲ့ကြရတာကိုး။ သူတို့ဟာ တောက်ပတဲ့ အလင်းရောင်ကို နားမလည်ဘူး၊ ပြီးတော့ အစိမ်းရောင်မြက်တွေ၊ တေးဆိုနေတဲ့ ငှက်တွေနဲ့ တခြားယုန်တွေကိုပါ တွေ့ရတယ်။

"ဒါ ငါ့ကလေးတွေပဲ"လို့ ယုန်ကြီးတစ်ကောင်က ပြောပြီး သူတို့မိသားစုဆီ ပြေးလာတယ်။ "ကောင်းတယ်၊ သူတို့ကြည့်ရတာ သိပ်ငယ်တာတစ်ခုပဲ၊ အကျန်းကောင်းပါစေလို့ မျှော်လင့်ရတာပဲ"





www.burmeseclassic.com

www.burmeseclassic.com



"ကလေးတို့ ဟောဒါ မင်းတို့အဖေလေ၊ သူကမင်းတို့ကို အများကြီး သင်ပြပေးလိမ့်မယ်၊ သူပြောတာကို ဂရုတစိုက် နားထောင်ကြ"လို့ ယုန်မကြီး ကပြောတယ်။

"ပထမဦးဆုံး သင်ရမှာကတော့ ငါ ဒီအသံ ပြုလိုက်ချိန်မှာ ဘာလုပ်ရမလဲဆိုတာပဲ"လို့ ယုန်အဖေကြီးကပြောတယ်။ သူဟာ သူ့နောက်ခြေထောက်နဲ့ မြေကြီးပေါ်ကို ရုတ်တရက် ရိုက်ပုတ်လိုက်တယ်။ ယုန်လေးတွေက လန့်ဖျပ်သွားတယ်။

"ဒီအသံက အနားမှာ အန္တရာယ်ရှိနေပြီဆိုတာကို ပြောတာပဲ၊ မင်းတို့ကို စားမယ့် မြေခွေးတစ်ကောင်လဲ ဖြစ်နိုင်တယ်၊ ဒီအသံကြားတာနဲ့ မင်းတို့အမေကို လှည့်ရှာရမယ်၊ သူ့တွင်းဆီပြေးနေတာ သူ့အမြီးကို အထက်အောက်ယမ်းနေတာ တွေ့တာနဲ့ သူ့အမြီးနောက် လိုက်သွားပေတော့၊ ဒါဆိုလုံခြုံမှာပဲ၊ သူကမင်းတို့ကို တွင်းထဲခေါ်သွားလိမ့်မယ်"

"ဟုတ်ကဲ့ အဖေ"လို့ ယုန်လေးတွေက ပြောတယ်။ သူတို့ဟာ ကစားဖို့ ပြေးသွားကြတယ်၊ ပျော်စရာပါပဲ။ သူတို့ဟာ သူတို့အမေလုပ်သလို မြက်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကိုက်စားကြတယ်။ သူတို့ဟာ သူတို့အဖေ လယ်ကွက်တစ်ခုက သယ်လာခဲ့တဲ့ မုန်လာဥကို ဖွဲ့စားကြတယ်။ သူတို့ဟာ ပျော်မြူးလှစွာနဲ့ ခုန်ပေါက်ပြေးလွှားကစားကြတယ်။" ပြီးတော့ ရုတ်တရက်ပဲ မြေပေါ်ကို ရိုက်ပုတ်တဲ့ အသံကို ကြားလိုက်ရတယ်။

သူတို့ဟာ ထိန့်လန့်စွာလှည့်ကြည့်လိုက်ကြတယ်။

"မြေခွေး၊ မြေခွေး"လို့ ပိုကြီးတဲ့ယုန်တစ်ကောင်က လှမ်းအော်တယ်။ တစ်ကောင်က သူတို့အမေပြေးသွားတာမြင်တော့ သူတို့ဟာ သူတို့အမေရဲ့ အဖြူရောင်အမြီးတိုနောက်ကို ပြေးလိုက်သွားကြတယ်။ သူတို့ဟာ သူ့နောက်လိုက်ရင်း တွင်းတစ်တွင်းထဲရောက်မှ လုံခြုံသွားတယ်။

"မင်းတို့သိပ်တော်တယ်၊ ပြော့စကားနားထောင်တဲ့ ကလေးတွေပဲ"လို့ သူတို့အမေကပြောတယ်။ "အခု အနားယူဖို့ အချိန်ကျပြီ၊ အမေနားအားလုံး လာပြီး အိပ်ကြ"

ပင်ပန်းနေတဲ့ ယုန်လေးတွေဟာ သူတို့ရဲ့ အမွေးထူထပ်ကြီးမားတဲ့ မိခင်ဆီကို တိုးဝှေ့ပြီး အိပ်ပျော်သွားကြတယ်။ ဘယ်လောက် ပျော်စရာကောင်းသလဲ။

နောက်နေ့ညနေကျတော့ သူတို့အမေဟာ သူတို့ကို အပြင်ထပ်ခေါ်ပြီး ဒီတစ်ခါမှာတော့ သူတို့ရဲ့ မချွန်သေးတဲ့ လက်သည်းတွေနဲ့ မြေကြီးပေါ်မှာဘယ်လို တူးဆွခြစ်ထုတ်ရတယ်ဆိုတာ သင်ပြပေးတယ်။

"တစ်နေ့မှာမင်းတို့ ကိုယ့်တွင်းကို ကိုယ့်ဘာသာတူးလာနိုင်ကြလိမ့်မယ်၊ ဟောဒီလို ဟောဒီလို တူးကြဆွကြ"လို့ သူကပြောတယ်။

သူတို့အားလုံးဟာ သူပြောသလို လိုက်လုပ်ကြတယ်။ ပြီးတော့ သူတို့ဟာ တစ်ခါထပ်ကစားကြပြန်တယ်။ သူတို့ဟာ တခြားယုန်လေးတွေကိုလိုက်ကြတယ်၊ တွင်းတွေထဲ လိုက်ဝင်ကြတယ်၊ မှောင်ပြီး ကွေ့ပတ်နေတဲ့ မြေတွင်းတွေအကြောင်း လေ့လာကြတယ်၊ မြေကိုရိုက်တဲ့ အသံကို ကြားနိုင်အောင် နားတွေ အမြဲစွင့်ထားကြတယ်။ ဒီအသံကြားတာနဲ့ တွင်းတွေထဲကို ခပ်မြန်မြန် ဝင်ပြေးကြတော့တာပဲ။ ဖိုးပျော့၊ မြီးတို၊ ဖိုးပု၊ ဖိုးနုတို့ကို ဘယ်မြေခွေးမှ မဖမ်းနိုင်ဘူးလေ။

အခုဆို သူတို့ဟာ ဝပြီးအမွေးထူတဲ့ ယုန်ကြီးတွေ ဖြစ်နေကြပြီပေါ့၊ သူတို့ကို ညနေတိုင်း တောင်ကုန်းဘေးမှာ မြင်ရတတ်ပါတယ်။ မင်းတို့ဘာသာ ရှာကြည့်ကြပါလား။

www.burmeseclassic.com

www.burmeseclassic.com





တော့မယ်၊ တို့မှာ ပဋ္ဌလက်ချုပ်အပ်တစ်ချောင်းလောက် ရှိပါစေလို့ ဆုတောင်းမိပါရဲ့ ငညစ်ရာ၊ အဲဒါလိုနေတာပဲ၊ ဒီပေမယ့် ဒီနေ့အထိတော့ ဒါမျိုးအပ်ကို ဘယ်သူမှ မကြားဖူးသေးပါဘူး”

“ပဋ္ဌလက်ချုပ်အပ် ဟုတ်လား”လို့ ကိုညစ်က စိတ်ဝင်တစားကြည့်ရင်း ပြောလိုက်တယ်။ “အဲဒါမျိုး အဘွားကြီးတစ်ယောက် သုံးဖူးတယ်၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

# မျော်ဆရာကြီးလာပြီ

တစ်ခါက မြင့်မားတောင်ကုန်းပေါ်က ဂူတစ်ဂူမှာ မျော်ဆရာကြီး *တစ်ယောက်နေလေ့ရှိတယ်။ ဒါပေမယ့် အချိန်အရမ်းကြာလာတော့ ဘယ်နတ်* သူငယ်မှ သူ့တောင်ကုန်းပေါ်က ဆင်းသွားသလား၊ တက်သွားသလား မှတ်မိတဲ့သူမရှိတော့ဘူးလေ။ ဒါပေမယ့် သူတို့ဈေးကပြန်လာချိန်တိုင်း တစ်ယောက်ကို တစ်ယောက် ပြောလေ့ရှိကြစမြဲ။ "ဂူလမ်းလူးလူး မျော်ဆရာကြီးသွားရှာပြီ၊ သိပ်ကောင်းတာပဲ၊ ငါတို့ ဈေးကိုသွားပြီး ပစ္စည်းတွေဝယ်တိုင်း သူကဂူထဲက ထွက်ပြီး တို့ကိုတားပြီးတော့ ကောင်းကောင်းအနိုင်ကျင့်တော့တာပဲ"

ပြီးတော့ သူတို့ရယ်ပါလေရော၊ ဘာလို့လဲဆိုတော့ ဂူထဲမှာ အခုဆို ဘယ်သူမှမရှိ မျော်ဆရာကြီးလဲ မရှိတော့လို့ပါ။

ဈေးသွားရာလမ်းဟာ တောင်ကုန်းကိုဖြတ်လို့ ဂူအိုကြီးဘေးနားက ကျော်သွားရပါတယ်။ နတ်သူငယ်တွေဟာ သောကြာနေ့တိုင်း ဈေးသွားပြီး သူတို့ကလေးတွေနဲ့ ဇနီးသည်တွေအတွက် ပစ္စည်းတွေ ဝယ်ပြန်လာရတာကို နှစ်သက်ကြတယ်ကွယ့်။ တစ်နေ့မှာ နတ်သူငယ်အသစ်တစ်ယောက်ဟာ အခြားသူတွေနဲ့အတူနေဖို့ တိုးတိုးတောအုပ်ထဲကို ရောက်လာပါတယ်။ သူ့အမည်ကတော့ မောင်ဟန်တဲ့၊ သူ့ပုံက တကယ်လည်း ဟန်ကျပန်ကျရှိပါတယ်။ သူဟာ ဈေးမှာ အားလုံးထက် အရောင်းအဝယ် ပိုလုပ်ရပါတယ်။

တစ်ခါက ဂူထဲမှာနေခဲ့တဲ့ မျော်ဆရာကြီး အကြောင်းကြားရတော့ အဲဒီအကြောင်း သူတွေးမိပါတယ်။ နောက်တစ်ခါ နတ်သူငယ်တွေ တောင်ကုန်းကဂူနားကို ကျော်သွားကြပြီး သူတို့အိမ်အတွက် ဈေးကပစ္စည်းကောင်းတွေ သယ်လာကြတော့ မောင်ဟန်ဟာ ပုံမှန်မှတ်ချက်ကို ကြားရပါတယ်။

"မျော်ဆရာကြီးမရှိတော့တာ သိပ်ကောင်းတယ်၊ ငါတို့ဈေးကို ပစ္စည်းသွားဝယ်ပြီး ပြန်လာတိုင်း သူက ဂူထဲက ခုန်ထွက်လာပြီး အနိုင်ကျင့်တော့တာပဲ"

www.burmeseclassic.com



ပြီးတော့ မောင်ဟန်ဟာ တည်ငြိမ်တဲ့အသံနဲ့ ပြောလိုက်တယ်။

"မှော်ဆရာကြီး ဝူလစ်လူးလူးဟာ ဒီနေရာနဲ့ မဝေးတဲ့ နေရာမှာ နေနေတုန်းပဲ၊ သူ့ကိုဒီရောက်မလာခင်ကတည်းက ကျွန်တော်သိတာပေါ့၊ သိပ် သဘောမကျစရာ လူကြီးပဲ၊ တစ်နေ့မှာ ဒီနေရာကို ပြန်လာမယ်လို့ ကျွန်တော့် ကို ပြောလိုက်သေးတယ်၊ အဲဒီကျရင် သူ့ဂူထဲမှာ ပုန်းနေပြီး ကျွန်တော်တို့ ဈေးက ပြန်လာချိန်တွေမှ ခုန်ထွက်ပြမယ်တဲ့"



လူတိုင်းက အလန့်တကြားကြည့်လိုက်ကြတယ်။ "ငါမယုံဘူးကွ"လို့ လူကောင်ကြီး သဘောကောင်းကောင်း နတ်သူငယ်လေး ဖိုးသန့်ကပြောတယ်။

"အိုး၊ မယုံဘူးလား၊ ကျုပ်ပြောနိုင်တာ ဒါအကုန်ပဲ၊ တကယ်လို့ မှော်ဆရာကြီး ကျုပ်တို့ကို စောင့်နေတာတွေ့ရရင် ဘယ်သူမဆို အော်ဟစ်ပြီး ပါလာတဲ့ ပစ္စည်းတွေပစ်ချလို့ တောင်ကုန်းပေါ်က ဆင်းပြေးရမှာပဲနော်"လို့ မောင်ဟန် ကပြောတယ်။

"အဓိပ္ပာယ်မရှိတာတွေ"လို့ ဖိုးသန့်ကအော်ပြောတယ်။

"ကျုပ်တော့ နားမလည်၊ တကယ်လို့ မှော်ဆရာကြီး ဒီမှာရှိနေသေး ဆိုရင်တော့ မောင်ဟန်ရဲ့ အကြံပဲကောင်းမယ်၊ ကျုပ်တို့ ပါလာတဲ့ လေးတဲ့ ပစ္စည်းတွေကို ပစ်ချပြီးမပြေးရင် မှော်ဆရာကြီးက ကျုပ်တို့ကို ဖမ်းသွား မှာပေါ့၊ ပစ္စည်းတွေချပြေးတာ ပိုကောင်းပါတယ်" လို့ ဖိုးဖြူကပြောတယ်၊

www.burmeseclassic.com



"သူပြောတာ ဟုတ်တာပဲ၊ ကျွန်တော်က ခင်ဗျားကို သတိပေးတာပါ
နောက်တစ်ခါ ကျွန်တော်တို့အားလုံး စောင့်ကြည့်ရမယ်၊ ပတ်ဝန်းကျင်မှာ
မှော်ဆရာကြီးရှိမရှိပေါ့၊ ကျွန်တော်ကတော့ သူရှိမယ်ထင်နေတယ်" လို့
မောင်ဟန်က ပြောတယ်။ ဖိုးသန်ဟာ မောင်ဟန်ကိုကြည့်ပြီး တွေးနေတယ်။
မှော်ဆရာကြီး လာမှာမဟုတ်ပါဘူး။ မောင်ဟန်ဟာ တခြားလူတွေကို
အကြောင်းပြချက်တွေ ပေးနေတယ်။ ဘာအကြောင်းရှိလို့လဲ၊ သူတွေးနိုင်မယ်
လို့ ဖိုးသန်က စဉ်းစားလိုက်တယ်။

နောက်ထပ်ဈေးဝယ်တဲ့ နေ့မှာတော့ ဖိုးသန်ကလွဲလို့ နတ်သူငယ်တွေ
အားလုံးဟာ ဈေးကိုပုံမှန်အတိုင်း သွားပြီးပြန်လာကြတယ်။ မောင်ဟန်လဲ
ထွက်သွားတယ်၊ သူတို့တောင်ကုန်းဆီ ပြန်လာပြီး တခြားဘက်ကနေ ဆင်းလာ
တော့ မှော်ဆရာကြီးကို ရှာကြည့်ကြတယ်။

ရုတ်တရက် မောင်ဟန်ကအကျယ်ကြီး အော်လိုက်တယ်။

"သူ ဟိုမှာဟေ့၊ သစ်ပင်တွေနောက်မှာ သူငါတို့ကို လှဲပြီးစောင့်နေ
တာတွေ့ရတယ်၊ မင်းတို့ပစ္စည်းတွေ ပစ်ချပြီးပြေးပေတော့၊ အမြန်ဆုံးပြေးကြ
ပေတော့" နတ်သူငယ်တွေဟာ ရူးရူးရှုရှုအော်ဟစ်မြည်တမ်းကြကုန်တယ်။





www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ သူတို့ပစ္စည်းတွေကို ချပြီး တောင်ကုန်းထိပ်ကနေ အမြန်ဆုံးနှုန်းနဲ့ ပြေးဆင်းသွားကြတယ်။

မောင်ဟန်ကလွဲလို့ အားလုံးပြေးဆင်းသွားကြတယ်။ မောင်ဟန်ဟာ သူတို့မြင်ကွင်းထဲက ပျောက်သွားတဲ့အထိ စောင့်ပြီးမှ ရယ်မောလိုက်တယ်။ သူဟာ ကျကျန်ခဲ့တဲ့ ပစ္စည်းကောင်းတွေကို ကောက်ယူပြီး အိတ်ကြီးတစ်လုံးထဲ သိပ်ထည့်လိုက်တယ်။

"ဘယ်လောက်မိုက်တဲ့ကောင်တွေလဲ"လို့ သူကပြောတယ်။ "သူတို့ ဒရောသောပါးပြေးပြီး ပစ္စည်းတွေကို ငါ့အတွက်ထားခဲ့ကြပြီ၊ ဒီဝန်းကျင်မှာ ဘာမှော်ဆရာမှ မရှိဘူးဟ . . . ငတုံးတွေရ"

အဲဒီနောက်မှာ ဂူနားက အသံနက်ကြီး တစ်သံကြားရလို့ သူဟာ ကြက်သီးထလုနီးပါးဖြစ်သွားတယ်။

"မောင်ဟန် . . . ဒီကိုလာခဲ့၊ ဒီပစ္စည်းတွေ ငါ့ဆီသယ်လာခဲ့စမ်း"

မောင်ဟန်ဟာ ဖြူရော်ရော်ဖြစ်သွားပြီး ထခုန်မိတယ်။ ဒါဘယ်သူလဲ၊ "ခင်ဗျားဘယ်သူလဲ"လို့ သူကအထစ်ထစ် အငေါ့ငေါ့ပြောလိုက်တယ်။

"မင်းတုခြားသူတွေကို ပြောပြခဲ့တဲ့သူပေါ့"လို့ အသံရှင်ကပြောတယ်။

"ဒီနေရာမှာ နေတဲ့သူလေ မောင်ဟန်ရဲ့၊ မှော်ဆရာကြီး ဝူလမ်လူးလူး ပေါ့၊ ပစ္စည်းတွေယူလာစမ်း မောင်ဟန် . . . မင်းဟာတွေပါ ယူလာခဲ့ဟေ့"

မောင်ဟန်ဟာ ထိန်လန့်ပြီး ငိုကြွေးမိတယ်။ တကယ်မှော်ဆရာကြီး ရှိနေပါလားလို့ သူတွေးလိုက်မိတယ်။ ကံဆိုးလိုက်တာ၊ ထိန့်လန့်တုန်လှုပ်နေတဲ့သူဟာ ပစ္စည်းအားလုံးကို ဂူဆီယူသွားပြီး အပြင်ဘက်မှာ ပစ်ချခဲ့တယ်။ ဂူအတွင်းမှာ သိပ်မှောင်လွန်းလို့ အထဲကိုသူမမြင်ရဘူး။

"အဲဒါတွေကို ဒီမှာထားခဲ့"လို့ အသံနက်ကြီးကပြောတယ်။ "ပြီးရင် အထဲဝင်ခဲ့စမ်း မောင်ဟန်၊ မင်းလိုမျိုး ခပ်ရှုပ်ရှုပ်နတ်သူငယ်တွေ ဘာဖြစ်ကုန် သလဲလာကြည့်လှည့်၊ ဝင်ခဲ့စမ်းဟေ့"

ဒါပေမယ့် မောင်ဟန်ဟာ မဝင်ရဲဘူး။ သူဟာ တောင်ကုန်းပေါ်က နေ ဈေးဆီပြန်ပြေးသွားတယ်။ သူဟာ တိုးတိုးတောအုပ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူးကွယ်။

အပြင်ဂူထဲက မှော်ဆရာကြီးဟာ မောင်ဟန်ငိုကြွေးတာ မြင်ရတော့ ကြိတ်ပြုံးမိတယ်။ သူအပြင်ထွက်လာတယ်၊ တကယ်တော့ သူဟာ မှော်ဆရာ ကြီးမဟုတ်ဘူး၊ နတ်သူငယ်ဖိုးသန်ပါပဲ။ သူဟာပစ္စည်းတွေပါတဲ့ အိတ်ကို



www.burmeseclassic.com

www.burmeseclassic.com





ကောက်ကိုင်ပြီး ကျယ်လောင်စွာရယ်ရင်းနဲ့ တောင်ကုန်းပေါ်ကနေ မြို့ကို ဆင်းသွားပါတော့တယ်။

တခြားနတ်သူငယ်တွေက သူ့ကိုစိတ်ဝင်တစား ဝိုင်းကြည့်ကြတယ်။

"ဖိုးသန်ရ၊ ငါတို့ပစ္စည်းတွေ မင်းဘယ်လိုရလာသလဲ"

"ဟော့ ဖိုးသန်၊ မှော်ဆရာကြီးကို တွေ့ခဲ့ရသလား"

"ဟော့ဖိုးသန်၊ ခင်ဗျားကြောက်သေးလား"

"ဟင့်အင်း"လို့ ဖိုးသန်ကထပ်ရယ်ပြီးဖြေတယ်။

"မှော်ဆရာကြီးဟာ တစ်နေ့မှာ သူ့မှော်အစွမ်းတွေအားလုံး ပျောက်ဆုံးသွားလို့ ငါ့အဘွားဆီ အလုပ်လုပ်ဖို့သွားပြီကွ၊ အဲဒီမှာ သူနေတုန်းပဲ၊ အဘွားဥယျာဉ်ထဲမှာတူးဆွပြီး တစ်နေ့လုံး ရေလောင်းပြီး အပင်စိုက်နေရတယ်၊ အဲဒါ မှော်ဆရာကြီး ဂူလမ်လူးလူးအစစ်ပဲ၊ ငါတို့က သူ့ကို ဂူလီလို့ပဲ အတိုကောက် ခေါ်တယ်၊ သူဟာ ပျံလဲမပျံနိုင်တော့ဘူး"

"မင်းဟာ မှော်ဆရာတွေထက် ပိုကောင်းပါတယ် ဖိုးသန်ရယ်၊ မောင်ဟန်တော့ ဒီကိုပြန်လာမယ်မထင်ဘူး"လို့ သူ့မိတ်ဆွေတွေက ပြောတယ်။

သူပြန်မလာတော့ပါဘူး။ သူဟာ ဒီနေရာမှာမရှိတော့တဲ့ မှော်ဆရာကြီးကို သိပ်ကြောက်သွားပြီလေ။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးသိတတ်တဲ့ ကြောင်လေးရွှေဝါ

"ဂျင်းရေ၊ အမေ့ဖို့ တစ်ခုခုသွားယူပေးပါလားကွယ်"လို့ အမေက လှမ်းပြောတယ်။

"ဘယ်ကိုသွားရမလဲ အမေ"လို့ ဂျင်းကပြေးလာပြီးမေးတယ်။

"ဂေဟာလယ်ယာက ဒေါ်ရှာဖွေရဲ့ဆီပေါ့၊ အမေ့ကိုကြက်ဥခြောက်လုံးသွားယူပေးပါသမီးရယ်၊ မင်းအဖေအတွက် ဒါတွေရမှ သူ့ရောဂါပိုကောင်းလာမှာလို့ ဆရာဝန်ကပြောတယ်"လို့ သူ့အမေကဆိုတယ်။

"စိတ်ချပါအမေ"လို့ ဂျင်းကပြောပြီး ကြက်ဥထည့်ဖို့ ဆွဲခြင်းပြေးယူတယ်။ "သိပ်မကြာစေရပါဘူး အမေ" သူဟာ လယ်ကွက်တွေကိုကျော်၊ အညိုရောင်စမ်းချောင်းလေးကို ဖြတ်ပြီး ဂေဟာလယ်ယာကို ထွက်လာတယ်။

ဂျင်းလယ်ယာကိုရောက်ချိန်မှာ ဒေါ်ရှာဖွေဟာ သူ့ကြက်ပေါက်လေးတွေကို အစာကျွေးနေတယ်လေ။ သူဟာ ကောင်မလေးကို ပြုံးပြတယ်။

"မင်္ဂလာနံနက်ပါ ကလေးရယ်၊ မင်းအမေ အဒေါ့်ဆီက ကြက်ဥတွေလိုနေပြီမဟုတ်လား"လို့ သူကပြောပါတယ်။

"ဟုတ်ကဲ့၊ ကျေးဇူးပြုလို့ ခြောက်လုံးလောက်ပေးပါရှင်၊ ဒါနဲ့ ဖိလစ်ဘယ်မှာလဲရှင်"လို့ သူကပြောပါတယ်။

"ဖိလစ်ကတော့ စပါးကျီကို ပတ်နေရဲ့ကွယ်၊ အဲဒီမှာ ကြောင်လေးတွေ သူရထားတယ်လေ၊ သမီးကြည့်ချင်သွားကြည့်ပေါ့"လို့ ဒေါ်ရှာဖွေက ပြောတယ်။

"ဟုတ်ကဲ့ရှင်၊ သွားကြည့်ဦးမယ်"လို့ ဂျင်းကဖြေတယ်။ "အခုပဲသွားပါမယ်"

သူဟာ စပါးကျီကို ပစ်ပြီး အထဲဝင်လိုက်တယ်။ အဲဒီမှာ ဒေါ်ရှာဖွေရဲ့ သားဖိလစ်ဟာ ကောက်ရိုးပေါ်လှဲနေတဲ့ ကြောင်လေးတွေကို ငုံ့ကြည့်နေတာဘာ တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး . . . ဂျင်း၊ လာကြည့်စမ်းပါဦးဟ၊ ကြောင်လေးနှစ်ကောင်က တကယ်လှတာပဲဟေ့"လို့ သူကပြောတယ်။

ဂျင်းလဲ ကြောင်လေးတွေကို ငုံ့ကြည့်တယ်။ မိခင်ကြောင်မကြီးတစ်ကောင် တစ်ဟာ သူ့ကိုယ်သူ ဣန္ဒြေရရ လျှာနဲ့လျက်နေပြီး ဂရုမစိုက်ဘဲနေတယ်။ သူက ဖိလစ်နဲ့ဂျင်းတို့ အန္တရာယ်မပေးတာကို သိနေပြီလေ။

"သူတို့မျက်လုံးတွေဖွင့်လို့မရသေးဘူးဟ၊ ဒီနှစ်ကောင်ကမလှလား၊ သူတို့အမွေးတွေက ရှည်ပြီး ငွေရောင်ပေါက်နေတယ်လေ၊ သူတို့က ကြောင်လှ လှလေးတွေ ဖြစ်လာမှာဟ"လို့ ဖိလစ်ကပြောတယ်။

"ဒါပေမယ့် တတိယတစ်ကောင်ကို နင်ဘာလို့မကြိုက်တာလဲ၊ သူ့ ကြည့်ရတာ အေးပါတယ်ဟ"လို့ ဂျင်းကမေးတယ်။

"ဘာ ... ဒီလောက်ရုပ်ဆိုးတဲ့ နီဝါရောင် သတ္တဝါလေးကိုများ သူ့ကို ကောင်းကောင်းမွေးရမှာလား"လို့ ဖိလစ်ကအထင်အမြင်သေးစွာ ပြောတယ်။

"ဒါပေမယ့် ဒီအရောင်ဖြစ်နေတာ သူဘာမှမတတ်နိုင်ဘဲ သူ့ကိုနင် ဘာလုပ်မလို့လဲဟယ်"လို့ ဂျင်းကပြောတယ်။

"ငါ သူ့ကိုရေမှာနှစ်သတ်မလို့၊ အမေက ငါ့ကိုနှစ်ကောင်ပဲ ထားခွင့် ပြုတယ်"လို့ ဖိလစ်ကဖြေတယ်။ "အိုး . . . သနားစရာကောင်လေးပါလား၊





www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ တခြားသူတွေလို ငွေရောင်အမွေးမရှိတာလေးနဲ့ ရှက်စရာလားဟဲ့၊ သူ့ကို ရေနစ်မသတ်ပါနဲ့ ဖိလစ်ရယ်" လို့ ဂျင်းကအော်ပါလေရော။

"ကောင်းပြီလေ၊ ဒါဆိုသူ့ကို နင်ယူသွားပေါ့၊ နင့်မှာကြောင်တစ်ကောင်မှ မရှိဘဲဟာ၊ ယူမှာလား"လို့ ဖိလစ်ကပြောတယ်။

"အေး . . . မရှိဘူး၊ အမေက သူ့ကိုလက်ခံပါ့မလားမသိဘူး၊ ငါသွားပြီး မေးကြည့်လိုက်ဦးမယ်"လို့ ဂျင်းကခုန်ပြီးပြောတယ်။

သူဟာဒေါ်ရာဖွေဆီကို ပြေးပြီး ကြက်ဥတွေယူတယ်။ ပြီးတော့ မြန်နိုင်သလောက်အမြန်သွားတယ်၊ ဥတွေကွဲမှာလဲ စိုးရိမ်ရသေးတယ်။ သူဟာ အိမ်ကိုသုတ်ခြေတင်ပြန်လာတယ်။

"အမေ . . . ဟောဒီမှာ ဥတွေ၊ ပြီးတော့ အမေ ဖိလစ်မှာ ကြောင်လေးသုံးကောင်ရထားတယ်၊ သူကနှစ်ကောင်ပဲ ထားခွင့်ရှိတယ်တဲ့၊ တစ်ကောင်ကို ရေနစ်သတ်ရမယ်တဲ့၊ သမီးမယူရင် အသတ်ခံရတော့မယ်၊ သမီးယူမွေးရမလားဟင်၊ လုပ်ပါအမေရယ်"လို့ သူကလှမ်းပြောတယ်။

"သမီးလေးဂျင်းရယ်၊ သမီးမွေးလို့ရမယ် မထင်ဘူး၊ အမေ့မှာ ကြောင်စာဝယ်ဖို့ ပိုက်ဆံသုံးနိုင်မှာ မဟုတ်ဘူး၊ မင်းဖေဖေနေမကောင်း ဖြစ်ကတည်းက အမေလဲ ဘယ်လိုစီမံရမလဲ မသိတော့ပါဘူး"လို့ သူ့အမေကပြောတယ်။

"ကြောင်စာဘယ်လောက်ကျမလဲအမေ"လို့ဂျင်းကမေးတယ်။ "အမေ့ကို သမီးပိုက်ဆံပေးရင် ကြောင်လေးကို ထားခွင့်ရမလားဟင်၊ ကြီးတော်ဂျိမ်းက စနေနေ့ကို သူ့အတွက်တောက်တိုမယ်ရ လုပ်ပေးလို့ သမီးကို ပိုက်ဆံပေးလေ့ရှိတယ်"





www.burmeseclassic.com

www.burmeseclassic.com



အမေက ဂျင်းကိုကြည့်ပြီး ခဏလောက်စဉ်းစားနေတယ်။

"ဒီကြောင်လေးကို သမီးအရမ်းလိုချင်နေသလား"လို့ အမေက ပြုံးပြီး မေးတယ်။ "သူကသမီးအတွက် သိပ်အရေးကြီးနေသလား"

"ဟုတ်ကဲ့၊ သူ့ကိုရေထဲနစ်သတ်မခံပါရစေနဲ့ မေမေ"လို့ ဂျင်းက ဖြေတယ်။"ကောင်းပြီ ကြောင်လေးကို သမီးမွေးတော့ စနေနေ့တိုင်း သမီးမုန့်ဖိုး တစ်ဝက်ကို အမေ့ကိုပေးရမယ်နော်၊ ကျန်တာကိုတော့ ကိုယ့်ဘာသာသုံး ပေ တော့"လို့ သူ့အမေကပြောတယ်။

"အမေရယ်" လို့ ဂျင်းက စူးစူးရှရှအော်ပြီး သူ့အမေကို တင်းတင်း ကျပ်ကျပ်ပွေ့ဖက်ထားလိုက်တယ်။ "ကျေးဇူးပါပဲ မေမေ"

"ကောင်းပြီ သမီးလေး ဖိလစ်ဆီသွားပြီး ပြောပေတော့၊ ပြီးရင် ကြောင်လေးကို သူ့အမေဆီက ခွဲဖို့တော်ချိန်မှာ ယူလာခဲ့ပေါ့"လို့ အမေက ပြောတယ်။ ဂျင်းက အရမ်းကိုစိတ်လှုပ်ရှားစွာ ပြေးသွားပြီး ဖိလစ်ကို အကျိုး အကြောင်းပြောပြတယ်။

"ကောင်းတယ်၊ ဒီကြောင်လေးအတွက် နင်ရောက်လာတာ အတော် ပဲ၊ ဒီကြောင်ပေါက်လေးအတွက် နင့်ကို ငါကျေးဇူးတင်ကြောင်း ပြောရမယ်"လို့ သူကဆိုတယ်။

"မဟုတ်တာ ဖိလစ်ရယ်၊ နင့်ကိုငါကျေးဇူးတင်ကြောင်း ဘယ်လိုပြော ရမလဲတောင် မသိတော့ပါဘူး"

ရက်သတ္တပတ်အနည်းငယ်အတွင်း ဂျင်းဟာကြောင်လေးကို သူ့အိမ် သယ်လာတယ်။ ကြောင်လေးဟာ ကြောင်ညိုကြားလေးဖြစ်ပြီး ပိန်လိုကာ သိပ်မလှရှာဘူး၊ ဒါပေမယ့် ဂျင်းက ဒါတွေအတွက် စိတ်မရှိဘူး။

"မင်းကတော့ ငါ့မုန့်ဖိုးကို အပတ်တိုင်း တစ်ဝက်သုံးတော့မှာပဲကွယ်" လို့ သူကပြောပြီး ကြောင်လေးကို ပွေ့ထားတော့တယ်။ "မင်းအတွက် လည်စည်းအနီလေးတစ်ခု ဝယ်ပေးဖို့ရှိတယ်ကွယ်"

ကြောင်လေးက ဂျင်းကိုချစ်တယ်၊ သူဟာ ဂျင်းနောက်ကို နေရာအနှံ့ လိုက်တယ်၊ ဂျင်းကိုဘယ်အချိန်ပဲ တွေ့တွေ့ ညောင်ညောင်နဲ့ အော်ရှာတယ်။ ဂျင်းနဲ့ကစားနည်းမျိုးစုံ ကစားပြီး ကြွက်အုပ်တွေ့ရင် ဂျင်းခြေထောက်ပေါ်က ခုန်ထွက်သွားတတ်တယ်။ ဂျင်းကလဲ ကြောင်လေးကိုချစ်တယ်၊ ဘေးအိမ်က ကောင်လေးက ဒါကိုရယ်ပြီးတော့ 'ရုပ်ဆိုးတဲ့ကြောင်ညိုကျားလေး' လို့ခေါ်ချိန် မှာ ဂျင်းက သူ့ကို ရိုင်းတယ်လို့ပြောပစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကြောင်လေးရှေ့မှာ နင်ဒီလိုမပြောသင့်ပါဘူးဟာ၊ သူ့ကို စိတ်ဆင်းရဲအောင် လုပ်သလိုဖြစ်မှာပေါ့"လို့ သူကမကျေမနပ်နဲ့ ပြောပါတယ်။

"အလကားဟာတွေ၊ ကြောင်လေးတွေက လူတွေလို မခံစားတတ်ဘူးဟ"လို့ ကောင်လေးက ရယ်ပြီးပြောတယ်။

"ဒီတစ်ကောင်ကတော့ ခံစားတတ်တယ်" လို့ ဂျင်းကပြောပြီး နောက်ထပ်စကားမဆိုဘဲ သူ့ကြောင်လေးကို အိမ်ထဲကို ခေါ်သွားတော့တယ်။

သူဟာ အစပိုင်းမှာ ကြောင်လေးကို ဘယ်လိုခေါ်ရမယ် မစဉ်းစားတတ်ဘူး၊ ပြီးတော့မှ သူ့မှာရွှေရောင်ငါးမုန်းမွေးတွေရှိတာမို့ 'ရွှေဝါ'လို့ ခေါ်လိုက်ပါတယ်။

ကြောင်လေးက ဒီနာမည်ကိုကြိုက်ပုံပါပဲ၊ သူက ဂျင်းသူ့ကို ဘယ်နေရာမှပဲဖြစ်ဖြစ် ခေါ်လိုက်တိုင်း ခုန်ပေါက်ပြေးလွှားပြီး ရောက်လာစမြဲပါ။



"သူဟာ ကြောင်ဆိုးလေးမဟုတ်ရှာပါဘူး" လို့ တစ်နေ့မှာ အမေက ပြောတယ်။ "သူဟာ ချစ်စရာသန့်စွမ်းပြီး ချောမွေ့တဲ့ အမွေးတွေရှိလာပြီး မကြာခင် သူဟာ ကြောင်အဖိုးတန်တစ်ကောင် ဖြစ်လာမှာပဲ"

"ဖြစ်မှာပဲ အမေ၊ သူလှလာရမယ်လို့ သမီးယုံတယ်"လို့ ဂျင်းကပြောတယ်။ "လှတော့မလာပါဘူးကွယ်၊ သူဟာ သာမန်ကြောင်ညိုကျားလေးဆိုတာ သမီးလဲ သိသားနဲ့"လို့ အမေကပြောတယ်။

တစ်နေ့မှာတော့ ကြီးတော်ဂျိမ်းဟာ စနေနေ့တိုင်း ဟက်တိုလက်တောင်း လုပ်လို့ရတဲ့မုန့်ဖိုးတွေကို ဘာလုပ်ပစ်သလဲလို့ ဂျင်းကိုမေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူသုံးဖူးတယ်၊ နှစ်တွေကြာလို့ ငါမေ့နေပြီ၊ ဒါပေမယ့် အခု ရုတ်တရက် ငါပြန်မှတ်မိလာပြီ"

"ဘုရားရေ၊ တကယ့် ပဥ္စလက်ချုပ်အပ်လား၊ အဲဒါဘယ်မှာလဲ"လို့ ကိုလစ်က အံ့သြတကြီး မေးပါတယ်"

"အင်း၊ အဲဒီအဘွားကြီးဆီမှာတော့ အဲဒါရှိနေသေးတယ်ထင်တာပဲ" လို့ ကိုညစ်ကဖြေတယ်။

"သူ့ဆီသွားပြီး အဲဒါသွားငှားစမ်းကွာ"လို့ ကိုလစ်က ချက်ချင်းပြောတယ်။"အောင်မယ်၊ ငါမသွားပါဘူး၊ သူကငါ့ကိုမကြိုက်ဘူးကွ"လို့ ကိုညစ်က ပြောပြတယ်။"ငါကအမြဲညစ်နေတာပဲလို့ သူကပြောတယ်၊ ပြီးတော့ ငါ့ကို ဘယ်နေရာမှာပဲ တွေ့တွေ့ သူကအော်တော့တာပဲ၊ ဒါကြောင့် သူ့ဆီငါသွား လို့မဖြစ်ပါဘူးကွာ"

"ဒုက္ခပဲ၊ ငါရောသူ့ဆီသွားလို့ ဖြစ်ပါ့မလား၊ သူ့ငါ့ကိုအဲဒီအပ်ထုတ် ပြမယ်ထင်သလား၊ ညစ်ရေ . . . ငါတော့ အံ့သြစရာစိတ်ကူးတစ်ခုရပြီကွ"လို့ ကိုလစ်က ပြောတယ်။ "ဘာလဲကွ၊ မင်းအကြံဆိုငါသိပ်အထင်မကြီးတတ်တာ မင်းလဲ သိသားပဲ"လို့ ကိုညစ်ကပြောတယ်။

"နားထောင်ဦးလေ၊ ငါကမင်းအဘွားကြီးဆီသွားလည်ပြီးရင် ငါ့ကို ချုပ်အပ်ပြဖို့ ပြောမယ်၊ ပြီးရင် သူ့အပ်ကိုငါယူပြီး အဲဒီနေရာမှာ တခြားအပ် တစ်ချောင်းထားခဲ့မယ် ဟုတ်ပြီလား"

"အေး . . . အေး၊ အဲဒီစိတ်ကူးကောင်းတယ်"လို့ ကိုညစ်က ကျေနပ် စွာ ဖြေပါတယ်။ "အဲဒီအပ်အရွယ်အစားကို ငါသိတယ်၊ ပြီးတော့ အဲဒီမှာ အပေါက်ကြီးတစ်ပေါက်ပါတာ မှတ်မိသေးတယ်၊ အဲဒါနဲ့တူတဲ့ ချုပ်အပ်တစ် ချောင်း ရနိုင်မယ်ထင်တာပဲ"

သူဟာ ချုပ်အပ်တွေထားရာ သေတ္တာထဲကို ရှာကြည့်ကာ အပ်တစ် ချောင်းကို ထုတ်ပြတယ်။

"ဟောဒီဟာပဲ၊ ဟောဒါအဘွားကြီးရဲ့ မှော်အပ်နဲ့ တူတဲ့တစ်ချောင်း ပဲ၊ ဒီအပ်မှာ မှော်အစွမ်းမရှိတာကလွဲလို့ အကုန်တူတယ်"

"ပဥ္စလက်ချုပ်အပ် အစစ်ကအားလုံးကို သူ့ဘာသာချုပ်သလား"လို့ ကိုလစ်ကမေးတယ်။

"အေးပေါ့ . . . သူ့ဘာသာချုပ်လုပ်သွားတာပေါ့၊ အဲဒါကိုမင်းက အဝတ် ပုံရဲ့ထိပ်မှာ တင်[illegible]းလိုက်ရုံပဲ ပြီးတော့ ကုတ်အင်္ကျီလား၊ [illegible]တ်ရုံလား



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဝါအစာဝယ်ဖို့ အမေ့ကိုတစ်ဝက်ပေးရတယ်ကြီးတော်ရဲ့၊ ကျန်တာကိုတော့ တခြားဟာတွေ မျိုးစုံအတွက် သုံးတယ်လေ"

"ရွှေဝါကဘယ်သူလဲဟဲ့" လို့ ကြီးတော်ဂျိမ်းက မေးတယ်။

"သူက သမီးကြောင်လေ၊ သူကချစ်စရာလေး ကြီးတော်ရဲ့" လို့ ဂျင်းက ပြောတယ်။

သူကကြောင်လေးကို ဘယ်လိုရခဲ့ပုံကို ကြီးတော်ဂျိမ်းကို အကုန်ပြောပြလိုက်တယ်။

"အောင်မယ်၊ စိတ်ဝင်စားစရာပဲဟဲ့"လို့ ကြီးတော်ဂျိမ်းက ပြောတယ်။

"ကြီးတော်က ကြောင်တွေကို သိပ်ချစ်တာကွယ့်၊ ကြောင်လှလှလေးတွေ မွေးလေ့ရှိတယ်၊ နောက်စနေကျရင် သမီးကြောင်ကိုခေါ်လာစမ်း၊ ကြီးတော် ကြည့်ရအောင်"

"သူ့ကို သိပ်လှတယ်လို့ ကြီးတော်ထင်မှာမဟုတ်ပါဘူး၊ သူ့အပေါ် ဘယ်သူမှအကောင်းမထင်ကြဘူး၊ သမီးကလွဲရင်ပေါ့"လို့ ဂျင်းကပြောတယ်။

"အေးလေ၊ သယ်သာလာခဲ့ပါအေ၊ ဘာထင်တယ်ဆိုတာ ညည်းကို ကြီးတော်အတိအကျ ပြောပါ့မယ်"လို့ ကြီးတော်ဂျိမ်းက ပြုံးရင်းပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် နောက်တစ်ပတ်စနေနေ့မှာတော့ ဂျင်းဟာ ရွှေဝါကို ကြီးဒေါ်ဂျိမ်းရှိရာ ခေါ်လာတယ်။ သူဟာကြောင်ကြီးဖြစ်နေပြီ၊ သူ့အမြီးက သိပ်ရှည်နေပြီ။ သူ့မျက်လုံးတွေက စိမ်းဖန့်ဖန့်ရောင်ဖြစ်ပြီး သူ့ပါးမုန်းမွေးတွေ နှုတ်ခမ်းမွေးတွေကတော့ ရွှေရောင်တောက်နေတုန်းပဲ။ သူ့ကိုယ်က သိပ်လေးတယ်၊ ဒါပေမယ့် ဂျင်းကသူ့ကို အောက်မချဘူး၊ ထွက်ပြေးပြီး ပျောက်သွားမှာစိုးလို့။

"မင်္ဂလာနံနက်ပါ၊ ကြီးတော်ဂျိမ်း"လို့ သူကကြီးတော်အိမ်ရောက်ချိန်မှာ ဟောဟဲလိုက်ပြီး ပြောလိုက်တယ်။ "သမီးနောက်ကျသွားတာ ခွင့်လွှတ်ပါ၊ ရွှေဝါက သိပ်လေးလို့ပါ"

"ဒါ ရွှေဝါ မဟုတ်လား"လို့ ကြီးတော်ဂျိမ်းကပြောပြီး ကြောင်ကို ဂျင်းဆီက ယူလိုက်တယ်။ သူကကြောင်ကို ပွတ်သတ်ပေးတော့ ရွှေဝါက ညောင်ညောင်နဲ့ အကျယ်ကြီးအော်တယ်။ ပြီးတော့ ကြီးတော်ဟာ ရွှေဝါကို ပန်းကန်ပြားထဲ နို့မလိုင်ထည့်ကျွေးပြီး သူစားနေတာကို စောင့်ကြည့်နေတယ်။

"သူ့ကို ကြီးတော်ဘယ်လို သဘောရသလဲ"လို့ ဂျင်းက စိတ်စောစွာနဲ့မေးပါတယ်။

"အေး၊ သမီးရယ် သူကတကယ်လှတာပဲ၊ သမီးကသာ သူ့ကို သန်မာပြီးချောမွေ့လာအောင် အများကြီးဂရုစိုက်ရမယ်"လို့ ကြီးတော်ဂျိမ်းက ဆိုတယ်။

"သူလှတယ်လို့ ကြီးတော်တကယ် ထင်တယ်ပေါ့" လို့ ဂျင်းက ရွှင်မြူးစွာမေးလိုက်တယ်။



www.burmeseclassic.com



"သူဘာမျိုးလဲ သမီးသိလား"လို့ ကြီးတော်ဂျိမ်းက ရုတ်တရက်မေးတယ်။ "သူက ရွှေရောင်ကြောင်ညိုကျားမျိုးကွယ့်၊ ငါမြင်ဖူးသမျှထဲမှာ အကောင်းဆုံးပဲ၊ ကြီးတော်မှာ နှစ်ကောင်ရှိဖူးတယ်၊ အခုတော့ မရှိတော့ပါဘူး၊ သမီးရဲ့ ရွှေဝါနဲ့ သိပ်ဆင်ကြတာပေါ့ကွယ်"

ဂျင်းဟာ သူကြားရတာကို ယုံဖို့ခက်နေတယ်။ သူဟာ ကြီးတော်ဂျိမ်းကိုဖက်လိုက်တယ်၊ ပြီးတော့ ရွှေဝါကို ပွေ့လိုက်တယ်၊ ပြီးတော့ သူ့ကြီးတော်ကိုထပ်ဖက်ပြန်တယ်။

"ကံကောင်းပါစေ ကလေးရယ်" လို့ ကြီးတော်ဂျိမ်းကပြောတယ်။ "သူက ငါ့ကိုလဲ ကြောင်တစ်ကောင်လို ထင်နေပုံပဲ၊ အသက်ရှူတောင် ကျပ်ကုန်ပြီကွယ်၊ အခုကြီးတော်အကြံတစ်ခုရတယ်၊ နားထောင် သမီး"

"ဘာလဲ ကြီးတော်"လို့ ဂျင်းကအသက်မရှူတမ်း မေးတယ်။

"ဒီနေရာမှာ ကြောင်ပြပွဲ တစ်လတိတိ ကျင်းပနေတယ်ကွယ့်၊ တို့က မင်းရွှေဝါကို ရွှေရောင်ညိုကျားအုပ်စုထဲ ဝင်ခိုင်းရအောင်၊ သူ့အနေနဲ့ ဆုရနိုင်တယ်ကွယ့်"လို့ ကြီးတော်ဂျိမ်းကပြောတယ်။

"လုပ်လိုက်လေ ကြီးတော်" လို့ ဂျင်းကပျော်မြူးစွာ အော်လို့ သူ့ကြီးတော်ကို ဖက်ထားပြန်တယ်။

"ဂျင်းရယ်၊ ငါ့အသက်ရှူပါရစေဦး" လို့ ကြီးတော်ဂျိမ်းက ဆိုတယ်။ "ကောင်းပြီ၊ ငါတို့က ရွှေဝါကို တစ်လလုံးလုံး သန့်ရှင်းသပ်ရပ်အောင် ပွတ်တိုက်ဆေးကြောပေးရမယ်၊ မင်းကသူ့ကို ကောင်းကောင်း ကျွေးမွေးပေးရမယ်၊ သူ့အတွက် ပိုက်ဆံအပတ်တိုင်း ကြီးတော်ပေးမယ်၊ ဒါဆို မင်းအမေ ပူပန်စရာမလိုတော့ဘူးပေါ့"

"ကြီးတော်က တကယ်သဘောပြည့်ဝတာပဲ"လို့ ဂျင်းကပြောရင်း ကြီးတော်ဂျိမ်းအစား ရွှေဝါကို ပွေ့ဖက်လိုက်တယ်။

ဒါကြောင့် အားလုံးကို စီစဉ်ကြတယ်။ ကြီးတော်ဂျိမ်းက ကြောင်ပြပွဲကလူတွေဆီကို စာရေးခဲ့တာမို့ ရွှေဝါဟာ ရွှေရောင်ကြောင်ညိုကျား အစားထဲကို ဝင်ခွင့်ရခဲ့ကယ်။

တစ်နေ့မှာ ကြီးတော်ဟာ ဂျင်းကို ရွှေဝါရဲ့နာမည်ပါတဲ့ အစိမ်းရောင် လက်မှတ်ကြီးပေးတယ်။

"ဒါ မင်းတို့ဟာပဲ၊ လာမယ့်စနေနေ့ကျရင် ရွှေဝါကို ဒီကိုယ်လာခဲ့ကွယ်၊ ပြီးရင် သူ့ကို ကြော်ငြာပြပွဲ လက်မှတ်တပ်ပေးရမယ်၊ ပြီးတော့ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပြပွဲကိုသွားပြီး ဘာဖြစ်မလဲကြည့်ကြတာပေါ့ကွယ်"လို့ သူက ပြောတယ်။

ဂျင်းဟာ သိတ်စိတ်လှုပ်ရှားသွားတယ်။ သူဟာ ရွှေဝါကို နေ့တိုင်း ပွတ်တိုက်ပေးပြီး မှန်မှန်ပဲ အစာကောင်းကောင်းကျွေးတယ်။ အမေက ဒီအကြောင်းတွေ ကြားရတဲ့အခါမှာ လုံးဝစိတ်လှုပ်ရှားနေရဲ့။

နောက်ဆုံးတော့ ကြောင်ပြပွဲနေ့ ရောက်လာပါပြီ။ အဲဒီနေ့ အမေ၊ ကြီးတော်ဂျိမ်း၊ ဂျင်းနဲ့ ရွှေဝါတို့အားလုံးဟာ မြို့တော်ခန်းမထဲ ဝင်လာကြပြီး အဲဒီနေ့ရွှေဝါကို ထားဖို့နေရာကို ရှာဖွေကြတယ်။



ဂျင်းဟာ သိပ်စိတ်လှုပ်ရှားနေတယ်။ သူ့ဒူးတွေတုန်နေတယ်၊ ဒါကြောင့် လူတိုင်းကသူ့ခြေထောက်တွေ ဘာဖြစ်နေသလဲ ထင်မှာတွေးမိတယ်။ အကဲဖြတ်လူကြီးတွေဟာ ရွှေဝါကိုလှည့်ကြည့်ဖို့ရောက်လာကြတော့ သူ အသက်တောင် မရှူတော့ဘူး။

ဘာဖြစ်မယ်ထင်ပါသလဲ။ ရွှေဝါဟာ ရွှေရောင်ကြောင်ညီကျွား အတန်းမှာ ပထမဆုရရှိသွားပါတယ်။

"သူက အလှဆုံးပုံစံရှိတဲ့ ကြောင်ပဲကွ"လို့ အကဲဖြတ်လူကြီးတစ်ယောက်က ဂျိမ်းကိုပြောပါတယ်။ "သူ့အရောင်ကလဲ ချစ်စရာပဲ၊ အရောင်က သူနဲ့လိုက်ဖက်နေတယ်၊ သူ့အမွေး၊ သူ့မျက်လုံးတွေ သူ့ပါးမုန်းမွေးတွေပေါ့၊ နှင်းဆီပွင့်ရင်ထိုးကို မဂ္ဂကိုပေးပါတယ်၊ သူ့ကိုချိတ်ဆွဲပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဟာ စကားတစ်ခွန်းမှ မပြောနိုင်တော့ပါ။ သူဟာ နှင်းဆီပွင့် ရင်ထိုးကို ယူပြီး လူအများရှေ့မှာ ရွှေဝါကို ဆွဲပေးလိုက်တယ်။ သူ့အမေနဲ့ ကြီးတော်ဂျိမ်းတို့ဟာ သိပ်သဘောကျနေကြတယ်။

"ကြီးတော် သမီးကိုပြောသားပဲ၊ ကြီးတော်ပြောသားပဲ" လို့ ကြီးတော်ဂျိမ်းက ပြောပြီး ကြမ်းပြင်ကို သူ့တုတ်နဲ့ထိုးနေတယ်။

ဂျင်းဟာ ရွှေဝါရဲ့ ဆုကိုယူလိုက်ချိန်မှာ ဆုဟာနှစ်ဆယ့်ငါးပေါင် ဆိုတာသိရတယ်။ သူဟာ ရွှေဝါကိုပါ သူနဲ့အတူ ခေါ်သွားတယ်၊ လူတိုင်းက အကျယ်ကြီး လက်ခုပ်တီးကြပါတယ့်။




ဒါပေမယ့် အားလုံးထဲမှာ ဂျင်းအကြိုက်ဆုံး ကိစ္စကတော့ အဲဒီညနေမှာ ရွှေဝါကို သယ်ပြီး ဖိလစ်ဆီသွားရခြင်းပါပဲ။

"အောင်မယ်၊ ဒီနှင်းဆီရင်ထိုးက ရွှေဝါရတာဟုတ်လား" လို့ ဖိလစ်က ဟစ်အော်ပြောမိတယ်။ "ပထမဆု ဟုတ်လား၊ ဟုတ်လိုက်တာဟာ"

www.burmeseclassic.com





"သူက ကျက်သရေမရှိလားဟာ" လို့ ဂျင်းကပြောပြီး ရွှေဝါကို ပွေ့ဖက်လိုက်တော့ ရွှေဝါဟာ ကျားတစ်ကောင်လို ကျယ်ကျယ်လောင်လောင်လေး တညောင်ညောင် အော်ပါတယ်။ "အဲဒါပဲ ဖိလစ်ရေ၊ ဒါ သူ့ကို နင်က ရေနစ်မသေတ်ဘဲ ကယ်ခဲ့တဲ့အတွက် နင့်ကိုသူ့နည်းသူ့ဟန်နဲ့ ကျေးဇူးတင်ကြောင်း ပြောတာပဲ ဟဲ့"

ဒီအခါ ရွှေဝါဟာ ပိုကျယ်လောင်စွာ အော်ပြန်တယ်၊ ဂျင်းပြောတာ မှန်တာပေါ့။ သူက ဖိလစ်ကို ကျေးဇူးတင်စကားပြောနေတာပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဘဝင်မြင့်တဲ့ ဝက်ဝံရုပ်လေး

"ဒီအရုပ်စင်မှာ ဘုရင်ရှိသင့်တယ်"လို့ ဝက်ဝံရုပ်လေး တက်ဒီက ထုံးစံအတိုင်း ပြောပြန်တယ်။

"အဲဒီဘုရင်က မင်းပဲဖြစ်သင့်တယ်လို့ တွေးနေတယ်မဟုတ်လား" လို့ သဘော်သားရုပ်လေးက ပြောတယ်။ သူဟာ ဝက်ဝံရုပ်လေးရဲ့ မာနခေါင်ခိုက်ပြီး ဘဝင်မြင့်နေတဲ့ ပုံစံတွေကို သိပ်ငြီးငွေ့နေပြီ။

"အဲဒီစိတ်ကူး မဆိုးဘူး"လို့ တက်ဒီကပြောတယ်။ "ကျွန်တော်က ခင်ဗျားတို့ အားလုံးထက်ပိုလိမ္မာတယ်၊ ကျွန်တော်က ဘုရင်ဖြစ်ဖို့ ထိုက်တန်တယ်၊ တစ်ယောက်ယောက်က ဖွင့်ထားခဲ့တဲ့ ရေပိုက်ခေါင်းကို ကျွန်တော် ဘယ်လို ပိတ်သလဲဆိုတာကြည့်၊ ပြီးရင်ကျွန်တော်ဘယ်လို ........."

"တိတ်တော့၊ ဒါတွေ ငါတို့ ကြားဖူးနေကျပဲ"လို့ အရုပ်ကြီးကပြောတယ်။ "ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့မှာဘုရင်တစ်ပါးရှိသင့်တယ်လို့ ခင်ဗျားမထင်မိဘူးလား"လို့ တက်ဒီကပြောတယ်။ သူဟာထွက်သွားရင်း အကြံတစ်ခု ရလာပြန်တယ်။ "ခင်ဗျားတို့ မထင်ဘူးလား၊ ကျွန်တော်တို့မှာ ....."

"သူပြောတာ နားထောင်ကြပါဦး"လို့ သဘော်သားရုပ်က မကျေမနပ်နဲ့ အော်ပြောတယ်။ "ကျေးဇူးပြုလို့ မောင်ရင်ပဲ ဘုရင်လုပ်ပါတော့ တက်ဒီရယ်၊ ငါတို့ စိတ်မရှိပါဘူး၊ ခဏလေး တိတ်ဆိတ်ငြိမ်သက် နေပေးစမ်းပါ"

"ဩ . . , ခင်ဗျားက ကျွန်တော့်ကို ဘုရင်အဖြစ် တကယ်သတ်မှတ်တယ်ပေါ့"လို့ တက်ဒီက စိတ်အားထက်သန်စွာ ပြောတယ်။

"ငါ ဒီလိုမပြောရပါလား"လို့ သဘော်သားရုပ်ကပြောတယ်။ "မင်းကြိုက်သလို ဘုရင်လုပ်တော့လို့ပဲ ငါပြောတာပါ၊ ငါတို့က ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် ငါတို့က မင်းကို ဘုရင်မင်းကြီးလို့ ခေါ်ဖို့မမျှော်လင့်နဲ့ မင်းရှေ့မှာ ဦးညွှတ်မယ်လို့တော့ မမျှော်လင့်နဲ့ဟော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော် ဘုရင်ဖြစ်ရတာ ဘယ်ကောင်းပါ့မလဲ"လို့ တက်ဒီကမေးတယ်။ "ငါလဲ မစဉ်းစားတတ်ဘူးဟေ့၊ အခုတော့ တိတ်တိတ်နေဦး၊



ငါတို့လိုက်တမ်းပြေးတမ်း ကစားချင်တယ်" လို့ အရုပ်ကြီးကပြောတယ်။

တက်ဒီဟာ ဘုရင်ဖြစ်ဖို့ စဉ်းစားနေမိတယ်။ သီပ်စိတ်လှုပ်ရှားစရာဲ၊ သူ့မှာ သရဖူတစ်ခုနဲ့ ဝက်ရုံတစ်ခုလိုမယ်။ သူဟာ ထပ်ပြောလိုက်ပြန်တယ်။

"ခင်ဗျားတို့ ကျွန်တော့်ကို သရဖူဆောင်းပေးနိုင်မလား၊ ကျွန်တော် သရဖူတစ်ခုလိုတယ်၊ ပြီးတော့ ဝတ်ရုံတစ်ခုလဲ လိုတယ်" လို့ သူက ပြောတယ်။ "သူ ဘာတွေပြောနေတာလဲ"လို့ သင်္ဘောသားရုပ်က မကျေမနပ်ပြောခင်း ကတ်ထူပြားတွေဆီကနေ ကြည့်လိုက်တယ်။

"ကျွန်တော်ပြောတာက ခင်ဗျား ကျွန်တော်ကို သရဖူဆောင်းပြီး ဝတ်ရုံတစ်ခု ပေးနိုင်မလားလို့ပဲ"လို့ တက်ဒီက စိတ်မရှည်ဘဲ ပြောလိုက်တယ်။ "ကျွန်တော်တစ်ခုခု ပြောတဲ့အခါ ခင်ဗျားတို့နားထောင်ရမယ်"

သင်္ဘောသားရုပ်ဟာ သူ့ကိုကြည့်ပြီး ရုတ်တရက် တခွိခွိရယ်ပါ့လေရော။ "ဟုတ်တာပေါ့၊ ငါတို့ ဒီညပဲ မင်းကို သရဖူဆောင်းပြီး ဝတ်ရုံဝတ်ပေးမယ်၊ အရုပ်အိမ်ရှေ့မှာ သရဖူဆောင်းပေးမယ်ကွာ၊ အရုပ်အားလုံးလဲ တက်ရောက်လိမ့်မယ်"

တက်ဒီဟာ စိတ်ချမ်းသာသွားတယ်။ သူ့လိုဘပြည့်တော့မယ်၊ သရဖူ ဝတ်ရုံရတော့မယ်လေ။ သူဟာ တကယ့် ဘုရင်တစ်ပါး ဖြစ်တော့မယ်၊ ခြားအရုပ်တွေအားလုံးအပေါ် အမိန့်ပေးရတော့မယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



တက်ဒီဟာ ပြောထားတဲ့ အချိန်မှာ အရုပ်အိမ်ရှေ့မှာ ရပ်နေတယ်။ အရုပ်တွေ အားလုံးလဲ ဒီနေရာကို လာကြတယ်။ သင်္ဘောသားရုပ်ဟာ အရုပ်အိမ်ထဲကို ဝင်သွားပြီး တစ်စုံတစ်ခုကို ယူလာတော့ တခြားသူတွေက တခွိခွိ ရယ်ကြတယ်။

"ရပ်လိုက် တက်ဒီ"လို့ သင်္ဘောသားရုပ် ပြန်လာတာနဲ့ အရုပ်ကြီးက ပြောလိုက်တယ်။ သူ့ဆီမှာ အရုပ်အိပ်ရာက အိပ်ရာခင်းတစ်ခုနဲ့ လက်ဖက်ရည်ကရားတစ်ခုပါလာတယ်။ "မင်း ဝတ်ရုံဆင်ပြီး သရဖူဆောင်းရတော့မယ်"

တက်ဒီဟာ ဝင့်ကြွားစွာ ထရပ်လိုက်တယ်။ သင်္ဘောသားရုပ်က အိပ်ရာခင်းကို သူ့ကို ခြုံပေးလိုက်တယ်။ "ဒါ ဝတ်ရုံပါပဲ အရှင်"လို့ ယဉ်ကျေးစွာ ပြောလိုက်တယ်။ နောက်ထပ် သူဟာလက်ဖက်ရည်အိုးကို တက်ဒီရဲ့ ခေါင်းမှာ ဆောင်းပေးလိုက်တယ်။ "ဒါ သရဖူပါအရှင်"လို့ သူအော်ပြောတော့ အကုန်လုံးက ကျယ်လောင်စွာ ချီးမွမ်းသြဘာပေးပြီး ရယ်မောကြတယ်။



ရေနွေးအိုးဟာ တက်ဒီရဲ့ ခေါင်းကို စွပ်မိပြီး လုံးဝဖုံးသွားတော့တယ်။

"အောင်မယ်လေး . . . ကျွန်တော့်သရဖူက သိပ်ကြီးလွန်းတယ်"လို့ သူက အော်ပြောတယ်။ ဒါပေမယ့် ခေါင်းကလက်ဖက်ရည်အိုးကို သူဖယ်ဖို့ကြိုးစားတာ မရပါဘူး။

"ဒီ သရဖူကို ကျွန်တော်မကြိုက်ဘူး"လို့ သူကအော်တယ်။ သူ့အော်သံဟာ လက်ဖက်ရည်အိုးထဲကနေ ထူးဆန်းစွာထွက်ပေါ်လာတယ်။ "ကျွန်တော် ဘုရင်မဖြစ်ချင်တော့ဘူး၊ ဖယ်ပေးကြပါ၊ ကျေးဇူးပြုပြီး ဖယ်ပေးကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဘယ်သူမှ ဖယ်မပေးကြဘူး။ သနားစရာ တက်ဒီဟာ ခေါင်းမှာ ကရားအိုးစွပ်လျက်သား ကျန်ခဲ့တယ်။

အဲဒါကိုဖြုတ်ဖို့ ကရားကို တစ်ယောက်ယောက်က ဖျက်ပစ်မှာ သူမလိုလားဘူး။ "အဲလစ်သတိပြုမိရင်တော့ ဖယ်ပေးမှာပဲ"လို့ သူကဆိုတယ်။ အဲလစ်ဟာ သူ့ကို ပိုင်တဲ့ကောင်မလေးပါ။ ဒါပေမယ့် သူဟာကျောင်းပိတ်ရက်မှာ အဝေးကိုသွားနေတာမို့ သူပြန်လာမယ့်အချိန်ကို ဘယ်သူမှ မသိကြဘူး။ သနားစရာ ဝက်ဝံလေးပဲ။

ဘယ်သူမှလဲ သူ့ကို အရှင်မင်းကြီးလို့ မခေါ်ကြဘူး၊ "ကြည့်ပါဦး၊ လက်ဖက်ရည်အိုး ခေါင်းဆောင်ကြီးဟေ့" "ကြည့်စမ်း၊ လက်ဖက်ရည်အိုးကြီး၊



ငါတို့အုတ်ခဲတွေလဲကျမယ်နော်" "ဒီလို ချစ်စရာနှုတ်သီးနဲ့ဆိုတော့ ကရားအိုးကြီးက သိပ်ခန့်ညားနေပါလား" စသဖြင့်သာ ပြောကြတယ်။

သူဟာ လက်ဖက်ရည်အိုးစွပ်လျက် ရှိနေတုန်းပဲ။ ကျောင်းပိတ်ရက်ပြီးလို့ အဲလစ်ပြန်လာရင် ဒါကိုသတိထားမိပါလို့ပဲ ဆုတောင်းရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com





ပြောပြလိုက်ရုံ၊ မင်းအလိုရှိတဲ့ ပုံစံပြောပြလိုက်ရုံပဲ၊ ပြီးရင် အဲဒီအပ်က ချက်ချင်း ချုပ်လိုက်တာနဲ့ အပ်ချလောင်းဆိုပြီး အင်္ကျီအပုံကြီးပေါ်လာရမှာပဲ"

"အဲဒီအပ်က မချုပ်ခင်အဝတ်စတွေ ဖြတ်ပေးသေးလား"လို့ ကိုလစ်က အံ့အားသင့်စွာ မေးပြန်တယ်။

"သိပ်မသေချာဘူး"လို့ ကိုလစ်ကဖြေတယ်။ "အဲဒါက အဝတ်စကို မှန်ကန်တဲ့ပုံစံ ချုပ်ပေးတယ်၊ အင်္ကျီလက်တပ်ပေးပြီး ဆက်လုပ်သွားတယ်၊ ပြီးရင် အဝတ်စလေးတွေ ဘေးရောက်သွားရော အထဲကနေ ကုတ်အင်္ကျီကို ချုပ်ပါလေရော" "ထူးဆန်းလိုက်တာ အံ့ဩစရာပဲ"လို့ ကိုလစ်ကပြောတယ်။ "အဲဒီလို လုပ်တာကို ငါသိပ်ကြည့်ချင်တာပဲ"

"ကောင်းဖြိလေ၊ အဘွားကြီးဆီသွားရင် မင်းတွေ့ရမှာပေါ့"လို့ မောင်ညစ်က စပ်ဖြဲဖြဲနဲ့ ပြောတယ်။ "ဒါပေမယ့် သူ့ဆီသွားရင် သတိထားရမယ်၊ ဘာလို့လဲဆိုတော့ သူကလူတွေကို သိပ်ဆူပူမာန်မဲတတ်တယ်ကွ"

ကိုလစ်ဟာ နောက်နေ့မှာ ကိုညစ်ရဲ့ ချုပ်အပ်ကို အပ်ဘူးထဲထည့်ပြီး စထွက်လာတယ်။ သူဟာ ဘတ်စ်ကားစီးပြီး မကြာခင်ပဲ ရောက်လာတယ်။ ကိုညစ်ရဲ့ အဘွားအိမ်ကို ရောက်လာတယ်၊ အိမ်လေးဟာ ချစ်စရာကောင်းလို့ ပြတင်းပေါက်တိုင်းမှာ ခန်းဆီးလှလှတွေနဲ့ သေသပ်လှတယ်၊ အဘွားကြီးက သူ့ကိုမြင်ရတော့ သိပ်သဘောကျဟန်မတူဘူး။ "ဩ မင်းပဲငါ့မြေးရဲ့မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

## အနီနဲ့အဝါရောင် သံခွေလေး

ဂျွန်ဟာအရုပ်ဆိုင်ပြတင်းပေါက်ကနေ သဘော်ရုပ်လေးကို လှမ်းမြင်ခဲ့တယ်။ အဲဒါဟာ အဖြူရောင်ရွက် သဘော်ကောင်းတစ်စီး ဖြစ်ပြီး 'စင်ရော်'လို့ခေါ်တယ်။ ဂျွန်ဟာ ဒီသဘော်လေးကို အရမ်းလိုချင်လာတယ်။

သူဟာ သူ့ပိုက်ဆံသေတ္တာထဲကို ဖွင့်လိုက်တယ်။ သဘော်က သုံးပေါင်ကျတယ်၊ သူ့ငွေတွေကို ရေတွက်လိုက်တော့ သဘော်ဝယ်ဖို့ လောက်တယ်ဆိုရုံပဲ။

"အမေ . . . သားငွေတွေကို သဘော်ဝယ်လိုက်ရမလား"လို့ သူမေးလိုက်တယ်။ "သားမှာ ဝယ်ဖို့ငွေလောက်တယ်၊ ဒါအတော်အကြာကြီး စုထားရတာ"

"သားရယ်၊ မင်းသဘောကျတယ်ဆိုရင် အန်းနဲ့ အတူသွားဝယ်ပေါ့" လို့ သူ့အမေကပြောတယ်။ အန်းဟာ ဂျွန်ရဲ့ညီမလေးပါ။ သူဟာ သူ့ညီမကို သိပ်ချစ်တယ်၊ ဒါကြောင့် သူ့ဆီသွားခေါ်ခဲ့တယ်။

"လာခဲ့ ညီမလေး၊ အရုပ်ဆိုင်မှာ သဘော်တစ်စီး အစ်ကိုသွားဝယ်မလို့၊ ညီမလေး လိုက်ချင်ရင် အစ်ကိုနဲ့ လိုက်ခဲ့"လို့ သူကပြောလိုက်တယ်။

ဒါကြောင့် သူတို့စထွက်လာကြတယ်။ လမ်းပေါ်အပြေးဆင်းလာကြတယ်၊ ဒါပေမယ့် သူတို့အရုပ်ဆိုင်ကို ရောက်တာနဲ့ အန်းဟာ ချော်လဲပြီး ဒူးထောက်ကျသွားတယ်။ သူဟာ လန့်ပြီးငိုတော့တယ်။ ဂျွန်ကသူ့ညီမအတွက် စိတ်မကောင်းဖြစ်ပြီး သူ့ဒူးခေါင်းကို လက်ကိုင်ပဝါနဲ့ စည်းပေးလိုက်တယ်။

ဒါပေမယ့် အန်းဟာအငိုမရပ်ဘူး။ သူဟာ ရှိုက်ရှိုက်ငိုရင်း သူ့အမေကို တနေတယ်။ ဂျွန်လဲ ဘာလုပ်ရမလဲ တကယ်မသိတော့ဘူး။


"အန်းရယ်၊ တိတ်ပါတော့ကွယ်"လို့ သူကချော့တယ် "နားထောင်နော် အစ်ကိုက ညီမလေးကို အရုပ်ဆိုင်ထဲက ကြိုက်တဲ့တစ်ခုခုကို အစ်ကိုဝယ်ပေးမယ်၊ အငိုတိတ်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com






"အစ်ကိုက တကယ်ဝယ်ပေးမှာလား"လို့ သူ့ညီမက မေးတယ်။

"အစ်ကို့မှာ သဘော်ဝယ်ဖို့ပဲ ပါတယ်မဟုတ်လား"

"ကိစ္စမရှိပါဘူးကွာ၊ အစ်ကိုက သဘော်ကို တစ်ခါထပ်လာဝယ်မှာပေါ့၊ ဒူးနာနေတဲ့ ညီမလေးအတွက် အသုံးဝင်တဲ့ တစ်ခုခုကို အစ်ကိုဝယ်ပေးပါ့မယ်"

ဂျွန်ဟာ သိပ်ကြင်နာတတ်သူပါ။ သူဟာ သဘော်ကို အရမ်းလိုချင်နေတယ်၊ ပြီးတော့ အန်းအဖို့ အရုပ်တစ်ရုပ် ဝယ်ပေးလိုက်ရင် သူ့မှာ သဘော်ဝယ်ဖို့ ငွေမလောက်တော့မှာကို သူသိနေတယ်။ ဒါပေမယ့် သူဟာ သူ့ညီမလေးကို သိပ်ချစ်တာမို့ သူ့အဆင်ပြေသွားစေချင်တယ်လေ။

သူတို့နှစ်ယောက်ဟာ ဆိုင်ထဲဝင်သွားပြီး အန်းကလှည့်ပတ်ကြည့်တယ်။ သူဟာ ဘာရွေးရမလဲမသိဘူး။

"ချစ်စရာ သံခွေသစ်လေးတွေ ကလေးတို့ကြည့်ကြမလား"လို့ ဆိုင်ရှင်ကမေးရင်း ကောင်မလေးကို အရောင်တောက်တဲ့ သံခွေအပုံကို ပြတယ်။ "ကြည့်ကြ၊ သူတို့အားလုံးကို အရောင်မတူအောင် ဆေးခြယ်ထားတာကွယ့်၊ မင်းက ဒါတွေကို လိမ့်မယ်ဆို ဘယ်လောက်လှလိုက်မလဲ၊ တုတ်ချောင်းလေးတွေကိုလဲ ခွေလေးတွေလိုပဲ အရောင်မျိုးစုံ ခြယ်ထားတယ်ကွယ့်"

"ဟုတ်တယ်၊ သမီး သံခွေကို ကြိုက်တယ်"လို့ အန်းကကျေနပ်စွာဆိုတယ်။ "သမီးအတွက် အနီရောင်နဲ့ အဝါရောင်သံခွေတစ်ခုလိုတယ် အရွယ်ကြီးတာလုပ်နော် . . . သမီးက အမြန်ပြေးနိုင်တယ် ဦးလေးရဲ့"

www.burmeseclassic.com





"ဘယ်လောက်ကျသလဲ"လို့ ဂျွန်ကမေးရင်း အိတ်ကပ်ထဲ တည့်လာတဲ့ငွေတွေကို စမ်းနေတာ။ ပြတင်းပေါက်နားက သင်္ဘောကို မကြည့်မိအောင် ကြိုးစားတယ်။

"သုံးပေါင်ထဲပါ၊ သံခွေနဲ့ တုတ်နှစ်ခုပေါင်းအတွက်ပေါ့"လို့ ဆိုင်ရှင်ကပြောတယ်။ ဒါကြောင့် ဂျွန်ဟာဆိုင်ရှင်ကို ငွေပေးပြီး သူနဲ့အန်းဟာ ဆိုင်ထဲက ထွက်လာကြတယ်။ အန်းကတော့ သိပ်ပျော်နေတယ်လေ။ သူဟာ တကယ်လှတဲ့ သံခွေပဲ၊ မကြာခင်သူဟာ ဒူးနာတဲ့အကြောင်းကို မေ့သွားပြီး သံခွေကို လမ်းပေါ်လှိမ့်လာခဲ့တယ်။

သူတို့ လျှောက်လာကြရင်းနဲ့ မြစ်ဘေးကဖြတ်သွားတော့ ဂျွန်ဟာ အသံတစ်သံကို ရုတ်တရက်ကြားတယ်။

"နားထောင်စမ်း၊ ဒါအကူအညီတောင်းသံ မဟုတ်လား၊ တစ်ယောက်ယောက်တော့ မြစ်ထဲကျနေပြီထင်တယ်၊ မြန်မြန်လာ၊ အန်းရေ . . . သွားကြည့်ရအောင်"လို့ သူကအန်းကို ပြောတယ်။

ကလေးနှစ်ယောက်ဟာ မြစ်ကမ်းဘေးကို အမြန်ဆင်းကြည့်ကြတယ်။ သူတို့ဟာ ကောင်မလေးတစ်ယောက် ရေထဲမှာ ရုန်းကန်နေတာကို တွေ့ရတယ်။ သူဟာ မြစ်ထဲပြုတ်ကျပြီး ပြန်တက်လို့မရဘူးလေ။ ဂျွန်ဟာ ရေမကူးတတ်ဘူး၊ ပြီးတော့ ရေကသူ့အတွက် သိပ်နက်တယ်။ သူဘာလုပ်သင့်

www.burmeseclassic.com



သလဲ၊ အနားမှာကယ်မယ့်သူ တစ်ယောက်မှမရှိဘူး။ သူတစ်ခုခုလုပ်မှ ဖြစ်မယ်၊ မဟုတ်ရင် မိန်းကလေး ရေနစ်သေလိမ့်မယ်။

အဲဒီနောက်မှာ သူ့ခေါင်းထဲကို ကျေနပ်စရာ အကြံတစ်ခုရောက်လာတယ်။ သူဟာ ထိတ်လန့်စွာ ကြည့်နေတဲ့ အန်းကိုခေါ်လိုက်တယ်။ "ညီမရဲ့ သံခွေအသစ်လေး ပေးစမ်းပါ အန်းရေ၊ ဒီသံခွေဟာ မိန်းကလေးလှမ်းကိုင်နိုင်လောက်အောင် မီမယ်ထင်တာပဲ၊ ပြီးရင် တို့နှစ်ယောက် သူ့ကိုကမ်းပေါ်အတူ ဆွဲတင်ကြတာပေါ့" စက္ကန့်ပိုင်းအတွင်းမှာ အန်းဟာ သူ့သံခွေကို ဂျွန်ကိုကမ်းလိုက်တယ်။ ဂျွန်ဟာ မိန်းကလေးဆီ ပြေးသွားတယ်၊ သူဟာ အနီးနားက သစ်ပင်ကို လှမ်းကိုင်ပြီးတော့ ရေထဲကို ကိုင်းညွှတ်ကာ ခိုင်ခိုင်ကိုင်ထားတဲ့ ရောင်စုံသံခွေကို ကောင်မလေးဆီ ပေးလိုက်တယ်။



"ဒါကိုဆွဲထားလိုက်၊ ဖမ်းကိုင်လိုက်"လို့ အော်လိုက်တယ်။

သံခွေဟာ ကောင်မလေးနားရောက်ရုံလေးပဲ။ သူဟာ လက်ဆန့်ပြီး ခဲယဉ်းစွာ လှမ်းကိုင်လိုက်တယ်။ ဂျွန်ကအားကုန်ဆွဲယူလိုက်တယ်။ တဖြည်းဖြည်းနဲ့ ကောင်မလေးကို ကမ်းဆီဆွဲတင်လာနိုင်တယ်။ ကောင်မလေးသိုခြုံဖို့ သံခွေကိုပုံပြောင်းတဲ့အ[illegible] ဂျွန်ဟာဆွဲတင်လိုက်တယ်။

www.burmeseclassic.com



သံခွေဟာ တစ်ပိုင်းပြတ်သွားပေမယ့် ကောင်မလေးတော့ ဘေးကင်းသွားတယ်၊ သူဟာ အမြန်တက်လာတယ်။ "ရှင်တို့ သံခွေကို ဒီလိုအသုံးပြုဖို့ တွေးမိတာ စိတ်ကူးကောင်းပါပဲ၊ အဲဒါ ပြုတ်သွားတဲ့အတွက် ဝမ်းနည်းပါတယ်၊ ကျွန်မအဖေကို ပြောပြီးအသစ်တစ်ခု ပြန်ဝယ်ပေးပါ့မယ်"


"ဒါဆို အဆင်ပြေတာပေါ့"လို့ ဂျွန်ကပြောတယ်။ "မင်းသာ တို့အိမ်လိုက်ပြီး ရေခြောက်အောင်လုပ်ပါ၊ ငါတို့နေတာ ဒီနားတင်ပဲ၊ ငါ့အမေက မင်းကို ခြောက်သွေ့အောင်လုပ်ပေးပြီး မင်းဝတ်ဖို့ အန်းရဲ့အဝတ်တွေ ပေးမှာပေါ့"

ဒါကြောင့်မို့လို့ သူတို့အားလုံး ထွက်ခဲ့ကြပြီး မကြာခင် မိန်းကလေးဟာ မီးပုံရှေ့မှာ အခြောက်ခံလိုက်တယ်။ ဂျွန်က မိန်းကလေးရဲ့ အမေကို သူဘယ်မှာရှိကြောင်း သွားပြောပေးတယ်။

သူ့အမေနဲ့အဖေဟာ ကလေးမကို ကြည့်ဖို့ အပြေးရောက်လာကြတယ်။ သံခွေအကြောင်း ကြားလိုက်ရချိန်မှာ သူတို့ဟာအန်းနဲ့ဂျွန်ကို သိပ်ကျေးဇူးတင်သွားတာပေါ့။

"မင်းတို့မနက်ဖြန် လူစီနဲ့အတူလာခဲ့ရမယ်"လို့ သူတို့ကပြောတယ်။ "ငါတို့က တို့သမီးလေးကို ကယ်ခဲ့တဲ့ မင်းတို့အတွက် ညစ်ခံပွဲလေးတစ်ခု လုပ်ပေးမယ်"

ညစ်ခံပွဲဟာ ပြည့်စုံပြီး ပျော်စရာပါ။ ညစ်ခံပွဲအဆုံးမှာတော့ လူစီရဲ့အမေက ပါဆယ်အထုပ်ကြီး နှစ်ထုပ်ယူလာတယ်။ တစ်ထုပ်က အန်းအတွက်





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး တစ်ထုပ်က ငွန်အတွက်ပေါ့။ အထဲမှာ ဘာတွေပါမယ်လို့ မင်းတို့ ထင်ကြသလဲ။

အန်းဟာ သံခွေတစ်ခုကိုရပြီး ငွန်ကတော့ အံသြဖွယ် ရွက်လှေလေး တစ်စီးပါ။ ဆိုင်ပြတင်းပေါက်မှာ သူမြင်ဖူးခဲ့တဲ့ သင်္ဘောလေးထက် ပိုကောင်း တယ်လေ။ သူကံမကောင်းလား။

"မင်းဒါကို ရဖို့ထိုက်တန်တယ် သား" လို့ အိမ်ပြန်ရောက်တော့ သူ့အမေက ပြောတယ်။ "မင်းဟာမင်းငွေနဲ့ အန်းချော်လဲတော့ သူ့အတွက် သံခွေတစ်ခု ဝယ်ပေးခဲ့တယ်၊ မင်းရဲ့ကြင်နာမှုက မင်းဝယ်မယ့် သင်္ဘောထက် ပိုကောင်းတဲ့ သင်္ဘောလေးကို ယူပေးခဲ့တာပဲ၊ အမေသားအတွက် ဂုဏ်ယူပါ တယ်၊ သားဟာ ကံကောင်းဖို့ တကယ်ထိုက်တန်ပါတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com

# သိပ်ဆိုးတဲ့ ရှဉ့်လေး

တစ်ခါက အနီရောင်ရှဉ့်နှစ်ကောင် ရှိပါတယ်။ သူတို့ဟာ အမွေးပွပွနဲ့ အမြီးထူထူနဲ့ ချစ်စရာမျက်လုံးလက်လက်တွေနဲ့ လှပတဲ့ သတ္တဝါလေးတွေပါ။ သူတို့ဟာ သစ်ပင်တွေပေါ်မှာ အတူနေကြပြီး သူတို့မှာ သစ်ခက်တွေ၊ သစ်ခေါက်တွေ၊ ရေညှိတွေ၊ သစ်ရွက်တွေနဲ့ လုပ်ထားတဲ့ အသိုက်ကြီးရှိတယ်လေ။ သူတို့ဟာ ဒီအသိုက်ကို နိုင်မာပြီး အတွင်းပိုင်းမှာ နွေးထွေးဖို့ ဆောက်ခဲ့ကြပါတယ်။

အသိုက်ထဲမှာ ရှဉ့်သားသမီးလေး လေးကောင်ရှိတယ်။ သူတို့ဟာ သူတို့အဖေ အမေနဲ့ တူကြတယ်။ ဒါပေမယ့် သိပ်မကြီးကြသေးဘူး၊ သူတို့ဟာ အသိုက်အပြင်သိပ်မထွက်ရသေးဘူး၊ ဒါပေမယ့် နေ့တိုင်းလို မိခင်ရှဉ့်မကြီးက သူတို့ကို အနည်းငယ် ခုန်ပေါက်ပြေးလွှားစေပြီး သစ်ပင်ပေါ်က ဆင်းစေတယ်၊ ပြီးရင် အသိုက်ကို လုံခြုံစွာ ပြန်ခေါ်သွားတယ်။

ရှဉ့်လေးတစ်ကောင်ဟာ သိပ်စွန့်စားချင်တာပဲ။ သူဟာ သူ့အမေ သူ့ကိုခေါ်တာထက် ပိုဝေးတဲ့ဆီကို သွားချင်တယ်။ "မရဘူး မွေးထူရဲ့၊ မင်း ပိုဝေးဝေးသွားလို့ မရသေးဘူး၊ မြေပေါ်မှာ အနီရောင်မြေခွေးတစ်ကောင် မင်းတွေ့သွားမယ်၊ ဒါမှမဟုတ် သိမ်းငှက်တစ်ကောင် မင်းကိုမြင်သွားပြီး ထိုးသုတ်သွားလိမ့်မယ်၊ ငါနဲ့အတူနေစမ်းပါ"လို့ သူ့အမေက သူ့ကိုပြောတယ်။

တခြားရှဉ့်လေးတွေ ဖြစ်ကြတဲ့ ဖိုးမြူး၊ ငတိုနဲ့ ဖိုးဝတို့ဟာ ကောင်းကောင်းနေပြီး စကားနားထောင်ကြတယ်။ သူတို့ဟာ ပြောသလို အတိအကျ လုပ်တတ်ကြတယ်။ ဒါပေမယ့် မွေးထူကတော့ သိပ်ဆိုးတာကွယ်။

"အမေက ငါသွားချင်တဲ့ဆီ သွားခွင့်မပြုရင် ငါကတို့ချည်းပဲ အသိုက်ထဲမှာ ကျန်ခဲ့တဲ့အထိ စောင့်ပြီးမှ ခုန်ထွက်ပြီး ငါ့ဘာသာ စွန့်စားရတာပေါ့" လို့ သူကတခြားသူတွေကို ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးမိုက်ပါနဲ့ မွေးထူရာ"လို့ ဖိုးဝကပြောတယ်။

"ငါကြိုက်သလိုဆိုးမယ်ကွာ"လို့ မွေးထူကပြန်ပြောတယ်။ အတော်ဆိုးတဲ့ရှဥ့်လေးပဲ။

နောက်နေ့မှာတော့ မိခင်နဲ့ ဖခင်ရှဥ့်ကြီးတွေဟာ တခြားသစ်တောရှိ သစ်ပင်တွေက တခြားရှဥ့်တချို့ဆီ စကားစမြည် သွားပြောကြတယ်။

သူတို့ဟာ ဟိုမှ သည်ကို ခုန်လွှားသွားကြတယ်။

သူတို့အမွေးတွေက ပေါ့ပါးတာကိုး။ ခဏချင်းပဲ သူတို့ဟာ မြင်ကွင်းထဲက ပျောက်ကွယ်သွားကြတယ်။ မွေးထူဟာ သူ့ခေါင်းလေးကို အသိုက်ထဲက ထွက်ကြည့်တယ်။

"ငါတော့ စွန့်စားဖို့သွားပြီ"လို့ သူ့အစ်ကို အစ်မတွေကို ပြောပြီး ထွက်သွားတော့တယ်။ သူဟာ သစ်ပင်ပေါ်က ဆင်းပြီး ခုန်ပေါက်ပြေးလွှားတာ သူ့အဖေနဲ့ အမေပြောပြခဲ့ဖူးတဲ့ သီးသန့်မှိုပွင့်တွေကို ရှာဖွေတယ်။ တစ်ခုမှ ရှာမတွေ့ပါဘူး။ ဒါကြောင့် သူဟာ စားစရာတစ်ခုခုရှာဖို့ သစ်ပင်တွေအကြား ခုန်ပေါက်သွားတယ်။

ရုတ်တရက်ပဲ အနီရောင်အကောင်ကြီးတစ်ကောင် သူ့ကိုစောင့်နေတာတွေ့လိုက်ရတယ်။ အဲဒါမြေခွေးဆိုတာ သူမသိဘူး။ သူကမြေခွေးကို ထူးဆန်းတဲ့ ရှဥ့်တစ်မျိုးလို့ ထင်တာကြောင့် ရဲဝံ့စွာပဲ နှုတ်ဆက်လိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာနံနက်ခင်းပါ"လို့ မြေခွေးက ပြန်ပြောရင်း ဝကစ်ကစ်ရှဉ့်လေးကို ကြည့်ကာ သူ့မျက်လုံးတွေ အရောင်တောက်လာတယ်။ "မင်း ငါ့အိမ်ကိုလိုက်လည်ပါလား"

"ခင်ဗျားက ဘယ်မှာနေတာလဲ"လို့ ရှဉ့်လေးကမေးတယ်။

"ငါကမြေကြီးထဲမှာ နေတာကွ"လို့ မြေခွေးကပြောတယ်။

"ထူးဆန်းတဲ့နေရာပဲ၊ ကျုပ်အိမ်က သစ်ပင်တွေထဲမှာ"လို့ ရှဉ့်လေးက အံ့သြတကြီး ဆိုတယ်။ "ငါ့အိမ်က သိပ်သက်သောင့်သက်သာရှိတယ်၊ ငါနဲ့အတူ ညနေစာလိုက်စားပါလား ရှဉ့်လေးရ၊ မင်းကြည့်ရတာ ဆာနေပုံပဲ"လို့ မြေခွေးကပြောတယ်။

"ကျွန်တော်ဆာတာပေါ့"လို့ မွေးထူကပြောရင်း ဒီသတ္တဝါကြီးဟာ သူ့အပေါ် သိပ်သဘောကောင်းပြီး ယဉ်ကျေးလှချည်လားလို့ တွေးမိတယ်။

"ခင်ဗျားနဲ့အတူ ကျွန်တော်လိုက်ပါ့မယ်"

"မင်း ရှေ့ကသွားလေ"လို့ မြေခွေးကပြောပြီး သူ့ခြေနဲ့သူ့တွင်းကို ညွှန်ပြလိုက်တယ်။ မွေးထူဟာ ဆင်းဖို့လုပ်နေတုန်းမှာ ရုတ်တရက်ပဲ သစ်ပင်တွေပေါ်က အသံကြားရတယ်။ သူမော့ကြည့်လိုက်တော့ သူ့အမေဟာ သူ့ကို ထိတ်လန့်စွာ ချောင်းကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မွေးထူ မွေးထူ၊ အဲဒါမြေခွေးပဲ သူကမင်းကို ညနေစာအဖြစ် စားပစ်မှာ အမြန်ပြေးပေတော့"

မြေခွေးဟာ ဒေါသတကြီး မာန်ဖီပြီး မွေးထူဆီပြေးလာတယ်။ ဒါပေမယ့် ကြောက်ရွံ့နေတဲ့ ရှဉ့်လေးဟာ အမြီးကို လှည့်ပတ်ခါယမ်းပြီး ထွက်ပြေးသွားတယ်။ မြေခွေးက သူ့အမြီးကို လှမ်းဟပ်လိုက်တာမို့ အမြီးထိပ်က အမွေးနှစ်ပင် သုံးပင်လောက်ပါသွားတယ်။သနားစရာ မွေးထူအဖို့ လက်မတင်လေး လွတ်လာရတယ်။

သူ့အမေက သူ့ကို အသိုက်ဆီပြန်ခေါ်သွားတယ်။ "ဆိုးရင်မိုက်ရင် ဘာဖြစ်လဲ တွေ့ပြီမဟုတ်လား၊ စကားနားမထောင်တဲ့ ရှဉ့်လေးတွေ" လို့ သူ့အမေက ဆူပူမာန်မဲတယ်။ "ငါသာအချိန်မှီရောက်မလာခဲ့ရင် မင်းတော့ မြေခွေးတွင်းထဲ ဆင်းသွားပြီး အစားခံရပြီ၊ မင်းကိုယ်မင်း သိပ်ပါးနပ်တဲ့ စွန့်စားတဲ့ ရှဉ့်လို့ထင်နေတယ်ပေါ့၊ ဒါပေမယ့် မဟုတ်ဘူး၊ မင်းဟာ သိပ်မိုက်မဲတာပဲ၊ မင်းတစ်ယောက်တည်း ပြေးလွှားမသွားရခင် ကမ္ဘာကြီးအကြောင်း ပိုသိလာအောင် စောင့်စမ်းပါဦး"

သနားစရာမွေးထူပဲ။ သူဟာအသိုက်အောက်ခြေမှာ ဖင်မြဲမြဲနေရတယ်၊ စကားတစ်ခွန်းမှ မဟတော့ဘူး။ သူဟာ ထိတ်လန့်ပြီး အရှက်ရနေရှာတယ်။ သူ့အမြီးဟာ နာနေတယ်။ သူ့အမြီးပါလုနီးပါး ဖြစ်ခဲ့တာကိုး။

"ငါ့အမေပြောသလို သွားလို့ရတဲ့ အချိန်မတိုင်ခင်အထိ ငါတစ်ယောက်တည်း မသွားတော့ဘူး"လို့ သူတွေးသတဲ့။ ဒီနောက်မှာတော့ သူဟာ အကျင့်ကောင်းပြီး တခြားသူတွေလို စကားနားထောင်လာပါတယ်။ သူဟာ လက်မတင်လေး လွတ်ခဲ့ရတာမဟုတ်လားကွယ်။

www.burmeseclassic.com

www.burmeseclassic.com





လစ်မဟုတ်လားဟဲ့၊ လစ်ရင်လစ်သလို လုပ်နေတာ မင်းစရိုက်ပဲ၊ ငါမအံ့သြ ပါဘူး၊ မင်းဘာကိစ္စလာတာလဲ"လို့ သူက ပြောတယ်။

"အဘွားကို တွေ့ချင်လို့ပါပဲ"လို့ ကိုလစ်ကပြောတယ်။ "ကိုညစ်က အဘွားအကြောင်း အတော်များများ ပြောပြထားပါတယ်၊ သူကအဘွားဟာ သိပ်စိတ်ထားကောင်းပြီး သိပ်ကြင်နာဖော်ရွေတယ်လို့ ပြောပြထားပါတယ်"

"ဟော့ . . . သူဆိုးတဲ့ညစ်တာတွေအတွက် သူ့ကိုငါ အကြိမ်တစ်ထောင် ဆူပူမာန်မဲခဲ့ရတာကိုရော ပြောမပြဘူးလား၊ သူ့ကိုငါ့ကို လာတွေ့ဖို့ ပြောလိုက်စမ်းဟေ့" လို့ အဘွားကြီးက ပြောတယ်။

ကိုညစ်ရဲ့အဘွားဟာ သိပ်ကြင်နာတတ်တဲ့ အဘွားကြီးမဟုတ်ဘူးလို့ ကိုလစ်က တွေးမိလိုက်တယ်။

"အဘွားမှာ တစ်ခါတုန်းက ပဥ္စလက်ချူပ်အပ်တစ်ချောင်းရှိခဲ့ဖူးတယ်ဆိုတာ ဟုတ်ပါသလားခင်ဗျာ"လို့ သူကမေးရင်း ထပ်အဆူမခံရခင် အဲဒါကို ရှာဖို့ စဉ်းစားလိုက်တယ်။

"မှန်တာပေါ့"လို့ အဘွားကြီးကဖြေတယ်။ "ဒီဗီရိုရဲ့ အောက်ဆုံးအံဆွဲထဲကဘက်ထောင့်ကို ကြည့်လိုက်၊ အပ်ခုံတစ်ခု မင်းတွေ့ရမယ်၊ အပ်က အဲဒီမှာစိုက်ထားတယ်၊ ယူလာခဲ့ . . . အဲဒီအပ်က ဘာလုပ်နိုင်တယ်ဆိုတာ မင်းကို ငါပြမယ်"

www.burmeseclassic.com

www.burmeseclassic.com

## ပန်းရောင်မျောက်လေး

တစ်ခါက သိပ်ကြည့်ကောင်းတဲ့ မျောက်ရုပ်လေးရှိတယ်။ သူ့မှာ ပန်းရောင်သားမွေးရှိပြီး ကြည့်ကောင်းတဲ့ မျက်လုံးတွေ၊ ပန်းရောင်အမြီးရှည်နဲ့ အလှဆုံး အစက်အပြောက်နဲ့ လည်စည်းတစ်ခုရှိပါသတဲ့။ သူ့နားတွေ အထဲမှာ စိမ်းနေတယ်၊ သူဟာ သူ့ကိုတစ်ခုခုလုပ်တာနဲ့ ထအော်နိုင်တယ်။

သူဟာ အရုပ်ဆိုင်ရဲ့ အောက်ဘက်စင်မှာ နေပါတယ်။ သူဟာ ဆိုင်ထဲမှာ အကြီးဆုံးနဲ့ အကောင်းဆုံးဖြစ်တဲ့အတွက် တကယ့်ကို ဂုဏ်ယူနေရှာတယ်။ သူဟာ ငွေအားဖြင့် အတော့်ကို တန်ဖိုးရှိတယ်၊ ဒါကြောင့် သူ့ကိုအတော်ကြာတဲ့အထိ ဘယ်သူမှမဝယ်နိုင်ဘူးလေ။

အရုပ်တွေအားလုံးက သူ့ကိုကောင်းကောင်းသိကြသလို အတော်ကြောက်ကြတယ်။ ဘာလို့လဲဆိုတော့ သူကသိပ်ခန့်ညားလို့ပါပဲ။ သူတို့က သူ့ကို သိပ်မကြိုက်ရတာက သူဟာ ကြွားဝါတတ်လို့လေ။

"ငါ့ကို ရောင်းရတဲ့အခါ ငါကနန်းတော်ထဲကို သွားနေရမှာလို့ ငါထင်တယ်"လို့ သူမကြာမကြာ ပြောလေ့ရှိတယ်။ "ငါ့ကို ချမ်းသာတဲ့ ကောင်လေး၊ ကောင်မလေး တစ်ယောက်က ပိုင်သင့်တယ်၊ ငါ့ကို ဂရုတစိုက် စောင့်ရှောက်ပြီး အရုပ်အိပ်ရာတစ်ခုနဲ့ ကိုယ်ပိုင်ကုလားထိုင် တစ်ခုပေးထားသင့်တယ်၊ သနားစရာ အရုပ်လေးတွေရဲ့ . . . ငါဘယ်လောက် အထက်တန်းကျမှန်း မင်းတို့ ဘယ်သိကြမလဲကွ"

"ကျုပ်တို့ကလဲ ဂရုမစိုက်ပါဘူး"လို့ အညိုရောက် ဝက်ဝံရုပ်လေးက ပြောတယ်။ သူဟာ မျောက်ရဲ့ ကြွားလုံးဝါးလုံးတွေအားလုံးကို နားထောင်ရတာ သိပ်ငြီးငွေ့နေပြီ။

မျောက်ဟာ မျက်မှောင်ကြုတ်ပြီး ထပ်မပြောတော့ဘူး။ တခြားအရုပ်တွေဟာ ပြောလို့မကောင်းဘူးလို့ သူတွေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ချမ်းသာတဲ့ ကောင်မလေးတစ်ယောက်ဟာ သူ့အဘွားနဲ့ အတူဆိုင်ထဲကို ဝင်လာတယ်။ အရုပ်တွေအားလုံးဟာ ဖြောင့်တန်းစွာထိုင်ရင်း သူ့ကိုကြည့်နေကြတယ်။ ဒါပေမယ့် ကောင်မလေးက သိပ်သဘောကောင်းပုံ မရဘူး။ သူဟာ သုန်သုန်မှုန်မှုန် မျက်နှာထားရှိပြီး လူတွေအပေါ် အမြဲရိုင်းပျ တတ်တယ်။

"ဘယ်အရုပ်လေးကို ကြိုက်သလဲကွယ်"လို့ သူ့အဘွားက ကြင်နာစွာ ပြောတယ်။ "ကနေ့ သမီးရဲ့မွေးနေ့ပဲ၊ ဒါကြောင့် သမီးကြိုက်တာ ဘာမဆို ရွေးယူပေတော့"

"တန်ဖိုးကြီးတဲ့ တစ်ခုခုပဲ လိုချင်တယ်" လို့ ကောင်မလေးက ပြော တယ်ကွယ့်။

"ကောင်းပြီ၊ ဟောဒီအရုပ်လေး ယူပါလားကွယ်၊ ဒီအရုပ်လေးက ဆယ့်ကိုးပေါင်ကျတယ်လေ" လို့ အရောင်းစာရေးမက ပြောပြီး လှပပြီး ရွှေရောင်ဆံပင်နဲ့ အရုပ်မလေးကို ယူပြတယ်။

"သမီးမှာ အရုပ်မတွေအများကြီးပဲ၊ ကျေးဇူးပဲ" လို့ ကလေးမက ပြောပြီး ဆိုင်ကိုပတ်ကြည့်တယ်။

"ပန်းရောင်မျောက်လေးပါလား၊ မျောက်ရုပ် တစ်ရုပ်လောက် လိုချင် တယ်၊ သူ့ဈေးက ဘယ်လောက်လဲ"

"သူက နှစ်ဆယ့်ငါးပေါင်ကျတယ်ကွယ့်၊ သိပ်လှတဲ့မျောက်လေးပဲ" လို့ အမျိုးသမီးကပြောတယ်။





www.burmeseclassic.com

www.burmeseclassic.com



“သမီး သူ့ကိုလိုချင်တယ် အဘွား၊ သူ့ကြည့်ရတာ သိပ်လှပုံပဲ၊ သူ့ကို ညဆိုသမီးရဲ့ အရုပ်ခုတင်မှာ အိပ်နိုင်ရမယ်၊ သူ့ကိုထားဖို့ အနေတော်ကုလားထိုင်လေးတစ်လုံးလဲ ရှိတယ်”လို့ ကောင်မလေးကပြောတယ်။

ဒီစကားကြားလိုက်ရချိန်မှာ မျောက်လေးဟာ သိပ်ဘဝင်မြင့်သွားတယ်။ သူ့ကို ချမ်းသာတဲ့ ကလေးမတစ်ယောက်က ဝယ်သွားပြီး ကောင်းကောင်းဆက်ဆံတာ ခံရမယ်လို့ သူအမြဲပြောခဲ့တယ်မဟုတ်လား။ အခုတော့ သူပြောတာမှန်မှန်း အရုပ်တွေအားလုံး တွေ့သွားကြပြီပေါ့။

အရောင်းစာရေးမဟာ သူ့ကိုထုပ်ပိုးပေးလိုက်တယ်၊ ကလေးမဟာ သူ့ကို အိမ်ခေါ်လာတယ်။ ကလေးမက သူ့ကိုကုလားထိုင်လေးမှာ ထိုင်စေတော့ သူဟာ သိပ်ဘဝင်မြင့်နေတယ်။ သူဟာ ကစားခန်းထဲက တခြားအရုပ်တွေကို လှည့်ပတ်ကြည့်လိုက်တယ်။ သူတို့ကြည့်ရတာ သိပ်ဟောင်းပြီး အထုအထောင်း ခံထားရပုံပဲ။ “မင်းတို့ကို ကြည့်ရတာ ငါမတွေးတတ်တော့ဘူး” လို့ မျောက်က မနှစ်မြို့စွာ ပြောပါတယ်။ “ဘာဒုက္ခဖြစ်လို့လဲ၊ မင်းတို့ကြည့်ရတာ ကျိုးပဲ့နေပုံပဲ”

“အေးလေ၊ မကြာခင် မင်းမြင်ရမှာပါ”လို့ နှာခေါင်းပဲ့နေတဲ့ အရုပ်မလေးကပြောတယ်။ “မေရီဟာ ဘယ်လောက်ကြမ်းတမ်းတဲ့ ကလေးမလဲဆိုတာ





www.burmeseclassic.com

www.burmeseclassic.com



ရှင်မသိဘူးနော်၊ သူကကျွန်မတို့ကို လွှင့်ပစ်တယ်၊ ထုနက်တယ်၊ သူစိတ်ဆိုးရင် ကျွန်မတို့ကို ချိုးဖွဲ့ပစ်တယ်၊ အဲဒါနေ့တိုင်းလိုပဲ"

"သနားစရာပဲ" လို့ မျောက်က အထိတ်တလန့်နဲ့ ပြောတယ်။ "အင်း ငါကတော့ ဒီလိုအလုပ်ခံရမယ် မဟုတ်ပါဘူး"

နောက်တစ်နေ့ ကစားခန်းထဲ မေရီရောက်လာချိန်မှာ သူဟာ စိတ်ဆိုး နေပြီး သူ့အရုပ်တွေကို လွှင့်ပစ်တယ်။ သူဟာ မျောက်လေးကို ကုလားထိုင်က ယူလာပြီး ခြေနဲ့ ဆောင့်နင်းပါတယ်။ မျောက်လေးက စူးရှစွာ အော်တယ်။ သူအော်တာ ကြားရတဲ့ ကောင်မလေးဟာ ခုန်တက်ပြီး ခပ်ကြမ်းကြမ်း နင်းချပါ တယ်၊ ဒီလိုလုပ်လေလေ ပိုအော်လေလေပါပဲ။

နောက်ဆုံးတော့ သူ့အော်တဲ့ ကိရိယာပြုတ်သွားပြီး နောက်ထပ် အသံမထွက်နိုင်တော့ပါဘူး။ ပြီးတော့ မေရီဟာ သူ့ကို ပြတင်းပေါက်ကနေ ပစ်ချလိုက်တာ လမ်းပေါ်ကိုကျပြီး မြောင်းထဲရောက်သွားပါတော့တယ်။

ဒီနေရာက ရွံ့ထူလှပါတယ်။ သနားစရာ မျောက်လေးဟာ ရေစပ်စပ် ထဲမှာ လှဲနေရရှာတယ်၊ စိုတဲ့ဒဏ်ကို ခံနေရပါတယ်။ သူဟာ သိပ်စိတ်ညစ် နေပါပြီ။ စဉ်းစားကြည့်စမ်းပါ၊ အရုပ်ဆိုင်ထဲက အလှဆုံးမျောက်လေးဟာ တက်နင်းခံရပြီး မြောင်းထဲပစ်ချခံရသင့်ပါသလား။ သူဟာ ရှက်ရွံ့စွာနဲ့ ငိုကြွေး မိပါတယ်။ အဲဒီတုန်းမှာ အဘွားအိုတစ်ယောက် ရောက်လာပါတယ်။ သူက မြောင်းထဲကျနေတဲ့ မျောက်ရုပ်လေးကို မြင်တော့ကောက်လိုက်ပါတယ်။

"ကလေးတစ်ယောက်ယောက် ပစ်သွားတယ်ထင်တယ်"

လို့ သူက ဆိုတယ်။

"ကောင်းပြီလေ၊ မင်းကြည့်ရတာ ရေစိုပြီး ညစ်ပတ်နေလိုက်တာ ကြည့်လို့တယ်မကောင်းတာပဲ၊ ငါမင်းကို အိမ်ကိုယူသွားပြီး ခြောက်အောင် လုပ်ပေးမယ်၊ အဲဒီလိုလုပ်လို့မှ ကြည့်လို့မကောင်းရင်တော့ မင်းကိုတစ်ယောက် ယောက်ကို ပေးပစ်မယ်ကွယ်"

သူဟာ မျောက်လေးကို ဆွဲခြင်းထဲမှာ အာလူးတွေ ဂေါ်ဖီတွေနဲ့ အတူ ထည့်လိုက်တယ်။ အာလူးတွေက သူ့ကိုအရင်ကထက်တောင် ပိုညစ်ပတ်စေ တယ်။ အစိမ်းရောင် ခူကောင်ကြီးတစ်ကောင်က ဂေါ်ဖီထုပ်ထဲက တွားထွက် လာပြီး သူ့နှာခေါင်းပေါ် တက်လာတယ်။ လန့်စရာပဲ၊ နောက်ဆုံးတော့ အဘွား ကြီးဟာ အိမ်ကိုရောက်လာတယ်။ သူဟာ အိတ်ထဲက ဟာတွေကို စားပွဲပေါ် ချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ညစ်ပတ်နေတဲ့ မျောက်ရုပ်လေးကို တွေ့တဲ့အခါ "သနား ရာပဲ"လို့ ရေရွတ်လိုက်တယ်။ "မင်းကိုပေးလို့တောင် မရတော့ဘူး၊ မင်း အမှိုက်ပုံးထဲ ထည့်ပစ်လိုက်တာပဲ ပိုကောင်းမယ်" မျောက်လေးဟာ သူ့နား တောင်မယုံနိုင်တော့ဘူး။ အမှိုက်ပုံးထဲ ပစ်မယ်တဲ့၊ နှစ်ဆယ့်ငါးပေါင်တန်ပြီး ဆိုင်ထဲမှာ အကောင်းဆုံးအရုပ်ဖြစ်ခဲ့တဲ့ သူ့လိုမျောက်မျိုးကို ဒီလိုလုပ်မယ် လား။ သူဟာ ဒေါသတကြီး အော်ဖို့ကြိုးစားတယ်၊ ဒါပေမယ့် အော်တဲ့ကိရိယာ ပျက်သွားပြီလေ။

ခဏလေးနေတော့ အဘွားကြီးက သူ့ကိုကောက်ကိုင်ပြီး ကြည့် တယ်။ "ငါမင်းကို ဆေးကြောပေးရမယ်၊ ဒါဆိုကြည့်ရတာ ဒီလောက်ဆိုး မှာမဟုတ်ဘူး"လို့ ပြောပါတယ်။

ကြောက်နေတဲ့ မျောက်လေးကိုကိုင်ပြီး သူဟာ ရေပူဘုံဘိုင်ကိုဖွင့် ဆေးကြောပါတော့တယ်။ ရေကသိပ်ပူတာပဲနော်၊ ပြီးတော့ သူ့ကို ကော ကောင်း ခါယမ်းပြီး ရေညှစ်ကာ ခြံထဲကိုယူလာပါတယ်။ သူဟာ မျောက်လေး ရဲ့နားရွက်တွေကို အဝတ်ကြိုးတန်းမှာ ညှပ်တွေနဲ့ ညှပ်ထားလိုက်တယ်။



သူဟာ သိပ်ရှက်ပြီး သိပ်စိတ်ညစ်သွားတယ်။ သူ့ကြည့်ရ မျောက်အိုကြီးနဲ့တူနေပြီလေ။ နေထွက်လာပြီး သူ့ကိုနွေးစေတယ်။ လေ တော့ သူ့ကိုခြောက်သွေ့စေတယ်။ သူ့သားမွေးဟာ ကြမ်းပြီးရှုပ်ထွေးသွား တယ်။ သူ့နားရွက်တွေ ပိုကြီးလာပြီး သူ့အမြီးလဲ မရှိတော့ဘူး။ သူ့ကြည့်ရတာ ရယ်စရာဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးထွက်လာပြီး သူ့ကိုညှပ်က ဖြုတ်လိုက်တယ်။ သူက မျောက်လေးကို အဝတ်စုတ်နဲ့ ခပ်ကြမ်းကြမ်းတိုက်လိုက်တယ်။ ပြီးတော့ သူ့ကို ကြည့်လိုက်တယ်။ "ကောင်းပြီ . . . မင်းကိုကြည့်ရတာ သိပ်မကောင်းသေးဘူး၊ ဒါပေမယ့် မင်းကို ဒေါ်ညီရဲ့ကလေးတွေကို ပေးလိုက်ရင် သူတို့တော့ သဘောကျသွားမှာပဲဆိုတာ သေချာတယ်။ အဲဒီမှာ ကလေးခြောက်ယောက်ရှိပြီး သူတို့မှာ အရုပ်နှစ်ရုပ်ပဲ ရှိတယ်လေ၊ ငါ မင်းကိုမကြာခင် သူတို့ဆီ ယူသွားတော့မယ်" လို့ သူကပြောတယ်။

သူဟာ မျောက်လေးနဲ့အတူ ထွက်လာတယ်။ အရုပ်နည်းနည်းပဲ ရှိတဲ့ ကလေးခြောက်ယောက်ကို တွေ့မိတော့ သူတုန်လှုပ်သွားတယ်။

သူဘာဖြစ်ဦးမှာလဲ။ အထုအထောင်းခံရ၊ လွှင့်ပစ်ခံရ၊ အရိုက်ခံရဦးမှာလား။ အတော်ဆိုးတဲ့ ကံပါလားကွယ်။

ကလေးခြောက်ယောက်ဟာ မျောက်လေးကိုမြင်တော့ ရွှင်မြူးသွားကြတယ်။ ခြောက်ယောက်ထဲမှာ ကိုးနှစ်အရွယ်က အကြီးဆုံးဖြစ်ပြီး တစ်နှစ်သားကအငယ်ဆုံးပဲ။

"သူမလှလား" လို့ ပီတာကအော်တယ်။





www.burmeseclassic.com

www.burmeseclassic.com



"သူကအသုံးဝင်ပြီး ပွေ့ထားချင်စရာ မကောင်းလား"လို့ မော်လီက အော်ဟစ်တယ်။

"ကျွန်တော် သူ့ကိုချစ်တယ်၊ သူက အံ့သြစရာမဲ့"လို့ ဂျွန်ဆိုတဲ့ ကလေးကပြောတယ်။


"ကျွန်မက သူ့ကိုအပိုင်လိုချင်တာ"လို့ အီလင်ကပြောတယ်။

ဘယ်သူကမှ သူ့အပေါ် ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံကြဘူး။ ကလေးတိုင်းက သူ့ကိုပွတ်သပ်ပေးပြီး ပျာပျာသလဲ ဂရုစိုက်ကြတယ်။

"မင်းတို့ သူ့ကို နေ့ဘက်မှာ တစ်ယောက်စီယူပြီး ညကျရင်လဲ ကိုင်ကြ"လို့ သူတို့အမေ ဒေါ်ညိုကပြောတယ်။ "သူက အသုံးဝင်တဲ့ မျောက်ရုပ်လေးပဲ၊ မင်းတို့သူ့ကို ကောင်းကောင်းဆက်ဆံကြ"

ဒါကြောင့် ကလေးတိုင်းက မျောက်လေးကတစ်နေ့နဲ့ တစ်ညစီ လှည့်ကိုင်ကြရတယ်။ ပထမဆုံး ပီတာက သူနဲ့ကစားတယ်၊ လမ်းပေါ်က ကလေးတွေကို သူ့အရုပ်ကို ဂုဏ်ယူစွာပြလေ့ရှိတယ်။ ညကျတော့ သူဟာ မျောက်ရုပ်လေးကို အိပ်ရာမှာတင်ပြီး ချစ်မြတ်နိုးစွာ ဖက်အိပ်တယ်။ ပြီးရင် မော်လီအလှည့်၊ ပြီးရင် အားလုံးတစ်လှည့်စီ ယူကြရတယ်။

မျောက်လေးဟာ သိပ်ပျော်ရှာတယ်။ သူ့ရဲ့ အထက်တန်းစား စိတ်ခံစားတွေ ပျောက်ကုန်ပြီ၊ ကြွားလုံးဝါးလုံးတွေလဲ မေ့သွားပြီလေ။ ကလေးတွေက သူ့ကိုချစ်ပြီး သူကလဲ ကလေးတွေကို ချစ်တယ်။ သူတို့နဲ့ နေရတာ မပူပန်မိဘူး။ သူတို့က သူ့အပေါ် သိပ်ကြင်နာတာပဲဟာ။ ဘယ်သူမှ သူ့အပေါ်





www.burmeseclassic.com

www.burmeseclassic.com



တက်မနင်းကြဘူး။ မေရီ လုပ်သလို ဘယ်သူမှ သူ့ကိုပြတင်းပေါက်ကနေ လွှင့်မပစ်ကြဘူး။

တစ်နေ့မှာ သူဟာ မျက်လုံးတစ်လုံး ပျောက်သွားတော့ ဒေါ်ညိုက အဲဒီနေရာမှာ အနက်ရောင်ကြယ်သီးလေးတစ်လုံး ချုပ်ပေးလိုက်တယ်။ သူ့ကြည့်ရတာ နည်းနည်းဆန်းနေတယ်၊ ဒါပေမယ့် ကလေးတွေက သူ့ကို အရင်လို ချစ်ကြတုန်းပဲ။ နောက်တစ်ခါ သူဟာ အမြီးတစ်ပိုင်းနဲ့ နားရွက်တစ်ဖက် ပျောက်သွားပြန်တယ်။ ဒါပေမယ့် သူသာ တစ်လောကလုံးမှာ အလှဆုံးမျောက်လို့ ကလေးတွေက ထင်နေတုန်းပါပဲ။ သူဟာ ကလေးတစ်ယောက်စီနဲ့ ညတိုင်း အိပ်ရာပေါ်မှာ အိပ်ပြီး အမြဲအပွေ့အဖက်ခံရပါတယ်။

တစ်နံနက်မှာ ကလေးတွေက သူ့ကို ပန်းခြံထဲခေါ်သွားကြပါတယ်။ အဲဒီမှာ မိခင်ပါတဲ့ တခြားကလေးတစ်ယောက် ရှိနေတယ်။ အဲဒီကလေးမှာ ဝက်ဝံရုပ်လေး ပါလာတယ်။ ကောင်လေး ကစားနေချိန်မှာ ဝက်ဝံရုပ်လေးဟာ ထိုင်ခုံပေါ်ထိုင်နေပါတယ်။ ဒေါ်ညိုရဲ့ ကလေးတွေဟာ သူတို့မျောက်ရုပ်ကို ဝက်ဝံရုပ်ဘေးက ထိုင်ခုံမှာတင်ထားခဲ့ကြပါတယ်။ သူတို့ဟာ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြတယ်။

"ခင်ဗျားက ကျုပ်နဲ့အတူ ဆိုင်မှာနေခဲ့တဲ့ အညိုရောင် ဝက်ဝံရုပ် မဟုတ်လား" လို့ မျောက်လေးက အော်ပြောလိုက်တယ်။

"ဟုတ်တယ်" လို့ပြောရင်း ဝက်ဝံဟာ သနားစရာ ထုထောင်းခံခဲ့ရတဲ့ မျောက်လေးကို အံ့ဩစွာကြည့်လိုက်တယ်။ "ဒါပေမယ့် မင်းဟာ ပန်းရောင် မျောက်လေး အစစ်မဟုတ်နိုင်ဘူး။ မင်းကကြည့်ရ သိပ်ဆိုးတာပဲ၊ ချမ်းသာတဲ့ ကလေးမလေးတစ်ယောက်နဲ့ အိမ်ဂေဟာကြီးဆီ မင်းလိုက်သွားတာ ငါမှတ်မိတယ်။ ဒါပေမယ့် အခုမင်းက ညစ်စုတ်စုတ်ကလေးတွေနဲ့ ဒီမှာ ဘာလာလုပ်နေတာလဲ၊ မင်းမှာကြယ်သီး မျက်လုံးတပ်ထားပြီး နားရွက်ကလဲ တစ်ဖက်တည်းရှိတော့ပါလား။ မင်းနဲ့စကားပြောရတာ ငါရှက်လိုက်တာ၊ မင်းမရှက်ဘူးလား၊ ဒီလိုကလေးတွေက မင်းကိုပိုင်တဲ့အတွက်"

မျောက်လေးဟာ ရယ်ပါလေရော။

"ကျုပ်ငယ်ငယ်တုန်းက ရူးမိုက်ခဲ့တာပေါ့ဗျာ"လို့ ပြောရှာတယ်။ "ကျုပ်ဟာ ကိုယ်ပိုင်မွေ့ရာတစ်ခု၊ ကုလားထိုင်တစ်လုံးနဲ့ အတူကစားဖို့ လူချမ်းသာကလေးမတစ်ယောက်ကို ရခဲ့တယ်၊ ဒါပေမယ့် မေတ္တာနဲ့ ကြင်နာမှုကိုတော့ မရခဲ့ပါဘူး၊ ဒီကလေးတွေက ညစ်ပတ်ပြီး ဆင်းရဲချင်ဆင်းရဲမယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com





သူတို့က ကျွန်တော့်ကို ဘယ်လိုညှာတာရမလဲ၊ မေတ္တာထားရမလဲဆိုတာ သိကြတယ်။ ကျွန်တော်ကလဲ သူတို့ကိုချစ်တယ်။ ကျွန်တော့်အနေနဲ့ နေပါပြီး အထက်တန်းမကျချင်တော့ဘူး၊ ခင်ဗျားဟာ ကလေးပဲဖြစ်ဖြစ် အမေပဲဖြစ်ဖြစ် တစ်ခုတည်းသော ကိစ္စကတော့ ချစ်ဖို့ကြင်နာဖို့ ဒါတွေကို အမှတ်ရနေဖို့ ပါပဲ



www.burmeseclassic.com

www.burmeseclassic.com



ဝက်ဝံညီရယ်၊ ကျွန်တော်က တခြားသူတွေကို ချစ်ပြီး သူတို့ကိုပျော်ရွှင်စေတယ်၊ သူတို့ကလဲ ကျွန်တော့်ကိုချစ်ပြီး ကျွန်တော်ပျော်အောင် လုပ်ပေးတယ်၊ ဘယ်သူမှ ဒီ့ထက်ပိုကောင်းတာ လိုချင်ဦးမတဲ့တုံး"

"မင်းကတော့ မှားပြီး မိုက်သွားပြန်ပြီ"လို့ ဝက်ဝံရုပ်ကပြောပြီး ခေါင်းကို လှည့်လိုက်တယ်။ "မင်းကိုအကြည့်ရဆိုးတဲ့ သတ္တဝါနဲ့ စကားပြောဖို့ ငါတကယ်ကို တွေးမထားခဲ့ဘူး"

ဒါပေမယ့် ပန်းရောင်မျောက်လေးဟာ သူပဲ မဟုတ်လား။ ကလေးတွေက သူ့ကိုပိုင်ဆိုင်ကြတုန်းပဲ။ အခုဆို သူ့အမြီးတစ်ခုလုံး ပျောက်သွားခဲ့ပြီပေါ့၊ ဒါပေမယ့် သူကဂရုမစိုက်ပါဘူး။ သူဟာ ပွဲ့ဖက်ခံရတုန်း အချစ်ခံရတုန်းပဲလေ၊ ဒါကြောင့် သူဟာအပြည့်အဝ ပျော်နေရပါတယ်။ သနားစရာ ထုနှက်ခံရဖူးတဲ့ သားမွေးနဲ့ မျောက်ရှေလေးရယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုလစ်ဟာ အပ်ကို အလွယ်တကူရှာတွေ့တယ်။ သူဟာအဲဒါကို အပ်ခုံကနေ ဖြုတ်ယူလာပြီး အဘွားကြီးကို ပေးလိုက်တယ်။ အဘွားကြီးက အပ်မှာ အပ်ချုပ်အနီကိုထိုးပြီး ကိုလစ်ရဲ့အိတ်ထဲက အနီရောင်လက်ကိုင်ပဝါ အသစ်လေးကို ဆွဲယူကာ အဲဒီအပေါ်မှာ အပ်စိုက်လိုက်တယ်။

"အရုပ်မဝတ်စုံလေး ချုပ်စမ်း"လို့ သူကကျယ်လောင်တဲ့ အသံနဲ့ ပြောလိုက်တယ်။ ပြီးတော့ ကိုလစ်အံ့သြလောက်အောင်ပဲ ချုပ်အပ်ဟာ လုပ်ငန်း စတော့တယ်၊ သိပ်မကြာခင်မှာပဲ လှပတဲ့အရုပ်မဝတ်စုံလေး စားပွဲပေါ်မှာ ပေါ် လာတယ်။ အားလုံးသေသေသပ်သပ်နဲ့ ချုပ်ပြီးသွားတယ်။ ချုပ်အပ်ဟာ ဝတ်စုံ ထဲကို ဝင်သွားပြီး အနီရောင်အပ်ချည်ကြိုးလေးနဲ့ အလွန်မြန်စွာ ချုပ်ရိုးလိုက် တယ်။ မြန်လွန်းလို့ ကိုလစ်တောင် မီအောင် လိုက်မကြည့်နိုင်ဘူးလေ။



"ထူးဆန်းလိုက်တာ ဒါပေမယ့်၊ ကျွန်တော်လက်ကိုင်ပဝါလေး ဘာ ဖြစ်သွားပြီလဲ၊ အဘွားအနေနဲ့ အဲဒါကို အရုပ်မဝတ်စုံ မလုပ်သင့်ပါဘူး"လို့ ကိုလစ်ကပြောတယ်။

"ငါ့ကို ဒီလိုမပြောနဲ့စမ်း"လို့ အဘွားကြီးက ကိုလစ်ကို ဒေါက်လိုက် တယ်။ "မင်းပြောရဲပြောကြည့်"

ကိုလစ်ထွက်ပြေးပါရော။ သူဟာ အရုပ်မဝတ်စုံလေးကို သူ့အိတ်ထဲ ထည့်လိုက်တယ်။ သူဟာ အားရပါးရ စပ်ဖြဲဖြဲပြုံးနေတယ်။ သူ့အနေနဲ့ အပ် နှစ်ချောင်းကို လဲပြီးပြီလေ။ သူ့အပ်ဘူးထဲမှာ ပဉ္စလက်ချုပ်အပ်ရောက်နေပြီ သူယူလာတဲ့ တစ်ချောင်းကိုတော့ အဲဒီမှာချန်ထားခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com

## ဒေစီပန်းပင်လေး

တစ်ခါက ဒေစီပန်းသစ်စေ့လေးဟာ လေထဲမျောပါလာပြီး ခြံထဲကျလာပါတယ်။ သစ်စေ့လေးဟာ ကလေးတွေကစားရာ မြက်ခင်းပေါ်ကို ကျလာတယ်။ သူဟာ အမြစ်သေးသေးလေးနဲ့ အညှောက်လေးကို နေရာချတယ်၊ ပြီးတော့ စ ရှင်သန်ကြီးထွားလာပါရော။ အညှောက်လေးကနေ အရွက်လေးနှစ်ရွက်ပေါက်ပြီး နေရောင်ထဲရောက်လာကြတယ်။

ပြီးတဲ့အခါ မြက်ကခပ်ပြတ်ပြတ် စကားလာပြောပါတယ်။ "ဒီနေရာကထွက်သွားစမ်း . . . ဒေစီပင်ရဲ့၊ မြက်ခင်းက မြက်ခင်းပဲ၊ မြက်ခင်းမှာ မြက်ပဲ ပေါက်သင့်တယ်၊ ဒေစီပန်းတွေ အပင်ငယ်တွေ ဆူးလေပင်တွေကို ဒီနေရာက အလိုမရှိဘူး၊ တခြားနေရာကို ထွက်သွားပြီး သွားပေါက်စမ်း"

"မသွားနိုင်ဘူး"လို့ ဒေစီပင်လေးက ပြောတယ်။ "အတော်ညာတာမှု မရှိတာဘဲ၊ ကျွန်တော့်မှာ စတော်ဘယ်ရီပင်တွေလိုမျိုး နွယ်လိုအမြစ်တွေ မရှိဘူး၊ သူတို့က နေရာအနှံ့ကိုသွားပြီး သူတို့ အလိုရှိရာမှာ စတော်ဘယ်ရီပင် အသစ်လေးတွေ ပေါက်နေတာဗျ၊ ကျွန်တော်ကတော့ ဒီမှာပဲ နေချင်တယ်၊ ဒါကလေးကစားတဲ့ မြက်ခင်းပဲဟာ၊ကလေးတွေက မြက်ထက်စာရင် ဒေစီပန်းကို ပိုကြိုက်တယ်ဗျ"

"ကောင်းပြီလေ၊ ငါတို့က မင်းကိုပတ်ပြီး ထူထဲစွာပေါက်ရောက်ပြီးတော့ ငါတို့ရဲ့ ရာချီတဲ့ အစိမ်းရောင် အရွက်ရှည်တွေနဲ့ မင်းကိုဖုံးဖိပစ်မှာနော်" လို့ မြက်ကပြောတယ်။ "ငါတို့က မင်းကို အလင်းနဲ့နေရောင် မရအောင် ပိတ်ဆို့ ထားလိုက်ရင် မင်းသေသွားမှာပဲ"

ဒါကြောင့် မြက်ပင်ဟာ ဒေစီပင်လေးကို ဝန်းရံလို့ နီးကပ်စွာပေါက်ရောက်ပြီး နေရာလပ်မကျန်အောင် လုပ်ပစ်တယ်။ သိပ်ဒုက္ခရောက်သွားတာပေါ့၊ ပန်းပင်လေးဟာ ဝတ်ရည်စုပ်ငှက်လေးကို အမြန်ခေါ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမြက်ခင်းထဲမှာ လုံလုံခြုံခြုံ ရှင်သန်လာအောင် ကျွန်တော် ဘာလုပ်ရမလဲ၊ မြက်ကတော့ ကျွန်တော့်ကို အသက်ရှုကျပ်အောင်လုပ်နေပြီ"

"ငါသိတဲ့ ဆူးလေပင်တွေကို သွားမေးကြည့်ပါဦးမယ်"လို့ ဝတ်ရည်စုပ်ငှက်ကပြောရင်း သူမရဲ့တောင်ပံတွေကို ဖြန့်ထုတ်လိုက်တယ်။ "ဒီနေရာက ခွင့်မပြုပေမယ့် တင်းနစ်ကစားတဲ့ မြက်ခင်းမှာ ပေါက်နေတာ တချို့ရှိတယ်၊ သူတို့ဘယ်လို စီစဉ်သလဲဆိုတာ ငါသွားမေးလိုက်ဦးမယ်"

မိနစ်အနည်းငယ်အတွင်း ဝတ်ရည်စုပ်ငှက်ဟာ ပြန်လာတယ်။ "ဆူးလေပင်ကတော့ လုံးဝလွယ်ပါတယ်လို့ ပြောလိုက်တယ်။ မင်းကမြက်ခင်းပေါ်မှာ ခပ်မြဲမြဲထိုင်ထားပြီး မင်းအရွက်တွေကို ခိုင်မာစွာ ဖြန့်ထုတ်ဖို့ပဲတဲ့၊ ပြီးတော့ မြက်ကိုဒီနေရာမှာ မင်းနေမယ်လို့ ပြောပြတဲ့"

"အို . . . ကျေးဇူးပါပဲ သင်ပြောတဲ့အတိုင်း လုပ်ပါ့မယ်" လို့ ဒေစီပင်က ပြောတယ်။





www.burmeseclassic.com

www.burmeseclassic.com



သူ့အရွက်တွေဟာ အခု ကောင်းစွာကြီးထွားလာပြီ။ သူဟာ ဒါ... ကိုလေထဲမှာ လွှင့်ထားခဲ့တယ်။ ဒါပေမယ့် သူ့ကိုယ်သူတော့ မြက်ပေါ်မှာ နိုင်... စွာ ကုတ်ကပ်ထားတယ်။ သူဟာ ပွင့်ချပ်ထဲက သူတို့ကို ပတ်ပတ်လည်... ကျွမ်းကျင်စွာ နေရာချတယ်။ ဒါကြောင့် အောက်ကမြက်ရဲ့ အရွက်ရှည်... ဟာ ဒေစီပင်ကို လေနဲ့အလင်းမရအောင်နဲ့ ရွှေ့သွားအောင် မလုပ်နိုင်ဘူးပေါ့။

"ကျွန်တော်ဒီမှာ နေသင့်တယ်"လို့ ပန်းပင်လေးက မြက်ကိုလှည့်ပြော... တယ်။ "ကျွန်တော့် ရွက်ချပ်တွေကို ဖြန့်ပြီး ဒီမှာနေမှာပဲ၊ ဒါဟာ ကျွန်တော့် နေရာလေးပဲ၊ ဖယ်ပေးတော့ မြက်ရေ၊ မဟုတ်ရင် ခင်ဗျားကို ကျွန်တော်ထိုး ချမှာနော်"

မြက်ဟာ မြည်တွန်တောက်တီးတယ်၊ ဒါပေမယ့် သူဘာမှမလုပ်နိုင် ဘူး။ ခိုင်မာတဲ့ ဒေစီရွက်တွေရဲ့ ပွင့်ချပ်ကိုဖယ်ရှားဖို့ သူ့ကို ဖုံးအုပ်ပစ်ဖို့ လုပ်လို့ မရဘူးလေ။

ဒေစီပင်လေးဟာ ခိုင်မာတဲ့ အညွှန့်အဖူးလေးတွေ ထွက်လာပြီး သူတို့က နေထဲမှာ ပွင့်လာကြတယ်။ သူတို့ဟာ ပန်းရောင်ပွင့်ချပ်ကို ခွဲထွက် ပြီး အလယ်မှာ ရွှေရောင်မျက်လုံးတစ်လုံး ပါတယ်လေ။

"ဒါ ငါ့နာမည် ဖြစ်လာရတဲ့အကြောင်းပဲ၊ ဒေစီဆိုတာ နေရဲ့ မျက်လုံး တဲ့လေ" လို့ ဒေစီပင်လေးကပြောတယ်။

ကလေးတွေဟာ မြက်ခင်းပေါ်မှာ ကစားရင်း ထိုင်ချလိုက်တော့ ဒေစီ ပန်းပင်လေးကို တွေ့သွားကြတယ်။





www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း၊ ဒေစီပန်းတွေ နည်းနည်းခူးစမ်းပါ၊ အစွေ့ပန်းအိုးလေးထဲမှာ ထိုးရအောင်"လို့ ပီတာကပြောတယ်။

"ဟုတ်တယ်၊ ခူးဟာ . . . ဒေစီပန်းတွေကို ငါချစ်တယ်၊ သူတို့ကြည့်ရတာ ရွှေရောင်မျက်လုံးတွေလိုပဲ၊ တို့ မြက်ခင်းမှာ ဒီပန်းလေးတွေ ပေါက်တာ ငါ ဝမ်းသာတယ်၊ မြက်ကို ကျော်ပြီး သူတို့ကြီးထွားလာတာ အံ့သြပါရဲ့"လို့ ဂျိမ်းကပြောတယ်။

"အင်း၊ မြက်တောထဲမှာ လှည့်စားပြီးပေါက်ရတဲ့နည်းကို ငါသိသွားပြီ၊ ငါလုပ်ဖို့လိုတာက ကျွန်တော်ဒီမှာထိုင်ဦးမယ်" ပြောပြီး "ပွင့်ချပ်ထဲက သစ်ရွက်တွေကို နေရာချပေးတာပဲ၊ ပြီးရင် နေရာတကာမှာ ငါပေါက်နေနိုင်ပြီ"

လုံးဝမှန်ပါတယ်၊ ဒါဟာ ဒေစီပန်းတွေ အမြဲလုပ်ရမယ့် ကိစ္စပါပဲ။ မင်းတို့ခြံထဲက ဒေစီပန်းတွေကို နောက်တစ်ကြိမ် သွားကြည့်လိုက်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com

# နတ်လေချွန်နဲ့ကလေးများ

လေညင်းတောအုပ်ထဲမှာ အလွယ်တကူ တွယ်တက်လို့ရတဲ့ သစ်ပင်တွေ၊ လေပြည်ထဲမှာ ဂယက်ထတဲ့ ရေအိုင်လေးနဲ့ ချစ်စရာ မြေကွက်လပ်လေး ရှိတယ်။

သစ်ပင်တစ်ပင်မှာ အကိုင်းနိမ့် တစ်ခုရှိတယ်။ ဒီအကိုင်းဟာ ကလေး သုံးယောက်ခိုလို့ရအောင် နိုင်တယ်။ ကလေးတွေဟာ သစ်ကိုင်းကို သူတို့ကြိုက် သလောက် ခိုစီးကြတယ်၊ ကလေးအားလုံးဟာ ဒီလိုလုပ်ရတာကို ကြိုက်ကြ တယ်၊ အကြီးဆုံးကလေးလဲ ဒီလိုပဲပေါ့။

ကလေးငါးယောက်ဟာ စနေနေ့တိုင်း မြေကွက်လပ်လေးကို ကစား ဖို့လာကြတယ်။ သူတို့ဟာ သိပ်ငယ်တယ်၊ မိန်းကလေးသုံးယောက် ယောကျ်ား လေးနှစ်ယောက်ကွယ့်။ ဂျင်း၊ ကစ်တီ၊ အဲလစ်၊ ဂျွန်နဲ့ အဲရစ်တို့ပေါ့။ သူတို့ဟာ ရေအိုင်လေးမှာ သူတို့လှေလေးတွေကို လွှတ်ကြတယ်၊ သစ်ကိုင်းကို ခိုစီးကြ တယ်၊ သစ်ပင်တွေပေါ် တက်ကြတယ်ကွယ့်။

တစ်နေ့မှာတော့ ခပ်ကြီးကြီး ကောင်လေးနှစ်ယောက်ဟာ မြေကွက် လပ်ကို ရှာတွေ့သွားတယ်။ သူတို့ဟာ ရွှင်မြူးစွာ ကြည့်နေကြတယ်။

"ဒီနေရာဟာ တို့အတွက်ပဲ၊ သစ်ပင်တွေတက်လို့ရတယ်၊ ရေထဲလှေ လွှတ်လို့လဲရတယ်၊ မီးပုံပွဲ ကျင်းပလို့ရတယ်" လို့ ရှိုင်းကပြောတယ်။

"ဒီသစ်ပင်တွေမှာ အခေါင်းတစ်ပေါက်လောက် တို့ရှာရအောင်၊ တို့ ရှက်လှေတွေနဲ့ သကြားလုံးတွေ ဘောလုံးတွေ ဝှက်ထားဖို့နေရာပေါ့၊ ပြီးရင် အဲဒါတို့မြေကွက်ဖြစ်မှာပဲ၊ ဘယ်သူ့ဟာမှ မဟုတ်ရဘူး"လို့ တယ်ရီက ပြော တယ်။

ဒါကြောင့် သူတို့ဟာ သစ်ပင်တစ်ပင်မှာ သတိပေးစာကပ်လိုက် တယ်။ "ပုဂ္ဂလိကပိုင်၊ မကျူးကျော်ရ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com






နောက်စနေနေ့မှာ ကလေးငါးယောက် အဲဒီကိုရောက်လာတော့ သူတို့ဟာ သတိပေးစာကို မြင်ရတယ်။ "ဒါ ဘာသဘောလဲ၊ ဒီနေရာဟာ ပုဂ္ဂလိကပိုင် မဟုတ်ပါဘူး၊ အားလုံးအတွက်ပဲဟာ"လို့ အဲလစ်ကပြောတယ်။

"ဒီ သတိပေးစာကို ဖယ်ပစ်ရမယ်"လို့ အဲရစ်ကပြောပြီး အဲဒီလိုဖွဲ့စွာ လုပ်လိုက်တယ်။ ပြီးတော့ သူတို့ဟာ ထုံးစံအတိုင်း ကစားနည်းတွေ စားကြတယ်။ သစ်ကိုင်းခိုစီးတာ၊ ရေအိုင်ထဲမှာ လှေလွှတ်တာတွေပေါ့။

သိပ်မကြာခင်ပဲ တယ်ရီနဲ့ ရှိုင်းတို့ရောက်လာတယ်။ သူတို့ဟာ သစ်ခေါင်းထဲ ဝှက်ထားတဲ့ ပစ္စည်းတွေကို သယ်လာကြတယ်။ သူတို့ရောက်လာတဲ့အခါ ကလေးတွေ အော်ဟစ်နေတဲ့ အသံကြားတော့ ဒေါသဖြစ်ကြတယ်။

"ကလေးတွေပါလား၊ သူတို့က ငါတို့သတိပေးစာကို ဖြုတ်ထားတယ်၊ ကြည့်စမ်း"လို့ တယ်ရီကပြောတယ်။ "သူတို့ကို မောင်းထုတ်လိုက်စမ်း။

"ကောင်းပြီ၊ ငါးယောက်လုံးကိုပဲလား"လို့ သိပ်သတ္တိမရှိတဲ့ ရှိုင်းကပြောတယ်။ "ဘယ်နည်းနဲ့မဆို ငါတို့သွားတာနဲ့ မကြာခင် သူတို့ပြန်ရောက်လာမှာပဲ၊ ငါတို့က ဒီနေရာကို တို့ပဲပိုင်ချင်တာ"

ကောင်လေးနှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်တယ်။ "သူတို့ကို ဓာတ်လမ်းတစ်ခုခုနဲ့ ခြောက်လွှတ်ရအောင်"လို့ တယ်ရီက တစ်ချက်ရယ်ပြီးပြောတယ်။ "တို့ ဟိုငမိုက်လေးတွေကို ခြောက်လှန့်ရမယ် ကလေကွာ . . . ဝူးခနဲ အော်ဟစ်ပြီး သူတို့ဆီပြေးရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူတို့ရဲ့ ကြောက်စရာအော်သံတွေကို ကြားရတဲ့ ... ငါးယောက်ဟာ ပျော်ရွှင်စွာကစားနေရာက အလန့်တကြားနဲ့ ရုတ်တရက် ... လိုက်ကြတယ်။ အော်သံတွေဟာ သိပ်မဝေးလှတဲ့ ချုံဖုတ်တွေကနေ ထွက်... လာတာလေ။ သူတို့ဟာ ပြေးနေတဲ့ခြေသံတွေကို ကြားရပြီး ထပ်အော်သံတွေ... ကြားရတယ်။ "သူက ငါတို့နဲ့ နီးလာပြီ၊ ကယ်ကြပါ၊ ငါမြင်နေတာ ဝက်ဝံကြီး... ပဲ" "ကယ်ကြပါ၊ ကယ်ကြပါ ငါ့နောက်က မြွေကြီးတစ်ကောင်လိုက်နေပါတယ်"



ဒါ တယ်ရီနဲ့ ရှိုင်းတို့ပဲပေါ့။ ထိတ်လန့်ဟန်ဆောင်ပြီး ကလေးတွေ... ကိုခြောက်လှန့်နေတယ်။ သူတို့ဟာ မြေကွက်ထဲ ရုတ်တရက်အော်ပြေးလာကြ... တယ်။ ကလေးတွေက ကြက်သီးထသွားတာပေါ့။

"ပြေးကြ၊ ပြေးကြ၊ တိရစ္ဆာန်တွေ လွတ်လာနေတယ်" လို့ ရှိုင်းက... အော်တယ်။ "ဒီနေရာကို ပြန်မလာကြနဲ့တော့၊ သိပ်အန္တရာယ်များတယ်၊ ဒီမြေ... ကွက်ထဲမှာ သူတို့ခိုကြလိမ့်မှာ၊ အသက်ရှင်ချင်ရင် ပြေးကြပေတော့" ကလေး... တွေလဲ ပြေးကြတယ်။ ကစ်တီက ငိုသွားလို့ ဂျင်းက သူ့ခြေထောက်ကို လှမ်းဆွဲ... ပြီး သူ့မျက်နှာကို ပွေ့ကပ်ထားလိုက်တယ်။ သူဟာ အော်ဟစ်ပြီး ထရပ်... ထပ်ပြေးပြန်ရော။ သူတို့အားလုံး သိပ်ကြောက်နေကြတယ်။

ဒါပေမယ့် တစ်ပတ်နှစ်ပတ်အကြာမှာတော့ သူတို့ဟာ အကြောက် ပြေသွားကြပြီး လွတ်လာတဲ့ တိရစ္ဆာန်တွေက သူတို့ကို ဖမ်းမယ့်အကြောင်း စဉ်းစားကြည့်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ မြေကွက်လပ်ကို ပြန်သွားကြရအောင်"လို့ ဂျွန်ကပြောတယ်။ "ဂရုစိုက်ပြီး သွားကြတာ ကြည့်ကြတာပေါ့၊ လွတ်လာတဲ့ ဝက်ဝံတွေ မြွေတွေ အကြောင်း အမေ့ကိုပြောပြတော့ အမေကရယ်တယ်လေ၊ ကြည့်ရတာ လုံခြုံမယ့်ပုံပါပဲ"

ဒါကြောင့် ကလေးငါးယောက်ဟာ သူတို့သဘောကျတဲ့ မြေကွက်ဆီ သတိထားပြီး ပြန်လာကြတယ်။ ရှိုင်းနဲ့တယ်ရီက အဲဒီမြေကွက်လပ်မှာ သူတို့ဟာ မီးပုံဖိုပြီး အာလူးတွေကို မီးကင်နေကြတယ်။ ရှိုင်းက ကလေးတွေကို ဦးဆုံးမြင်ပြီး တယ်ရီကို တံတောင်နဲ့တွက်တယ်။

"ကလေးတွေ ပြန်လာကြပြီကွ"သစ်ပင်ဆီ မြန်မြန်ပြေးပုန်းပြီးသွား ဖြစ်သွားတယ်။ "တစ်ယောက်ယောက်တော့ ဒီမှာမီးဖိုထားပါလား၊ မေ့သွားခဲ့တယ် ထင်တယ်၊ သတ်လိုက်ရအောင်"လို့ ဂျင်းကပြောတယ်။

သူဟာ မီးပုံကို နင်းသတ်လိုက်တော့ ရှိုင်းဟာ ဒေါသသိပ်ထွက်သွားတာပေါ့။ သူဟာ ဒေါသကြီးလာပြီး အသံနက်ကြီးနဲ့ အော်တော့တယ်၊ တယ်ရီကလဲ ဒီလိုပဲလိုက်လုပ်တယ်။ ကလေးငါးယောက်ဟာ ရုပ်ရှင်းနဲ့ ရုတ်တရက် လန့်သွားတယ်။ "ဒါဘာသံလဲ"လို့ ဂျွန်ကတီးတိုးပြောတယ်။ "မာန်ဖီသံနဲ့ တူလိုက်တာ" "ဟုတ်မယ်၊ ဝက်ဝံတစ်ကောင်ဖြစ်မယ်"လို့ ကစ်တီက ထိတ်လန့်စွာ ဆိုတယ်။

ပြီးတော့ ရှိုင်းဟာ မြွေလိုတွန်ပြဖို့ စဉ်းစားလိုက်တယ်။

"ရှီ....ရှီ....ရှီ....."

"ဒါ မြွေပဲ၊ သူတို့ဒီမှာရှိတုန်းပဲ၊ မြွေတွေ ဝက်ဝံတွေပေါ့ ... မြန်မြန်ပြေးကြစို့"လို့ အဲလစ်က အော်ပြောတယ်။

အဲဒီတုန်းမှာ ဒေါသတကြီး မာန်ဖီသံနဲ့ ကျယ်လောင်တဲ့ မြွေတွန်သံတွေ ပေါ်လာတာမို့ ကလေးတွေအားလုံးဟာ ဖနောင့်နဲ့ တင်ပါးတသားတည်း



www.burmeseclassic.com



ရှုအောင် ပြေးတော့တယ်။ သူတို့ဟာ ပြေးရင်းပြေးရင်းနဲ့ နောက်ဆုံးတော့ လမ်းထဲကို ကျော်တက်ဖို့ လှေကားနားကို ရောက်လာကြတယ်။

အဲဒီလှေကားနားမှာ လူသေးသေးလေးတစ်ယောက် ရောက်နေတယ်။ သူဟာ မော်ဟိုက်ပြီး ထိတ်လန့်နေတဲ့ ကလေးငါးယောက်ကို အံ့ဩတကြီး ကြည့်လိုက်တယ်။ ကစ်တီက အကျယ်ကြီး အော်ငိုနေတယ်။

“ဘာဖြစ်ကြတာလဲ”လို့ လူသေးသေးလေးကမေးတယ်။ သူဟာ လူတစ်ပိုင်း နတ်တစ်ပိုင်း ‘လေချွန်နတ်’ပါပဲ။ သူဟာ ကမ္ဘာကြီးမှာ မှားတာတွေ မှန်လာဖို့ ထွက်လာတာ လူတိုင်းသိကြပါတယ်။ အင်း၊ ဒီနေရာမှာ တစ်ခုခုတော့ သိပ်မှားနေပြီ။ ဂျွန်က သူ့ကို ဝက်ဝံတွေနဲ့ မြွေတွေ လွှတ်လာပြီလို့ ခြောက်လှန့်တဲ့ ကောင်လေးနှစ်ယောက်အကြောင်း ပြောပြလိုက်တယ်။ သူတို့ မြေကွက်ထဲ ဒီမနက်ပြန်သွားတော့ မာန်ဖီသံတွေ မြွေသံတွေကြားရပြီး အသက်ရှင်အောင် ပြေးခဲ့ရတဲ့အကြောင်းတွေပါပဲ။





www.burmeseclassic.com

www.burmeseclassic.com



လေချွန်နတ်ကတော့ ဒါဟာ လှည့်စားချက်တစ်ခုလို့ မလွဲမသွေပဲ အတပ်သိလိုက်တယ်။ သူဟာ ကစ်တီရဲ့ မျက်လုံးကို ပွတ်သပ်ပေးပြီး သူ့အိတ်ထဲက သကြားလုံးတွေ ယူပေးတယ်။ "အခုဆို မင်းတို့အားလုံး ဘယ်နေရာမှာမဆို သွားကစားလို့ ရပြီ"လို့ သူကပြောတယ်။ "ဒီသကြားလုံးတွေကို မင်းတို့နဲ့ အမြဲဆောင်ထားကြ၊ ဒီနေ့ခင်းမှာ မြေကွက်ကို ပြန်သွားကြ၊ ပြီးရင် သတိပေးစာကို မော့ကြည့်လိုက်။ "ဒီနေရာမှာ အားလုံးလုံခြုံတယ်"လို့ ရေးထားတာတွေ့လိမ့်မယ်၊ မင်းတို့သိတဲ့အတိုင်း ဒီနေရာမှာ မရှိသင့်တာတွေ ဘာမဆို ငါရှင်းပေးလိုက်မယ်လေ"

"ကျေးဇူးတင်ပါတယ်"လို့ ကလေးတွေက ပြောလိုက်ပြီး ကစ်တီလဲ ပြေးလာတယ်။ သူတို့ဟာ အတူတူထွက်လာကြတယ်။ လေချွန်နတ်ကို ပြန်လှည့်ကြည့်ရင်း အတော်စိတ်ကောင်းရှိတဲ့ လူဖလံလေးပဲလို့ တွေးမိကြတယ်။

အခုဆို နတ်တစ်ပိုင်းဖြစ်တဲ့ လေချွန်နတ်ဟာ သူ့ကိုယ်သူ မမြင်ရအောင် ဖန်ဆင်းဖို့ ပြင်လိုက်တယ်။ မိနစ်ပိုင်းအတွင်း သူက 'အပ်ချလောင်း' လို့ အမိန့်ပေးလိုက်တာနဲ့ သူပျောက်ကွယ်သွားပြီး သူ့အရိပ်ပဲ ကျန်ခဲ့တော့တယ်။ သူဟာ မြေကွက်ဆီကို လျှောက်သွားတော့တယ်။

ကောင်လေးနှစ်ယောက်ဟာ ဒီနေရာမှာ မီးထပ်မွှေးပြီး ကလေးတွေ လန့်သွားပုံကို စဉ်းစားကာ တခွိခွိရယ်နေကြတယ်။

"သူတို့ပြေးရရော မဟုတ်လား၊ ငါ ကောင်းကောင်း ဟိန်းပြလိုက်လို့လေ"လို့ တယ်ရီကပြောတယ်။

"ကောင်းပြီ ငါမြွေလို တွန်ပြတာရော ဘာပြောမလဲ၊ ငါ့အသံက မြွေထက်တောင် ပိုကျယ်သေးတယ်"လို့ ရှိုင်းကပြောတယ်။

"ဝက်ဝံတွေ မြွေတွေအကြောင်းတို့ ဖတ်လမ်းတွေကို ယုံသလား၊ တကယ်လို့ ဒီမြေကွက်ထဲ တိရစ္ဆာန်တွေ လွတ်လာခဲ့ရင်တော့"လို့ တယ်ရီက ပြောတယ်။ လေချွန်နတ်ဟာ သူ့အစွမ်းကို စပြဖို့တန်ပြီလို့ ဆုံးဖြတ်လိုက်တယ်။ သူ့ကိုယ်သူ ရှိရှိသမျှ တိရစ္ဆာန်တွေပုံ ဖန်ဆင်းနိုင်တယ်။ ဝက်ဝံတွေ၊ မြွေတွေ ဝံပုလွေတွေ၊ ခွေးအတွေပုံစံပေါ့။

သူ့ကိုမမြင်ရဘူး၊ သူဟာ ကောင်လေးနှစ်ကောင် မမြင်နိုင်တဲ့ သူအလိုရှိရာနေရာကို ရွှေ့လိုက်တယ်။ သူဟာ သစ်ပင်တစ်ပင်ဘေးကိုသွားပြီး အကိုင်းကို တိရစ္ဆာန်တွေလို့ အောင်းနေတဲ့အလား ကျယ်လောင်စွာ ခါယမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကိုလစ်ကချုပ်အပ်ကို ပြတဲ့အခါ ကိုညစ်ဟာသိပ်ကျေနပ်သွားတယ်။ "တော်တယ်ကွာ၊ လေစ်ရာ"လို့ သူကပြောတယ်။ "မင်းအဲဒါကို အရယူနိုင်လိမ့်မယ်လို့ ငါဘယ်တုန်းကမှ မထင်ခဲ့မိဘူး၊ အဘွားကြီးက သိပ်မျက်စိပါးတာကွ၊ မင်းအပ်ချင်းလဲခဲ့တာကို သူရိပ်မိမှာ သေချာတယ်၊ အခုဆို ငါတို့ ငွေအများကြီး ရတော့မယ်ဟေ့၊ ဘုရားရေ ... ငါတို့ ဓာကယ့်ကို ငွေတွေဝင်တော့မယ်ကွ၊ အခုဆို ငါတို့တစ်နေ့တည်းနဲ့ ကုတ်အင်္ကျီတစ်ဒါဇင် ချုပ်နိုင်တော့မယ်ကွ"

"မင်းရဲ့အဘွားကို ငါမကြိုက်ဘူး၊ သူက ငါ့အပေါ်သိပ်ရိုင်းတာပဲ၊ အခုဆို သူကငါ့ကို အော်ဟစ်ဆဲဆိုနေမှာပဲ ငါသိတယ်"

လို့ ကိုလစ်က ပြောတယ်။

"ဟုတ်မှာပဲ၊ ကောင်းပြီလေ၊ ငါတို့ဘယ်တော့မှကို သူ့နားမသွားကြတော့ဘူး၊ ဒါကြောင့် သူ့ဆီက ကြမ်းကြမ်းတမ်းတမ်းတွေ ကြားရတော့မှာမဟုတ်ဘူးကွ၊ ဒီတော့ ဒီညပဲ ကုတ်အင်္ကျီအသစ်တွေ စလုပ်ကြရအောင်"လို့ ကိုညစ်ကပြောတယ်။

ဒါကြောင့် သူတို့အပြင်ထွက်ပြီး ငွေအနည်းငယ်အကုန်ခံကာ အဝတ်စအသစ်ဝယ်တယ်။ သူတို့ဟာ အဝတ်စတွေကို ထပ်ပြီးအိမ်ကိုသယ် လာကာ စားပွဲပေါ်တင်လိုက်တယ်။

"အဝါရောင်၊ အနီရောင်၊ အပြာရောင်၊ ခရမ်းရောင်၊ အနက်ရောင်၊ အစိမ်းရောင်နဲ့ လိမ္မော်ရောင် အဝတ်စတွေကွ"လို့ ကိုညစ်ကပြောတယ်။

"ငါတို့ဘယ်လောက်ခန့်ညားမယ့်ကုတ်အင်္ကျီတွေ ရလိုက်မလဲကြည့်၊ ချုပ်အပ်ရေ နားထောင်စမ်း၊ အထည်စတစ်ခုချင်းကို သင့်တော်တဲ့ အပ်ချည်လုံးနဲ့ လိုက်ချုပ်လိုက်စမ်းကွာ၊ မင်းကိုငါပထမအကြိမ် အပ်ချည်တပ်ပေးလိုက်မယ်၊ နောက်အကြိမ်တွေကျရင် မင်းဘာသာလုပ်ပေတော့၊ ငါ့အဘွားအတွက် မင်းလုပ်လေ့ရှိသလိုမျိုးပေါ့"

"မှတ်သားလောက်ပါပေတယ်"လို့ သူ့ကိုစောင့်ကြည့်နေတဲ့ ကိုလစ်က ရွှင်မြူးစွာပြောလိုက်တယ်။ ကိုညစ်ဟာ မှော်အပ်ကို အနီရောင် အပ်ချည်ထိုးပေးပြီး အဝတ်စအနီပုံပေါ်မှာ ထိုးစိုက်လိုက်တယ်။

"ကုတ်အင်္ကျီတွေချုပ်ကွာ"လို့ သူကပြောတော့ ဖြစ်လာပုံများ မြင်ချင်တယ်။ အပ်ဟာထွက်လိုက် ဝင်လိုက်၊ ဝင်လိုက် ထွက်လိုက်နဲ့ လက်နှစ်ဘက်ပေါ်လာပြီး မကြာခင်ကော်လံလုပ်ပြီးသွားတယ်၊ ပြီးတော့ ကော်လံကို ခေါက်လိုက်ကာ လျှပ်စစ်သလိုမျိုး ကုတ်အင်္ကျီကို ပုံဖော်ချုပ်လုပ်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com





တယ်။ ပြီးတော့ ကြောက်စရာ ဝက်ဝံတစ်ကောင်ရဲ့ အသံမျိုးနဲ့ ဟိန်းဟောက်ပါတော့တယ်။

ရှိုင်းနဲ့ တယ်ရီဟာ ချက်ချင်းကြည့်လိုက်ကြတယ်။ "ဒါဘာသံလဲဟ" "တစ်စုံတစ်ခု မာန်ဖီနေတာကွ၊ သစ်ပင်ဆီက"လို့ ရှိုင်းကပြောတယ်။ ဒါပေမယ့် သစ်ပင်ဟာ လှုပ်ခါတာရပ်သွားပြီး လေချွန်နတ်ဟာ ချုံပုတ်တစ်ခုထဲ ဝင်သွားတယ်။ သူဟာ အောက်ကနေ တွားသွားပြီး သစ်ရွက်တွေလှုပ်အောင်လုပ်ရင်း ဟိန်းဟောက်ပြန်တယ်။ တိရစ္ဆာန်ရုံထဲက ခြင်္သေ့တွေ ဟိန်းဟောက်သံမျိုးပေါ့။

တယ်ရီဟာ ထိတ်လန့်စွာနဲ့ ရှိုင်းကိုဖမ်းကိုင်လိုက်တယ်။ "ဒါဘာသံလဲ၊ အသံကကွဲသွားပြန်ပြီ၊ ချုံဖုတ်အောက်မှာ ပုန်းနေတာကွ၊ ရှိုင်းရေ အသံကတော့ ခြင်္သေ့သံပဲကွ"





www.burmeseclassic.com

www.burmeseclassic.com



"ပြေးကြစို့"လို့ ရှိုင်းကပြောတယ်။ ဒါပေမယ့် သူတို့မပြေးနိုင်ကြဘူး။ နေရာက မရွေ့နိုင်ဘဲ အရမ်းလန့်နေကြပြီလေ။ လေချွန်နတ်ဟာ ချုံဖုတ်ထဲက ထွက်ပြီး ကောင်လေးတွေနောက်ဘက်ကို တိတ်တဆိတ်သွားလိုက်တယ်။ သူတို့ သူ့ကို မမြင်ရဘူးလေ။

သူဟာ သူတို့ခြေထောက်တွေကို ကန်ကျောက်ပြီး မြွေလိုအသံပေးလိုက်တယ်။ တရှီးရှီးနဲ့ပေါ့။

"မြွေတွေ တို့ခြေထောက်ပတ်လည်မှာ မြွေတွေ၊ သူတို့ဘယ်မှာလဲ မမြင်ရပါလား"လို့ ရှိုင်းကအော်ညည်းပြီး သိပ်ကြောက်လန့်တာမို့ ရတ်တရက် ထိုင်ချလိုက်တယ်။ သူ့ခြေထောက်တွေ သိပ်မခံနိုင်တော့ဘူးလေ။ လေချွန်နတ်ဟာ ကန်ကျောက်ပြီး လေချွန်နေတာကို ပြောင်းပြီး ကဆုန်ဆိုင်းသံတွေ၊ မြင်းဟီသံတွေလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် ကောင်လေးနှစ်ယောက်ဟာ သူတို့ဝန်းကျင် မြေကွက်ထဲမှာ မြင်းခွာသံတွေကို ပီပီပြင်ပြင် ကြားရပြီး ဟီသံကြီးပါ ကြားရတယ်၊ မြင်းသုံးလေးကောင်ရဲ့ အသံတွေပဲ။

"ငါတို့ကို နင်းသွားလိမ့်မယ်"လို့ ရှိုင်းကအော်ပြောတယ်။ ပြီးတော့ မြင်းခွာသံရပ်သွားပြီး ဝမ်းဘဲအော်သံ ပေါ်လာပြန်တယ်။

"ကွတ် ကွပ် ကွပ် ကွပ် ကွပ် ကွပ် ကွပ်"

"ဘဲတွေဟော့ ... ဒါပေမယ့် ဘယ်မှာမှ မတွေ့ရပါလား" လို့ ရှိုင်းဟာ ငိုလုမတတ် ဖြစ်ရင်းပြောတယ်။ "သွားကြစို့ ... သွားကြစို့၊ အိမ်မက်ဆိုးကျနေတာပဲ" ခွေးတစ်ကောင်ရဲ့ အူသံက သူ့နားထဲရောက်လာပြီး သူလန့်ခုန်မိတော့တယ်။ သူဟာ အကျယ်ကြီးအော်ပြီး ပြေးပါလေရော။ အောင်မယ်လေးလေး၊ ပြေးလိုက်ပုံများ . . . အဲဒီအခိုက်မှာ ကျောင်းတုန်းက ပြေးခဲ့တဲ့ အပြေးပြိုင်ပွဲအားလုံးထက် ပိုမြန်တဲ့ နှုန်းနဲ့ပြေးပါတော့တယ်။

သူတို့ဟာ ပြေးရင်းနဲ့ ချုံဖုတ်တိုင်း သစ်ပင်တိုင်းမှာ တိရစ္ဆာန်တွေ ရှိအောင်းနေမလားလို့ အလန့်တကြား ကြည့်မိတယ်။ လမ်းကူးလှေကားရောက်တဲ့အထိ သူတို့ပြေးတာကို ရပ်လို့မရသေးပါဘူး။

ပြီးတော့ ဟောဟဲ လိုက်ပြီး မောပန်းနေတဲ့ သူတို့ဟာ ခြံစည်းရိုးထိပ်ကို တက်ထိုင်ကြတယ်။ ပြီးတော့ မြေကွက်ရှိရာဘက်ကို ပြန်ကြည့်ကြပါတယ်။ လူသေးသေးလေး တစ်ယောက် သူတို့ဘေးမှာ ပေါ်လာတော့ သူတို့ ထခုန်မိတယ်။ အဲဒါ မမြင်ခဲ့ရတဲ့ လေချွန်နတ်ပဲလေ။

www.burmeseclassic.com



"ဟောဗျာ ခင်ဗျားကြောင့် ခုန်တောင်ခုန်မိတယ်။ ခင်ဗျားလာတာကို မမြင်ရလား"လို့ ရှိုင်းကပြောတယ်။

"မင်းတို့ကြည့်ရတာ တစ်ခုခုလန့်စရာတွေ့ခဲ့ပုံပဲ"လို့ လေချွန်နတ်က သူတို့ကို ပြုံးရွှင်စွာ ပြောလိုက်တယ်။ "ဘာဖြစ်ခဲ့ကြတာလဲ"

"ဟုတ်တယ်၊ ကျွန်တော်တို့ ဝက်ဝံတွေ ခြသေ့်တွေ မြင်းတွေ ဘဲတွေ အသံကြားခဲ့ရတယ်၊ မြေကွက်ထဲမှာပေါ့"လို့ ရှိုင်းကပြန်စဉ်းစားရင်း တုန်လှုပ်စွာ ပြောတယ်။

"ဟုတ်သလား၊ မနက်တုန်းက ငါတွေ့ခဲ့တဲ့ ကလေးတချို့ကလဲ ဒီလိုပဲပြောတာပဲ၊ သူတို့လဲ ပြေးကြတယ်လေ။ သူတို့ပြောတာတော့ ကောင်လေးနှစ်ယောက်က တိရစ္ဆာန်တွေ လွှတ်လာပြီလို့ ပြောပြီး သူတို့ကို သတိပေးတယ်တဲ့၊ ကြည့်ရတာ မင်းတို့ပဲ ဖြစ်မယ်ထင်တယ်"လို့ လေချွန်နတ်က ပြောတယ်။



www.burmeseclassic.com



အနားရှိ လယ်ကွက်က နွားတစ်ကောင်က ရုတ်တရက်ထအော်လိုက်တယ်။ ရှိုင်းဟာ ခြံစည်းရိုးပေါ်က ပြုတ်ကျမတတ်ဖြစ်သွားတယ်။


"အောင်မယ်လေး၊ ဘာများလန့်စရာရှိလဲ၊ ဒီမှာ နွားတစ်ကောင်ပဲရှိတာ၊ မင်းတို့ ငါနဲ့အတူ မြေကွက်ကို ပြန်လိုက်ခဲ့ပြီး မင်းတို့ပြောတဲ့ တိရစ္ဆာန်တွေကို သွားရှာကြည့်ရအောင်"

"ဟင့်အင်း" လို့ ကောင်လေးနှစ်ကောင်က ချက်ချင်းအော်ပြီး ခြံစည်းရိုးတစ်ဖက်ကို ခုန်ချလိုက်တယ်။ "မလိုက်ဘူး၊ မလိုက်ဘူး"

"ကျွန်တော်တော့ ဒီမြေကွက်ကို သေအထိ ပြန်မလိုက်တော့ဘူး၊ ဘယ်တော့မှ မလိုက်ဘူး"လို့ ရှိုင်းကပြောတယ်။

"ကျွန်တော်လဲ မလိုက်ဘူး" လို့ တယ်ရီကပြောပြီး သူတို့နှစ်ယောက်လုံးဟာ ထိတ်လန့်စွာနဲ့ အမြန်ဆုံးပြေးကြပါလေရော။ လေချွန်နတ်က သူတို့ကို ပြန်ခေါ်သွားမှာ စိုးနေတယ်လေ။ သူက သူတို့သွားတာကို ကြည့်ပြီး ရယ်တယ်။

"အခုတော့လဲ ကြောက်ရမှန်း သိသွားကြပြီ"လို့ သူကဆိုတယ်။ "သူတို့ကလေးငယ်တွေကို ထပ်ခြောက်လှန့်မှာ မဟုတ်တော့ဘူး၊ ကောင်းတယ်





www.burmeseclassic.com

www.burmeseclassic.com



ငါသဘောကျတယ်၊ အောက်လိုက်ရလို့ လည်ချောင်းတွေနာနေပေမယ့် ငါကျေ
နပ်တယ်"

ပြီးတော့ လေချွန်နှုတ်ဟာ လမ်းဆီ ဆင်းသွားတော့တယ်။ သိပ်ကောင်းတဲ့ ပစ္စည်းတစ်ခုကို နံနက်ခင်းမှာ တပ်ဆင်လိုက်တယ်။




ဒီနေ့ခင်းမှာ ကလေးငါးယောက်ဟာ သတိထားပြီး တောအုပ်ထဲကို ထပ်ရောက်လာကြတယ်။ သစ်ပင်မှာ သူတို့ပထမဆုံး မြင်ရတာကတော့ "ဒီနေရာမှာ အားလုံးလုံခြုံတယ်"ဆိုတဲ့ စာတန်းပါပဲ။

"ဝေး ဟေး ဟေး၊ အခုဆို ငါတို့ဒီနေရာမှာ ပြန်ကစားလို့ ရပြီဟေ့၊ ကြင်နာတတ်တဲ့ လူသေးသေးလေးက တိရစ္ဆာန်တွေကို မောင်းထုတ်ပစ်လိုက်ပြီ၊ သူဘယ်သူလဲ မသိဘူးနော်"လို့ ကလေးတွေက ပြောကြသတဲ့။

အခုဆို ကလေးတွေဟာ သူတို့ချစ်တဲ့ မြေကွက်လပ်မှာ ပျော်ရွှင်လုံခြုံစွာ ဆော့ကစားနိုင်ပြီပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အာစသန်တဲ့ ဦးကပ်စေး

ကပ်စေးနဲ့တဲ့ ဥစ္စာစောင့်ကြီးဟာ လမ်းလေးတစ်လျှောက် လျှောက်သွားရင်း ပိတုန်းပိုင်မြက်ခင်းပေါ် ကျော်သွားပါတယ်။ တေးလေးတညည်းညည်းနဲ့ပေါ့။ နေသာတဲ့နေ့မို့ သူပျော်နေပါတယ်။ သူ့ ဘယ်ဘက်လက်မှာ အညိုရောင်ကော်အိုးကို ကိုင်ထားပြီး ညာဘက်လက်မှာ စုတ်တံသုံးချောင်း ကိုင်လာ ပါတယ်။

ဦးကပ်စေးဟာ လူတွေရဲ့ ကျိုးပဲ့နေတဲ့ ပစ္စည်းတွေကို ကော်ကပ်ပေးဖို့ သွားနေတာပါ။ သူ့ကော်က သိပ်ကပ်ပြီး ပစ္စည်းတွေကို အသစ်အတိုင်း ပြန်ဆက်ပါစေတယ်။ သူဟာ ဒီကော်ကို ကိုယ်တိုင်လုပ်တာမို့ ဒီအတွက် ဂုဏ်ယူနေပါတယ်။

အခုတော့ သူဟာ မြက်ထူတဲ့လမ်းလေးကို သွားရင်းနဲ့ အဝါရောင် ပန်းချုံအနားမှာ ဖိနပ်တစ်စုံနဲ့ ဦးထုပ်တစ်လုံးကျနေတာ တွေ့ရပါတယ်။ သူ



www.burmeseclassic.com



ဟာ ဒီနေရာမှာ ဒါတွေကို မြင်ရတော့ အံ့သြသွားပြီး သယ်သူ့ဟာလဲလို့ ကြည့်လိုက်ပါတယ်။ ချုံပုတ်ရဲ့ တစ်ဖက်မှာတော့ ခပ်ဝဝ ဥစ္စာစောင့်ကြီးတစ်ယောက် အိပ်နေပါတယ်။

ဦးကပ်စေးဟာ သူ့ကိုကြည့်ပြီး ဘယ်သူလဲဆိုတာ စဉ်းစားနေပါတယ်။ သူဟာ ငွေပြာရောင်အကျီကို ဝတ်ထားပြီး အဝါတောက်တောက် ဘောင်းဘီတွေ ဝတ်ထားပါတယ်။ ဒါကြောင့် သူ့ကြည့်ရတာ သိပ်ဟန်ပန်ကျပါတယ်။

ဦးကပ်စေးဟာ အိပ်နေတဲ့ ဥစ္စာစောင့်ကြီးကို ကြည့်ရင်းနဲ့ နောက်ပြောင်လိုတဲ့ အတွေးတစ်ခု ခေါင်းထဲဝင်လာပါတယ်။ သူဟာ ကောက်ကျစ်စွာ တစ်ချက်ပြုံးလိုက်ပါတယ်။ သူဟာ သူ့ကော်အိုးထဲက တစ်ကော်စာယူလိုက်ပြီး ဘောင်းဘီကို လှည့်ပတ်ကြည့်လိုက်ပါတယ်။ ပြီးတော့ သူဟာ ချွတ်ထားတဲ့ ဖိနပ်ရဲ့ အနားသတ်တိုင်းကို ဂရုတစိုက် သုတ်လိုက်ပါတယ်။ ပြီးတော့ ဦးထုပ်ထိပ်ကိုပါ ပြောင်းသုတ်ပြီး အထဲထဲကိုပါ သုတ်ထားလိုက်ပါတယ်။ ပြီးတော့ သူဟာ ထရပ်ပြီး တစ်ယောက်တည်း ရယ်ပါတော့တယ်။ ဥစ္စာစောင့်ကြီးရဲ့ ဖိနပ်တွေကို ဘေးချင်းစီထားကာ ဦးထုပ်ကို ပြန်ချထားလိုက်တယ်။ အားလုံးကို သေသေသပ်သပ် ကော်သုတ်ပစ်ခဲ့တယ်။

"ငါ သူ့ကိုနှိုးပြီး ဒါတွေဝတ်တာ ဆောင်းတာကြည့်မှ"လို့ ဦးကပ်စေးက တခွိခွိရယ်ရင်း စဉ်းစားပါတယ်။ ဒါကြောင့် သူဟာချုံပုတ်နောက်ကို သွားပြီး အော်နိုင်သမျှ အကျယ်ကြီးအော်ပါတယ်။"ဟေး ဟေး ဟေး "

အိပ်နေတဲ့ ဥစ္စာစောင့်ကြီးဟာ ခုန်ထလို့နိုးလာပြီး မြန်မြန်ထလိုက်ပါတယ်။ သူဟာ ဘယ်ကအော်တာလဲဆိုတာ လှည့်ပတ်ကြည့်ပါတယ်။

"ငါ့ကိုနှိုးတာ ဘာလဲမသိဘူး"လို့ သူရေရွတ်တယ်။ "တစ်ယောက်ယောက်အော်တာ ကြားလိုက်ရတာ သေချာတယ်၊ ဘယ်အချိန်ရှိပြီလဲမသိ၊ အောင်မလေး၊ ဆယ်နှစ်နာရီကြီးများတောင် ရှိပါပကော၊ မင်းသားနဲ့တွေ့ဖို့ အချိန်မရှိတော့ဘူး"

သူဟာ ခပ်သုတ်သုတ်ပဲ ခြေထောက်တွေကို ဖိနပ်စွပ်လိုက်ပြီး ခေါင်းမှာ ဦးထုပ်ဆောင်းလိုက်တယ်။ သူ့ကိုတွေ့ရတဲ့ အစသန်တဲ့ ဦးကပ်စေးဟာ တခွိခွိကြိတ်ရယ်နေလေရဲ့။

"ငါ သူ့နောက်လိုက်ပြီး သူ့ဦးထုပ်ချွတ်ရင် ဘာဖြစ်မလဲ လိုက်ကြည့်လိုက်ဦးမယ်"လို့ ဦးကပ်စေးက ပြောတယ်။ ဒါကြောင့် သူဟာခပ်ဝဝ ဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြီးနဲ့ မလှမ်းမကမ်းက ကပ်လိုက်သွားတယ်။ မကြာခင် ဥစ္စာစောင့်ကြီး ဘူတာရုံကို မင်းသားနဲ့ တွေ့ဆုံစကားပြောဖို့ သွားတာသူတွေ့ရတယ်။

"ပြီးရင် သူ့ဦးထုပ်ချွတ်ရမှာပဲ၊ ချွတ်လို့ရမှာ မဟုတ်ဘူး"လို့ ကောက်ကျစ်တဲ့ ဦးကပ်စေးကတွေ့ပြီး သူလုပ်ခဲ့တဲ့ ကျီစားမှုကို ဝမ်းသာစွာတွေးရင်း ကနေတော့တယ်။ အခုဆို ဘူတာရုံသွားလမ်းမှာ ခပ်ဝဝဥစ္စာစောင့်ကြီးဟာ ဖိနပ်ထဲ ကျောက်ခဲတစ်လုံး ဝင်သွားတယ်။ ဒါကြောင့် သူဟာငုံ့ပြီး ဖိနပ်ချွတ်ကာ ကျောက်တုံးကို ထုတ်ဖို့ကြိုးစားတယ်။ အဲဒီအခါ သူအရမ်းအံ့သြသွားရတယ်။ ဖိနပ်ကို ခြေထောက်ကနေ ဆွဲမချွတ်နိုင်ဘူးလေ။ ဖိနပ်ဟာ ခြေထောက်မှာ စွဲမြဲနေတယ်။

ဥစ္စာစောင့် ဝဝကြီးဟာ ဖိနပ်ကိုဆွဲပြီးရင်း ဆောင့်ဆွဲရှာတယ်။ ဒါပေမယ့် အလုပ်မဖြစ်ပါဘူး။ ဖိနပ်ဟာ လုံးဝမရွေ့ဘူး။

"ထူးဆန်းလိုက်တာ" လို့ ဥစ္စာစောင့်ကြီးက အံ့သြစွာပြောတယ်။ "အထဲမှာ ဘာဖြစ်နေသလဲ၊ အရင်ကဒါမျိုး မကြုံဖူးပါဘူး၊ တခြားဖိနပ်တစ်ဖက်ကိုချွတ်ပြီး ကြည့်ဦးမှ"

ဒါပေမယ့် နောက်တစ်ဖက်လည်း ချွတ်မရပါဘူး။ တခြားတစ်ဖက်လိုပဲကပ်နေပါတယ်။ သနားစရာ ဥစ္စာစောင့်ကြီးဟာ ဒုက္ခရောက်တဲ့ အနေအထားမှာ ရှိသွားပါတယ်။ သူဟာနာရီကို ကြည့်လိုက်တော့ သိပ်နောက်ကျ



www.burmeseclassic.com



နေတာတွေ့ရတယ်။ ဘူတာရုံကို အမြန်ဆုံးသွားနိုင်မှ ဖြစ်မယ်။ ဒါကြောင့် သူဟာ ထော့နဲ့ ထော့နဲ့ နဲ့ပဲ ခြေဆာတာတာနဲ့ လျှောက်သွားရပါတော့တယ်။ ဘာလို့လဲဆိုတော့ ကျောက်ခဲကြောင့် နာနေလို့ပါပဲ။ ဦးကပ်စေးသဲ မြင်ကွင်းက မပျောက်ရလေအောင် နောက်ယောင်ခံလိုက်သွားတယ်။ ဒါ ဘာကြောင့် ဖြစ်သလဲ ခန့်မှန်းမိသွားရင် ဉစ္စာစောင့်ကြီး သူ့ကို ဒေါ်ပွမှာ သေချာတို့ပါ။

ဉစ္စာစောင့်ဝဝကြီး ရောက်ချိန်မှာ ရထားဟာ ဘူတာထဲ ဆိုက်ထားပါ တယ်။ မင်းသားဟာ လှည့်ပတ်ကြည့်တော့ ဘယ်သူမှ သူ့ကို လာကြိုတဲ့ အတွက် စိတ်ပျက်သွားတယ်။ မကြာခင်ပဲ သူ့ဆီလာပြီး လက်ဆွဲနှုတ်ဆက်တဲ့ ဉစ္စာစောင့် ခပ်ဝဝကြီးကို တွေ့ရပါတယ်။ မင်းသားဟာ အံ့သြသွားတယ်။ ဒီဉစ္စာစောင့်က ဦးထုပ်မချွတ်ပါလား။

သနားစရာ ဉစ္စာစောင့်ကြီးဟာ ကြိုးစားသေးပေမယ့် သူ့ဖိနပ်ရဲ့ ဦးထုပ်က ခိုင်မာစွာကပ်နေတာမို့ ဖြုတ်လို့မရပါဘူး၊ လန့်စရာပါပဲ။

"ဘာကြောင့် ငါ့ကိုနှုတ်ဆက်ချိန်မှာ မောင်မင်းရဲ့ ဦးထုပ်ကို ချွတ် မထားရတာလဲ"လို့ မင်းသားက ခပ်ဆတ်ဆတ် မေးလိုက်တယ်။

"တကယ်ကိုဝမ်းနည်းပါတယ်အရှင်၊ ဒါပေမယ့် ကျွန်တော်မျိုးချွတ် လို့မရလို့ပါ"လို့ သနားစရာ ဉစ္စာစောင့်ကြီးဟာ မျက်နှာနီမြန်းလာရင်း ဖြေ ရှာတယ်။ "ဒါဆို ဦးထုပ်ကို အရွယ်ကြီးကြီး ဝယ်ဆောင်းပေါ့"လို့ မင်းသားက ဒေါသတကြီးပြောတယ်။ "လာစမ်း၊ မောင်မင်းရဲ့ဂေဟာကို သွားရအောင် ငါကိုယ်တော် ဘာမှမစီးချင်ဘူး၊ ပိတုန်းမြက်ခင်းကနေ လျှောက်သွားချင်တယ်"

ဒါကြောင့် သူတို့အတူ ထွက်ခဲ့ကြတယ်။ ဒါပေမယ့် ဉစ္စာစောင့်ကြီးရဲ့ ဖိနပ်ထဲမှာ ကျောက်ခဲရှိနေသေးတာမို့ လမ်းလျှောက်တာ ထော့နင်းထော့နင်း ဖြစ်နေရှာတယ်။ "မောင်မင်းခြေထောက်က ဘာဖြစ်ပြန်ပတုံး" လို့ မင်းသားက မေးလိုက်ပြီး ခပ်ဖြေးဖြေးနဲ့ ဆာတာတာလျှောက်နေတဲ့ ဉစ္စာစောင့်ကြီးကို စိတ် ပျက်စွာ ကြည့်တယ်။

"ကျွန်တော်မျိုးဖိနပ်ထဲမှာ ခဲလုံးတစ်လုံး ဝင်နေလို့ပါအရှင်၊ ခွင့်လွှတ် ပါ"လို့ ဉစ္စာစောင့်ကြီးက ရိုကျိုးစွာပြောလိုက်တယ်။

"ဒါဆို အဲဒါကို ထုတ်ပစ်လိုက်ပေါ့"လို့ မင်းသားကမိန့်တယ်။

"မရလို့ပါအရှင်၊ ကျွန်တော်မျိုး ဖိနပ်တွေလဲ ဦးထုပ်လိုပဲ ကပ်ငြိ နေပါတယ်။ ခွင့်လွှတ်ပါအရှင်မင်းသား၊ ဒါပေမယ့်ဘာဖြစ်တာလဲကျွန်တော်မျိုး တကယ်ကို မတွေးတတ်တော့ပါဘူး" လို့ ဉစ္စာစောင့်က ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com





"ပြုစားခံရတာဖြစ်လိမ့်မယ်"လို့ မင်းသားကပြောပြီး ဥစ္စာစောင့်ကြီးရဲ့ ဖိနပ်တွေကို ငုံ့ကြည့်လိုက်တယ်။ သူဟာ ဖိနပ်တစ်ဖက်ထဲ လက်ထည့်ပြီး ဥစ္စာစောင့်ကို ကြည့်လိုက်တယ်။ "မောင်မင်းကို တစ်ယောက်ယောက်က လှည့်စားသွားတာပဲ၊ မောင်မင်း ဖိနပ်တွေထဲမှာ ကျောက်တွေရှိနေတယ်၊ သိပ်ကပ်တဲ့ဟာတွေပဲ၊ မောင်မင်း ဦးထုပ်အောက်ကိုလဲ လက်နှိုက်ကြည့်ပါရစေဦး၊ ဟုတ်တယ် စေးကပ်နေတာပဲ၊ အောင်မယ်၊ ဘယ်သူကများ ကျီစားသွားတာလဲကွယ်၊ ငါ ကိုယ်တော်သိချင်တယ်"လို့ သူကဆိုတယ်။

ဦးကပ်စေးဟာ ဖြစ်သမျှကို ကြည့်ပြီး ကြိတ်ရယ်နေတယ်။ သူက ချုံပုတ်နောက်မှာ ပုန်းပြီး ချောင်းကြည့်နေတယ်လေ။ ဒါပေမယ့် မင်းသားဟာ တန်ခိုးရှိသူဆိုတာ သူမသိခဲ့ဘူးလေ။ ခဏလေးတင်ပဲ မင်းသားက သနားစရာ ဥစ္စာစောင့်ဝဝကြီးကို ကျီစားသူကို သူ့ရှေ့ခေါ်လာခဲ့ဖို့ ဂါထာရွတ်လိုက်တယ်။ ဦးကပ်စေးဟာ ထိတ်လန့်သွားပြီး မင်းသားနဲ့ ဥစ္စာစောင့်ကြီးရှေ့ အလိုလို ရောက်သွားတယ်။ လက်ထဲမှာ စုတ်တံနဲ့ ကော်ပုံးကိုင်လို့ပေါ့။

"ဩ၊ ဒါမျိုးလုပ်တာ မောင်မင်းကိုး" လို့ မင်းသားက ကော်အိုးနဲ့ ကော်ကို ကြည့်ရင်း ပြောလိုက်တယ်။ "လာစမ်း"

သူဟာ ဦးကပ်စေးကို ကိုင်ပြီး ကော်ကိုစုတ်တံနဲ့ ကော်ကာ သူ့ခေါင်း ကနေ ခြေထောက်အထိ သုတ်ပစ်လိုက်တယ်။ ဦးကပ်စေးဟာ အခုဆော့



www.burmeseclassic.com

www.burmeseclassic.com





“ကြယ်သီးတွေ ငါတို့ ကြယ်သီးတွေတပ်ပြီး မှသွားပြီ”လို့ ကိုလစ်က ရုတ်တရက်ထအော်ပြီး ကြယ်သီးရောင်စုံတွေဝယ်ဖို့ သုတ်ခြေတင်လေတယ်။ အပ်ဟာကြယ်သီးတွေနဲ့ အံ့ဩဖွယ်အလုပ် လုပ်ပြန်တယ်။ အပ်ဟာ ကြယ်သီးတွေအားလုံးကို မြန်နိုင်သလောက် အမြန်ဆုံး နေရာမှန်မှာ တပ်ဆင်ပါတယ်။

“ဒါပထမဆုံး ကုတ်အင်္ကျီပဲ”လို့ ကိုညစ်ဏ ကျေနပ်စွာပြောတယ်။

“အဝတ်စတွေ ဖြတ်ပစ်လိုက်သလို လွှင့်ကျလာတာကိုလဲ ကြည့်ပါဦး၊ တကယ့်ကို အစွမ်းထက်တဲ့ အပ်ပဲနော်” ချုပ်တာကို ငါတော့ တစ်ညလုံးစောင့်မကြည့်ချင်ဘူးကွာ၊ အဲဒီလို အပြင်းအထန် အလုပ်လုပ်နေတာကို ကြည့်ရတာလဲ ပင်ပန်းတာပဲကွ”

ဒါကြောင့် သူတို့ဟာ ကိတ်မုန့်စား ကော်ဖီသောက်ပြီး အိပ်ရာဝင်သွားကြတယ်။ ဟိုဟို ဒီဒီ ပျံဝဲကာ ချုပ်လုပ်နေတဲ့ ပဉ္စလက်ချုပ်အပ်ကို ချန်ထားခဲ့ကြတယ်။

ဘယ်လောက်ထူးဆန်းတဲ့ ကိစ္စလဲ။

သူတို့ဟာ ခုတင်လေးနှစ်လုံးမှာ အိပ်ပျော်သွားကြတယ်။ ချုပ်အပ်ဟာ အလုပ်ခန်းထဲမှာ သူ့ဘာသာ အလုပ်ဆက်လုပ်နေပါတယ်။ သုံးနာရီ



www.burmeseclassic.com

www.burmeseclassic.com







တကယ်ပဲ စေးကပ်သွားရပြီ။ သူဟာ စိတ်ပျက်စွာ အော်နေရတယ်။ ခပ်ဝဝ ဉစ္စာစောင့်ကြီးက သူ့ကိုအံ့သြစွာ ကြည့်နေတယ်။ ပြီးတော့ သူ့အင်္ကျီလက်တွေကို လှုပ်ဆွဲပြီး ပြောတယ်။ "ငါ့အလှည့်ပဲ၊ အရှင်မင်းသား ပြီးတာတွေ ပြီးပါစေတော့၊ ဒီတစ်ခါ သုတ်ပြီးရင် သူ့ကိုတောင်းပန်ခိုင်းပြီး ဘယ်တော့မှ ထပ်မနောက်ဖို့ ကတိခံခိုင်းရမယ်"

ဒါပေမယ့် ဉစ္စာစောင့်ကြီးက နောက်စုတ်တံကို ကော်အိုးထဲ နှစ်လိုက်တာ မြင်ရတဲ့ ဦးကပ်စေးဟာ ထိတ်လန့်သွားပြီး ကော်အိုးနဲ့ စုတ်တံတွေနဲ့အတူ အမြန်ဆုံး ထွက်ပြေးသွားပါလေရော။ ဉစ္စာစောင့်ဝဝကြီးက သူ့နောက် အတော်ဝေးဝေး လိုက်လာပြီး နတ်သမီးတိုင်းပြည်ရဲ့ မှခ်ဝကို ဦးကပ်စေးဖြတ်ပြေးသွားတာမြင်တော့မှ လက်မြှောက်လိုက်ပါတယ်။

ဦးကပ်စေးဟာ တို့နဲ့အတူ ရှိနေတုန်းပဲ၊ သူဘာလုပ်သလဲ မင်းတို့သိကြသလား။ သူဟာ နွေရာသီဆို သစ်အယ်ပင်အဖူးတွေကို ကော်နဲ့သုတ်ပြီး သံပရာပင်တွေကို စေးကပ်အောင် လုပ်ပေးပါတယ်။ သူဟာ ပင့်ကူတွေကို ပင့်ကူအိမ်တွေလုပ်ဖို့ သူ့ကော်တချို့ကိုလဲ ပေးပါသေးတယ်။ ဒါကြောင့် သူတို့ စေးကပ်နေတာ အံ့သြစရာမဟုတ်ပါဘူး။ မင်းတို့အမြင်ထက်လာတဲ့ တစ်နေ့ကျရင် သူ့ကိုမြင်ရမှာပါကွယ်။




www.burmeseclassic.com

www.burmeseclassic.com

## ဟိုဟိုရဲ့လှည့်ကွက်

ဘိုကျေးရွာမှာ စိတ်လှုပ်ရှားစရာ ကိစ္စကြီးရှိတယ်ကွယ့်။ အဘွားကြီး တစ်ပီရဲ့တဲကို မီးလောင်ပြီး ပြာကျသွားရတယ်လေ။ အမေကြီးတစ်ပီဟာ ကုလားထိုင်နှစ်လုံးနဲ့ ခုတင်ကိုသာ သယ်နိုင်ခဲ့တယ်လေ။ ဒါကြောင့် သနားစရာ အမယ်ကြီးဟာ ဝမ်းနည်းပြီး စိတ်ထိခိုက်နေရှာတယ်။

ဒါပေမယ့် ဘိုကျေးရွာက နတ်သူငယ်လေးတွေက သူ့ဆီလာပြီး အားပေးကြပါတယ်။ "ကျွန်တော်တို့ အဘွားအတွက် တတ်နိုင်သလောက် ငွေစုပေးမယ်"လို့ သူတို့က ကတိပေးကြတယ်။ "ပြီးရင် အဘွားဖို့ နောက်ထပ်အိမ်ဆောက်ပြီး ကြိုက်တဲ့ပရိဘောဂကို ဝယ်နိုင်မှာပေါ့"

ဟိုဟိုကလဲ သူ့အနေနဲ့ လှည့်ပတ်ပြီး ရွာကနတ်သူငယ်တွေဆီက ငွေစုပေးမယ်လို့ ပြောတယ်။

"ဒါပေမယ့် ကပ်စေးနဲ့အဖိုးကြီး ဦးကတ်ကြေးဆီကတော့ တစ်ပြားတစ်ချပ်မှ မင်းကောက်လို့ရမယ် မဟုတ်ပေါင်"လို့ ဂိုဘိုက စပ်ဖြဲဖြဲလုပ်ရင်း ပြောတယ်။ "သူ့ငွေတွေကို ပေးတယ်ဆိုတာ ဘယ်သူမှမတွေ့ဖူးကြဘူး"

"အေးလေ၊ ငါကြိုးစားကြည့်ရတာပေါ့"လို့ ဟိုဟိုက ရွှင်ပျစွာ ပြောတယ်။ "သူ့မှာ ငါ့ကိုရွှေဆယ်ပြားပေးဖို့တော့ လုံလောက်အောင် ရှိမှာပါ၊ ဘုရားသိပါတယ်"

ဒီနောက် ကြီးမားတဲ့ အလှူခံပုံးကိုသယ်လို့ အဘွားတစ်ပီအတွက် ငွေကောက်ရန် နတ်သူငယ်လေးဟာ ထွက်ခဲ့ပါတော့တယ်။

ဦးကတ်ကြေးနေထိုင်တဲ့ တဲကိုသူရောက်တော့ ဒေါသတကြီး [illegible]တဲ့အသံတစ်ခုကို ကြားရသမို့ ရပ်လိုက်တယ်။ ဘေးအိမ်မှာနေတဲ့ နတ်သူငယ်လေးက ခေါင်းထွက်ပြီး ဟိုဟိုကို လှမ်းခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ အမေအိုကြီးအတွက် ငွေကောက်နေတာလား၊ ဟောဒီမှာ ငါ့ထုပ်ရေး၊ ဒါပေမယ့် အကြံပေးပါရစေ၊ ဦးကတ်ကြေးအနားကနေ မသွားပါနဲ့၊ သူသိပ်ဒေါသထွက်နေတယ်၊ မင်းအော်နေတာ မကြားဘူးလား"

"ဟုတ်ကဲ့ ဘာဖြစ်တာလဲ"လို့ သူကနားထောင်ရင်း ပြောတယ်။

"မင်းသိတဲ့အတိုင်း သူ့ကိုယ်ကျပ်အင်္ကျီရှေ့မှာ လှပတဲ့ ရင်ထိုးကို စာပ်လေ့ရှိတယ် မဟုတ်လား။ အဲဒါက မှော်ရင်ထိုးလေ၊ သူကအဲဒါကို သိပ်သဘောကျတာ၊ အဲဒီရင်ထိုးဟာ ပျောက်သွားတာ အခိုးခံရတာဖြစ်ပုံပဲ၊ သူဟာ ဒီနံနက် သူ့ကိုယ်ကျပ်အင်္ကျီကို ငုံ့ကြည့်တော့ အဲဒီဟာမရှိတော့ဘူး၊ သူ့တစ်အိမ်လုံး လိုက်ရှာပေမယ့် မတွေ့ရဘူး၊ ဒါကြောင့် သူကအများကြီး စိတ်တိုနေမှာပဲ"လို့ နတ်သူငယ်က ပြောပြတယ်။

"ကောင်းပြီ၊ အဲဒါကို ရအောင်တော့ ကျွန်တော် မလုပ်ပေးနိုင်ပါဘူး။ သနားစရာ အမယ်ကြီးတစ်ပီအတွက် ကျွန်တော် အလှူခံပုံးထဲ တစ်ခုခုထည့်ဖို့ သူ့ကိုသွားမေးရဦးမယ်"

ဒါကြောင့် သိပ်ရဲရင့်တဲ့ သူဟာ ဦးကတ်ကြေးရဲ့ တဲကိုသွားပြီး အကျယ်ကြီး တံခါးခေါက်လိုက်တယ်။ တံခါးဟာ ဝုန်းခနဲ ပွင့်သွားပြီး ကပ်ဖေးနဲ့ကြီး ရပ်နေတယ်။ သူ့မျက်လုံးတွေက ဒေါသရောင်တောက်နေတယ်။ သူ့ဆံပင်တွေက ခေါင်းကြီးပေါ်မှာ ထောင်နေတယ်။





www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး ဘာတုံး" လို့ သူကခပ်ပြတ်ပြတ် ပြောတယ်။ "အခိုးခံရတဲ့ ငါ့ရင်ထိုးအကြောင်း သတင်းလာမေးတာလား"

"မဟုတ်ပါဘူး၊ ကျွန်တော်လာတာက ပြီးခဲ့တဲ့ညက သူ့တဲကို ...းလောင်ခံရတဲ့ အမယ်အိုကြီးတစ်ပီအတွက် ငွေတချို့ လာကောက်ခံတာပါ"လို့ ...ဟိုဟိုကပြောတယ်။

"အဓိပ္ပာယ်မရှိလိုက်တာတွေ"လို့ ဦးကတ်ကြေးက ခပ်ရိုင်းရိုင်းပြောတယ်။ "ဒီမိုက်မဲတဲ့ အဘွားကြီးကို ငါက ဘာဂရုစိုက်ရမှာလဲ၊ ဒီမနက်မှာ ...ပြဿနာတွေနဲ့ ငါသိပ်အလုပ်ရှုပ်နေတယ်၊ ဒီအဘွားကြီးကို ငါဘယ်တော့မှ ...မကြိုက်ဘူးဟေ့"

"ဒီလောက် မရက်စက်ပါနဲ့၊ သူက ဒုက္ခအကြီးအကျယ်ရောက်နေလို့ ...ပါ၊ ဦးလေးက ကပ်စေးနှဲကြီးဦးကတ်ကြေးလား၊ ဦးလေးရဲ့ရင်ထိုးကို ဘယ်တော့မှရှာမတွေ့ဖို့ ကျွန်တော်ဆုတောင်းပါတယ်"လို့ ဟိုဟိုကပြောတယ်။

ဦးကတ်ကြေးဟာ ဒီစကားကြားရတော့ ဒေါသပြည့်နှက်လာတယ်။ ...သူဟာ လက်သီးဆုပ်ကို ရွယ်လိုက်ပြီး ဟိုဟိုကို ဒေါသတကြီး ထိုးလိုက်တယ်။ ...ါပေမယ့် နတ်သူငယ်လေးက သူ့ခေါင်းကို ရှောင်လိုက်တာမို့ ဦးကတ်ကြေး...ဟာ လေထဲမှာ ဝဲသွားပြီး သူလဲ အိမ်ရှေ့တံခါးပေါက်က ခြေနင်းခုံပေါ်ကို ...လဲကျသွားတော့တယ်။ ချက်ချင်းပဲ သူဟာခုန်ထပြီး ဟိုဟိုရဲ့ မျက်နှာကိုကြည့် ...ာ တံခါးနဲ့ပိတ်လိုက်တယ်။

ဟိုဟိုဟာ လမ်းပေါ်ဆင်းလိုက်ပြီး ဦးကတ်ကြေးက တွန့်လိမ်ကာ ...လဲကျသွားပုံကို တွေးရင်းပြုံးဖြဲဖြဲ ဖြစ်နေတယ်။ ဒါကိုအမှတ်ရတာနဲ့ သူဟာ ...ရုတ်တရက်ရပ်ပြီး ခေါင်းကိုလက်နဲ့ ကုပ်လိုက်တယ်။ လဲကျသွားတော့ ဦးကတ်...ကြေးရဲ့ ကျောမှာ သူဘာကိုမြင်ခဲ့ရပါသလဲ၊ အဲဒီအရာဟာ တောက်ပပြီး လင်း...လက်နေတယ်။

ဟိုဟိုဟာ သူ့ဒူးကို လက်ဝါးနဲ့ ဖြန်းခနဲ ရိုက်ပြီး အကျယ်ကြီး ရယ်ပါ...တော့တယ်။ "ဟိုး ဟိုး ဟိုး၊ ဟား ဟား ဟား ဦးကတ်ကြေးရဲ့ ထူးဆန်းတဲ့ ...ရင်ထိုးဘာဖြစ်သွားသလဲ ငါသိပြီ၊ လူမိုက်ကြီးက သူ့ကိုယ်ကျပ်အင်္ကျီကို ရှေ့ ...နောက်မှားဝတ်ထားတော့ ဒီနေ့သူ့ရင်ထိုးက ကျောဘက်ရောက်နေတာပေါ့၊ ...ဒါကို သူမမြင်ဘူး၊ ဟိုး ဟိုး ဟိုး"

ဟိုဟိုဟာ ပါးပေါ်မျက်ရည်တွေ ကျလာတဲ့အထိ ရယ်ရှာတယ်။ ပြီး...တော့ သူဟာ မျက်ရည်သုတ်ပြီး စစဉ်းစားတယ်။ အဘိုးကြီး ဦးကတ်ကြေးကို

www.burmeseclassic.com





လှည့်ကွက်တစ်ခုလောက် လုပ်လို့မရနိုင်ဘူးလား၊ အမယ်ကြီးတစ်ပီအတွက် ငွေအသင့်အတင့်ရအောင် မစီမံနိုင်ဘူးလား။ လုပ်နိုင်တယ်လို့ တွေးမိတယ်။

အတန်ကြာတော့ သူဟာ ဦးကတ်ကြေးရဲ့ ရှေ့တံခါးကို ပြန်သွားပြီး တံခါးထပ်ခေါက်ပြန်တယ်။ ဒီတစ်ခါ အရင်ကထက် နှစ်ဆကျယ်တယ်။

ဦးကတ်ကြေးဟာ အပေါ်ထပ်ပြတင်းပေါက်က ခေါင်းထွက်လာပြီး ကြိမ်းမောင်းတော့တယ်။ "ဘယ်သူလာပြန်ပြီလဲ၊ ဘာလိုချင်လို့လဲ၊ သွားစမ်း"

"ဦးကတ်ကြေးရယ် ကျွန်တော်ပြန်လာတာပါ"လို့ ဟိုဟိုကပြောလိုက်တယ်။ ဦးကတ်ကြေးဟာ တူးမြောင်းကို ဖြတ်တဲ့ မီးရထားတစ်စီးရဲ့ အသံမျိုး အော်လိုက်ပြီး ပြတင်းပေါက်ကနေ ဒေါသနဲ့ ခေါင်းထွက်လာတယ်။


"အရှုး၊ ငါမင်းကို အညိုအမည်းစွဲသွားအောင် ထပ်လှုပ်ပိုက်ရမလား၊ မင်းဟာ အဓိပ္ပာယ်မရှိတဲ့ ကောင်စုတ်လေးပဲ"လို့ သူကကြုံးဝါးတယ်။



www.burmeseclassic.com

www.burmeseclassic.com





"ကျွန်တော်က ဆိုးပါတယ်၊ ဒါပေမယ့် ဉာဏ်တုံးတော့ မဟုတ်ဘူး ဦးကတ်ကြေး"လို့ ဟိုဟိုက ရှင်းပျစွာပြောတယ်။" ဦးလေးရဲ့ ရင်ထိုးပြန်ရဖို့ နည်းလမ်းကို ကျွန်တော်ပြောဖို့ ပြန်လာတာ၊ ဒါပေမယ့် ကျွန်တော်က ဦးလေး အတွက် အမိပွာယ်မရှိရင် သွားတော့မယ်၊ နှုတ်ဆက်ပါတယ်"

"နေဦး၊ နေဦး" လို့ ဦးကတ်ကြေးက ချက်ချင်းလှမ်းအော်တယ်။

"ငါ့ရင်ထိုး ဘယ်သူ့ဆီမှာလဲ ပြောစမ်း၊ သူခိုးခေါင်းပြတော့ကွာ ငါ သူ့ကို မီတဲ့အထိ သာစောင့်၊ ငါသူ့ကို လဆီပျံသွားအောင် ပို့ပစ်မယ်"

"အို၊ ဒီလိုမလုပ်ပါနဲ့ ဦးလေးဝမ်းနည်းရမှာပေါ့"လို့ ဟိုဟိုက ပြုံးဖြဲဖြဲ နဲ့ ပြောတယ်။

"ငါ့ရင်ထိုး ယူတဲ့ဒီလူရှုပ်ကို ဒီလိုလုပ်တာ မဆိုးဘူးဟ၊ ငါ့ကို မြန်မြန် ပြောပြစမ်း"လို့ ဦးကတ်ကြေးကပြောတယ်။

"ကျွန်တော် ဦးလေးနဲ့ သဘောတူညီချက် လုပ်မယ်၊ တကယ်လို့ ဦးလေးရင်ထိုးယူတာ ဘယ်သူလဲ၊ ဘယ်နေရာမှာရှိတာလဲ ပြောပြနိုင်ရင် ဦးလေးက အမယ်ကြီးတစ်ပီအတွက် ကျွန်တော့်အလှူခံပုံးတွေကို ရွေးဆယ်ပြား ထည့်မလား"လို့ ဟိုဟိုကပြောတယ်။

"မင်း ရူးနေသလား၊ ဘယ်သူမှ ငါ့ဆီက ရွေးဆယ်ပြားထုတ်ဖို့ မတွေး ရဲကြဘူး"လို့ ဦးကတ်ကြေးကအော်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒီလိုသဘောတူမှပဲ ဖြစ်မယ်၊ တကယ်လို့ ကျွန်တော်ရဲ့သဘောတူညီချက် မရရင်တော့ ကျွန်တော်သွားတော့မယ်၊ ဒီမနက် အစာတောင် ကောက်ဖို့ရှိသေးတယ်"

ဟိုဟိုက တကယ်သွားတော့မလို လှည့်လိုက်တယ်။ ဦးကတ်ကြေးလဲ အော်သံတစ်ချက်ပေးပြီး ပြတင်းပေါက် ပြန်ဝင်သွားကာ အောက်ကို လှေကားလေးထစ်တည်းနဲ့ အပြေးဆင်းလာတယ်။ ဟိုဟိုကို လှမ်းခေါ်တယ်။

"ရပ်စမ်း၊ ရပ်စမ်း၊ ငါ့မော်ရင်ထိုး ဘယ်မှာလဲ ပြောပြရင် မင်းကို ရွှေငါးပြားပေးမယ်"

"ဆယ်ပြားလို့ ပြောပြီးပြီ"လို့ ဟိုဟိုက ပြောရင်းလမ်းလေးအတိုင်း လျှောက်ကာ ခြံတံခါးကို ဖွင့်လိုက်တယ်။

"မမိုက်ပါနဲ့ကွာ၊ ငါ့မှာမင်းကိုပေးဖို့ ဆယ်ပြားမရှိပါဘူး"





www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဒါဆိုလဲ ဦးလေးရင်ထိုးက ရွှေဆယ်ပြားတောင် မတန်ဘူးဆိုရင် ကျွန်တော်လဲ ပြန်ရဖို့ မတတ်နိုင်ဘူး" လို့ ဟိုဟိုကပြောတယ်။ "ဒါကြောင့် ဦးလေးနဲ့ အရှိန်မဖြုန်းချင်ဘူး သွားမယ်"

သူဟာ ခြံတံခါးကိုပိတ်လိုက်တယ်။ ဦးကတ်ကြေးဟာ သူ့နောက်ကို ပြေးလိုက်လာတယ်။

"မင်းကိုငါ ရွှေဒင်္ဂါးရှစ်ပြားပေးမယ်" လို့ အော်ပြောတယ်။

"ဆယ်ပြား"လို့ ပျော်နေတဲ့ ဟိုဟိုကပြန်အော်တယ်။ သူဟာ တခြားဘက်မှာနေတဲ့ နတ်သူငယ်တွေအားလုံးကို တွေ့ရတယ်။ မြတ်ခင်းပေါက်ကနေခေါင်းထွက်ပြီး စပ်ဖြဲဖြဲလုပ်ကာ တွတ်ထိုးနေကြတယ်။

ဦးကတ်ကြေးကို လှည့်စားရတာ ဘယ်လောက်ပျော်ဖို့ကောင်းလဲ။

"ရွှေဒင်္ဂါးကိုးပြား"လို့ ဦးကတ်ကြေးက စိတ်ပျက်စွာ ပြောတယ်။

"ဆယ်ပြားပဲ"လို့ ဟိုဟိုက အော်ပြန်တယ်။

"အင်း၊ ကောင်းရော"လို့ ဦးကတ်ကြေးက သုန်မှုန်စွာ ပြောရင်းရုတ်တရက် အလျှော့ပေးလိုက်တယ်။ "ငါ မင်းကိုရွှေဒင်္ဂါး ဆယ်ပြားပေးမယ်၊ ဒါပေမယ့် ဒါ မတန်တဆပဲ၊ တကယ့်မတန်တဆပဲ"

"မဟုတ်ပါဘူး"လို့ ဟိုဟိုကပြောရင်း သူ့အလျှုခံပုံးကို ဦးကတ်ကြေးဆီ မြှောက်ပေးလိုက်တယ်။ "မတန်တဆမဟုတ်ပါဘူး၊ ဒါ အမယ်ကြီး တစ်ပီအတွက် ကြင်နာတဲ့လက်ဆောင်ပါ၊ သူသိပ်ဝမ်းသာမှာ သေချာတယ်ခင်ဗျ"

"မဖြစ်စလောက် အသွားကြီးကို ငါဂရုမစိုက်ဘူး၊ ဟောဒီမှာ "လို့ ဦးကတ်ကြေးကပြောရင်း ရွှေဒင်္ဂါးတွေကို ရေတွက်တယ်။ "တစ်ပြား နှစ်ပြား သုံးပြား လေးပြား ငါးပြား ခြောက်ပြား ခုနစ်ပြား ရှစ်ပြား ကိုးပြား ဆယ်ပြား အားလုံး ရွှေချည်းပဲ၊ အခုငါ့မှော်ရင်ထိုး ဘယ်မှာလဲဆိုတာ ငါ့ကိုပြောပြစမ်း" ဒီလူရှုပ်ကို ကြယ်တွေနဲ့ လတွေဆီပို့ပစ်မယ်"

"ကျွန်တော်ကတော့ အဲဒါဦးလေးပဲလို့ ထင်တာပဲ"လို့ ဟိုဟိုက ပြုံးဖြဲဖြဲလုပ်ရင်း ပြောတယ်။ "ဦးလေးရဲ့ ကြင်နာတဲ့ ကူညီမှုအတွက် ကျေးဇူးပါပဲ၊ အခုဦးလေးရဲ့ရင်ထိုး ဘယ်မှာလဲဆိုတာ ကျွန်တော်ပြောပြတော့မယ် ဒီကိုလာဦးလေး"


သူဟာ ကပ်စေးနဲ့ကြီးကို ကိုင်ပြီး နှစ်ကြိမ်လှည့်လိုက်တယ်။ သူဟာ သူ့ကိုယ်ကျပ်အင်္ကျီ နောက်ကျောက ရင်ထိုးကိုယူပြီး ငုံ့ကြည့်ကာ အံ့သြနေတဲ့ ဦးကတ်ကြေးကို မြှောက်ပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





"ဦးလေးရင်ထိုးက ဦးလေးဆီမှာပဲ၊ အင်္ကျီမှာ ပုံမှန်အတိုင်း ရှိတာပဲ" လို့ သူကပြောပြတယ်။ "ဒါပေမယ့် ဦးလေးက ကိုယ်ကျပ်အင်္ကျီကို ဒီနံနက်မှာ ရှေ့နောက်မှားဝတ်ခဲ့တာ ဖြစ်ရမယ်။ သွားမယ်ဦးလေးရေ . . .သနားစရာ အမေအိုကြီး ဒေါ်တစ်ပီအတွက် ရွှေဒင်္ဂါးဆယ်ပြားလှူတာ ကျေးဇူးတင်ပါ တယ်ဗျာ"

ခုန်ပေါက်ထွက်လာတဲ့ ဟိုဟိုဟာ ပျော်မြူးတဲ့မျက်နှာနဲ့ စပ်ဖြဲဖြဲ ပြုံးနေမိတယ်။ စောင့်ကြည့်နေတဲ့ နတ်သူငယ်တွေက စကားတစ်ခွန်းမှ မပြော နိုင်ဘဲ ရင်ထိုးကိုလက်ထဲကိုင်ထားတဲ့ ကပ်စေးနဲ့ကြီး ဦးကတ်ကြေးကိုတွေ့တော့ ရယ်နေကြတယ်။

ဒီအတွက် အမယ်အိုကြီးတစ်ပီဟာ ပရိဘောဂအသစ်တွေ ဝယ်နိုင်ခဲ့ တယ်။ အခုဆို လှပပျော်ရွှင်ဖွယ် တဲအိမ်လေးအသစ်မှာ သူနေထိုင်နေပြီလေ။ ဒါပေမယ့် ကပ်စေးနဲ့ကြီး ဦးကတ်ကြေးဆီကနေ ဒီလောက်များတဲ့ ငွေတွေ ရလာအောင် ဟိုဟိုဘယ်လိုလုပ်လာသလဲ သူစဉ်းစားမရဘူး။

တကယ်တော့ ဒါဟာ ဟိုဟိုရဲ့ပါးနပ်မှုကြောင့်ပဲ မဟုတ်လားကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်တောက်တောက်

'တောက်တောက်' ဆိုတဲ့ ဒီအမျိုးသမီးရဲ့အမည် အစစ်ကို ဘယ်သူမှ မသိကြဘူး။ လူတိုင်းက သူ့ကို'ဒေါ်တောက်တောက်'လို့ပဲ ခေါ်ကြတယ်၊ ဘာလို့လဲဆိုတော့ သူဟာလမ်းလျှောက်ရင်း တုတ်တစ်ချောင်းနဲ့ တတောက်တောက် သွားလေ့ရှိလို့ပါပဲ။

မင်းတို့တွေ့တဲ့အတိုင်း သူဟာ မျက်စိကန်းနေရှာတယ်။ သူဘယ်နေရာသွားသွား တုတ်တစ်ချောင်း ယူသွားပြီး ပလက်ဖောင်းဘောင်ကိုရှာဖို့ တတောက်တောက်နဲ့ ကျောက်ပြားကိုစမ်းရှာတယ်။သူဟာ သဘောကောင်းပြီး ရွှင်ပျတဲ့ အမျိုးသမီးပါ။ တစ်ကိုယ်တည်း မကြာမကြာ ထွက်လျှောက်တတ်တယ်။ ဒါပေမယ့် တစ်ယောက်ယောက် မကူညီဘဲနဲ့ လမ်းကူးလို့မရဘူး။ ဘာလို့လဲဆိုတော့ ကားတွေသွားလာနေတာ ကို သူမမြင်ရလို့ပါ။

ကလေးတွေဟာ သူ့အပေါ် သိပ်ကောင်းကြတယ်။ ဘယ်ကလေးမဆို ဒေါ်တောက်တောက် ပလက်ဖောင်းမှာ လမ်းကူးဖို့စောင့်နေတာ မြင်တာနဲ့ တစ်ယောက်က သူ့ဆီလာပြီးလက်မောင်းကိုင်ပေးတယ်။ ပြီးရင်လမ်းကြောင်းရှင်းတာနဲ့ သူတို့က သူ့ကို တခြားဘက်ရောက်အောင် လုံခြုံစွာလမ်းကူးပေးကြတယ်။

"ကျေးဇူးတင်ပါတယ် ကလေးရယ်"လို့ဒေါ်တောက်တောက်ကပြောပြီး သူ့တုတ်နဲ့ ထောက်ကာ တောက် တောက် တောက် တောက်နဲ့ ထွက်သွားလေ့ရှိတယ်။

ဒေါ်တောက်တောက်ကို ကူညီလေ့ရှိတဲ့ ကလေးတစ်ယောက်ကတော့ ဗျွန်နီစစ်စတန်ပါပဲ။ သူဟာ ဒေါ်တောက်တောက်ကို နေ့ခင်းကျောင်းကို အသွားမှာ အမြဲဆုံလေ့ရှိပြီး အမျိုးသမီးကလဲ လမ်းဖြတ်ကူးဖို့ သူ့ကို စောင့်နေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အကြားမှာ အပ်ဟာအထည်ပုံအားလုံးကို ချုပ်လို့ပြီးစီးသွားပြီး လှပတဲ့ ကုတ်အင်္ကျီ ဆယ့်ခြောက်ထည်ဟာ ကြယ်သီးလေးတွေနဲ့အတူ ထပ်လျက်ရှိ လျက်သား ဖြစ်သွားတယ်။ ချုပ်အပ်မှာ အဝတ်စထပ်မရှိတော့ဘူး။ ချုပ်အပ်ဟာ လှည့်ပတ်ကြည့် တယ်။ သူဟာ စားပွဲခင်းအစကို တွေ့သွားတယ်၊ ကုတ်အင်္ကျီ ချုပ်ရမယ်လို့ သူတွေးတယ်။ ဒါကြောင့် သူဟာသိတ်ကောင်းတဲ့ ကွက်ကြား ကုတ်အင်္ကျီ တစ်ခုချုပ်ပစ်လိုက်တယ်။

ပြီးတော့ထပ်လို့ လှည့်ပတ်ကြည့်ပြန်တယ်။ မီးဖိုသုံး လက်နှီးစကို တွေ့ပါလေရော။ ဒါကိုလဲ မွေးစတဲ့ ကုတ်အင်္ကျီချုပ်ရမှာပဲ။



ဆယ်မိနစ် အကြာမှာ ချုပ်အပ်အစွမ်းကြောင့် လက်နှီးစပျောက်ကွယ် သွားပြီး ခပ်ထူထူ ကုတ်အင်္ကျီတွေ ချုပ်ပစ်တယ်။ တကယ့်ကိုပဲ သူဟာမှတ် သားလောက်ဖွယ်ရာ ပွင့်လင်းလှတဲ့ ချုပ်အပ်ပါပဲ။

မကြာခင်ပဲ အောက်ထပ်မှာ သူချုပ်ဖို့ဘာမှမရှိတော့ဘူး။ ဒါကြောင့် ချုပ်အပ်ဟာ အပေါ်ထပ်ကို ပျံတက်သွားပြီး သူ့အပ်ပေါက်တစ်ဖက်နဲ့ လှည့် ကြည့်ပြန်တယ်။ သူဟာ အိပ်ရာခင်းတွေကို တွေ့တဲ့အခါ သူသိပ်ပျော်သွား ရှာတယ်။

www.burmeseclassic.com





ကောင်လေးက သူ့နောက်ဘက်ပြေးလာတာနဲ့ "ဟယ်လို ... ဂျွန်နီ" လို့ ပြောတတ်တယ်။ "မင်းခြေသံကို အဒေါ်အမြဲမှတ်မိတယ်ကွယ့်"

"ဟယ်လို၊ ဒေါ်တော်က်တောက် "လို့ ဂျော်နီကလဲ ပြန်နှုတ်ဆက်တယ်။ "အဒေါ့်ကို ကျွန်တော် လမ်းဖြတ်ကူးပေးပါရစေ၊ ခဏစောင့်ဦး၊ ကား လာနေတယ်၊ သွားလို့ရပြီ၊ ဘေးကင်းပြီ"

ဒီအဖြစ်အပျက်ဟာ နေ့လယ်တိုင်းလိုပဲ။ ဂျွန်နီဟာ ဒေါ်တောက် တောက်ကို သိပ်သဘောကျတယ်၊ သူကအမြဲလို ဟာသပြောပြတယ်လေ။

နို၀င်ဘာ တစ်နေ့ခင်းမှာတော့ နှင်းထူထပ်စွာ ကျလာတယ်။ ဂျွန်နီ ကျောင်းကဆင်းလာချိန်မှာ ကျောင်းပေါက်ဝကိုတောင် မြင်ဖို့မသဲကွဲဘူး။ အစတော့ ရယ်စရာလို့ သူတွေးမိတယ်။ ဒါပေမယ့် နောက်တော့ ပျော်စရာလို့ မထင်တော့ဘူး၊ ဘာလို့လဲဆိုတော့ နေရာအနှံ့အပြားမှ ကြည့်ရတာ သိပ်ခက် နေလို့ပါ။ အိမ်ပြန်ဖို့လမ်းကို သူမသိတော့ဘူးလေ။

"ဒီလမ်းပဲ"လို့ သူဘာသာပြောပြီး မီးရထားသံလမ်း ဘေးတစ် လျှောက် သူရောက်လာတယ်။ "ဒီမှာ ထောင့်ချိုးတစ်ခုရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ထောင့်ချိုးကို မတွေ့ပါဘူး။ ဘယ်မှာမှ ထောင့်ချိုးကို မတွေ့ရဘူးလေ။ သူဟာ ပြန်လာခဲ့ပြီး ကျောင်းပေါက်ဝတွေကို ရှာဖို့ကြိုးစားကာ အိမ်ပြန်ဖို့ ကြိုးစားပြန်တယ်။ ဒါပေမယ့် မုခ်ဝတွေကို သူရှာမတွေ့ဘူး။

"ကြောက်စရာနှင်းတွေက အားလုံးကို ညလိုမှောင်အောင်လုပ်နေပြီ" လို့ ဂျွန်ကပြောပြီး မလန့်မိအောင် ကြိုးစားတယ်။ "ငါဘယ်နေရာရောက်နေလဲ၊ တကယ်မသိတော့ဘူး၊ ငါတော့ လမ်းပျောက်နေပြီ"

သူဟာ အတန်ကြာ ရပ်နေပြီး တစ်ယောက်ယောက်အလာမှာ လမ်းမေးဖို့ စောင့်နေတယ်။ ဒါပေမယ့် ဘယ်သူမှမလာဘူး။ လူတိုင်းဟာ အိမ်မှာ လုံလုံခြုံခြုံ နေကြပြီလေ။ ဂျွန်နီဟာ ဆက်ထွက်လာရင်း အိမ်နာမည်တွေကို ဖတ်ဖို့ကြိုးစားတယ်၊ ဒါမှ ဘယ်ရောက်နေသလဲ သိရမှာ။ ဒါပေမယ့် နှင်းသိပ်ထူလို့ မမြင်ရဘူး။ နောက်ဆုံးတော့ သူဟာထပ်ရပ်နေပြီး အိမ်နဲ့နီးရမယ့်အစား ပိုဝေး သွားတယ်လို့ တွေးမိတယ်။ အဲဒီတုန်း တစ်ယောက်ယောက်လာနေသံကို ကြားရတယ်။

တောက် – တောက် – တောက် – တောက် ဆိုတဲ့ အသံကို သူကြားရတယ်။

"ဘုရားရေ၊ ဒါ ဒေါ်တောက်တောက်ရဲ့ တုတ်ကအသံပဲ"လို့ ဂျွန်နီက ပြောတယ်။ "ဒီလိုဆိုးရွားတဲ့နေ့မျိုးမှာ သူထွက်လာတာလား၊ သူလဲ လမ်းပျောက်မနေပါစေနဲ့လို့ ငါဆုတောင်းပါတယ်"





www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းမှာ ဒေါ်တောက်တောက်ဟာ ဂျွန်နီအေးကို ရောက်လာတယ် ။ သူက အမျိုးသမီးလက်ကို ကိုင်ပြီး ရပ်စေတယ်။

"ဒေါ်တောက်တောက်၊ အဒေါ်လဲ လမ်းပျောက်နေတာလား" လို့ မေးလိုက်တယ်။ "လမ်းပျောက်တယ်၊ ဟုတ်လား"လို့ အမျိုးသမီးက အံ့သြစွာ မေးလိုက်တယ်။ "ဘာလို့လမ်းပျောက်ရမှာလဲ၊ ဘာကြောင့်လဲ"

"ဟုတ်ကဲ့၊ ကနေ့ညလို မှောင်နေတယ်၊ နှင်းသိပ်ထူလို့လေ"လို့ ဂျွန်နီ ကပြောလိုက်တယ်။

"ကောင်လေးရယ်၊ အဒေါ်အတွက်တော့ အမြဲတမ်း ညလို မှောင်နေတာပါကွယ်"လို့ ဒေါ်တောက်တောက်က ပြောလိုက်တယ်။ "မျက်မမြင်တွေဟာ အမြဲအမှောင်ထဲမှာလေ၊ မင်းသိသားနဲ့၊ ဒါကြောင့် နှင်းကျလဲ မထူးပါဘူး၊ နှင်းထဲမှာလား၊ နေရောင်ထဲမှာလား အဒေါ်လမ်းကို ကောင်းကောင်းသိပါတယ်"

"တကယ်လား" လို့ ဂျွန်နီကမေးပြီး အံ့သြသွားတယ်။ "ဒါကို ကျွန်တော် ဘယ်တုန်းကမှ မတွေးခဲ့မိဘူး"

"ဂျွန်နီရယ်၊ နေ့အလင်းရောင်ထဲမှာ မင်းကအိမ်ကို ကောင်းကောင်း ပြန်ရောက်နိုင်တယ်၊ အဒေါ်ကတော့ နှင်းထဲမှာ ပိုကျွမ်းကျင်တယ်ကွယ့်"လို့ ဒေါ်တောက်တောက်က ရယ်ရင်းပြောတယ်။ "ဂျွန်နီရယ်၊ ကနေ့တော့ မင်းကို အဒေါ်ကူညီပါ့မယ်၊ ပျော်စရာအပြောင်းအလဲလေး ဖြစ်တာပေါ့၊ အဒေါ်နဲ့ လိုက်ခဲ့လေ၊ အဒေါ်အိမ်က ဒီနားလေးတင်ပဲ၊ ငါတို့ လက်ဖက်ရည်သောက်ပြီး ရင် မင်းကို အဒေါ်အိမ်ပြန်ပို့ပေးမယ်"

ဂျွန်နီဟာ အမျိုးသမီးရဲ့ လက်မောင်းကိုကိုင်ပြီး သူနဲ့အတူ လိုက်သွားခဲ့တယ်။ အမျိုးသမီးဟာ လမ်းကိုကောင်းကောင်းသိတယ်။ သူဟာ တုတ်နဲ့ထောက်စမ်းပြီး ထောင့်ချိုးတွေမှာ မှန်မှန်ကွေ့ကာ လိုရာကိုသွားနိုင်တယ်။ နောက်ဆုံးတော့ သူတို့ဟာ အိမ်လေးတစ်လုံးကို ရောက်သွားတယ်။ သူဟာ အိတ်ထဲက သော့ကိုထုတ်ပြီး တံခါးဖွင့်လိုက်တယ်။ ပြီးတော့ အိမ်ထဲ ဝင်လာကြတယ်။ ခပ်ဝဝအမျိုးသမီးတစ်ယောက် ခန်းမထဲပြေးလာတယ်။ "မင်းလုံခြုံတာတွေ့ရတော့ ငါဝမ်းသာပါတယ်"လို့ ပြောတယ်။

"လုံခြုံပါတယ်လေ"လို့ ဒေါ်တောက်တောက်က ပြန်ပြောတယ်။ "ဂျနက်ရေ၊ လက်ဖက်ရည်နဲ့ မုန့်ရယ်၊ ပေါင်မုန့်ရယ် ယူခဲ့ပါ၊ ကနေ့ ဧည့်သည် ပါလာတယ်၊ ငါ့ကို အမြဲကူညီနေတဲ့ ကလေးလေ"



www.burmeseclassic.com

www.burmeseclassic.com





မကြာခင် ဂျွန်နီနဲ့ ဒေါ်တောက်တောက်ဟာ ထိုင်ပြီး အရသာရှိတဲ့ လက်ဖက်ရည်ကို သောက်နေကြတယ်။ ပြီးတော့ ဒေါ်တောက်တောက်က ဦးထုပ်ပြန်ဆောင်းပြီး ဂျွန်နီနဲ့အတူ လမ်းပေါ်ထွက်လာတယ်။ နှင်းထူနေတုန်းပဲ၊ ဒါပေမယ့် အမျိုးသမီးက လုံးဝဂရုမစိုက်ဘူး။ သူဟာ အလင်းထဲမှာရော အမှောင်ထဲမှာပါ မြင်မှမမြင်ရဘဲလေ။

သိပ်မကြာလိုက်ခင်မှာပဲ သူတို့ဟာ ဂျွန်နီ့အိမ်ကို ရောက်လာတယ်။ ဂျွန်နီအမေက သူ့ကိုမြင်တော့ သိပ်ဝမ်းသာသွားတယ်။ သူက သူ့သားအတွက် သိပ်စိတ်မပူလှဘူး၊ သူ့သားတော့ နှင်းထူလို့ ကျောင်းမှာ လက်ဖက်ရည်သောက်နေတုန်းပဲရှိမယ်လို့ ထင်နေတာကိုး။ သူ့အမေက ဂျွန်နီကို အိမ်အရောက် လုံခြုံအောင်ပို့ပေးတဲ့အတွက် ဒေါ်တောက်တောက်ကို ကျေးဇူးတင်ကြောင်း ပြောတယ်။

“အိုရှင်၊ ဂျွန်နီက ကျွန်မကို မကြာမကြာ ကူညီတတ်တာကို ကျေးဇူးပြန်ဆပ်တာပါ”လို့ အမျိုးသမီးက ပြုံးရင်းပြောတယ်။ “အခု ကျွန်မ သူ့ကို ကူညီရမယ့် အလှည့်ပဲလေ၊ သွားမယ်ဂျွန်နီရေ၊ မနက်ဖြန် အဒေါ်လမ်းဖြတ်ကူးတာ ကြည့်ဦးမှာပေါ့၊ မဟုတ်လား”

“ကျွန်တော် ကူမှာပေါ့၊ ကျွန်တော့် အဒေါ်ကို နေသာတဲ့နေ့မှာ ကူမယ်၊ အဒေါ်က ကျွန်တော့်ကို နှင်းထူတဲ့နေ့မှာ ပြန်ကူပေါ့”လို့ ဂျွန်နီကပြန်ပြောပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

# $P$ နဲ့ $Q$ တိုင်းပြည်

တစ်ခါက ဒေါ်နယ်လို့ခေါ်တဲ့ ကောင်ကလေးရှိသတဲ့၊ သူက "ကျေးဇူးတင်ပါတယ်"လို့ ဘယ်တော့မှ မပြောတတ်ဘူး။ တစ်ခါတလေ "ကျေးဇူးပြု၍" ကိုတော့ သူမှတ်မိတယ်၊ ဒါပေမယ့် တစ်ခုခုကို သိပ်လိုချင်မှသုံးတယ်။ သူ အဲဒါကို မရမှ "ကျေးဇူးပြု၍"လို့ ပြောတတ်တယ်။ ဒါကြောင့် သူဟာ ယဉ်ကျေးတဲ့ကောင်လေး မဟုတ်တာ သိနိုင်ပါတယ်။ ဒါကတော့ သူဘယ်လို ပြောင်းလဲလာသလဲဆိုတဲ့ ဇာတ်လမ်းပါပဲ။

တစ်နေ့မှာ ဒေါ်နယ်ဟာ သူ့အိမ်နောက်က ကွင်းထဲမှာ တစ်ယောက်တည်း ကစားနေပါတယ်။ နံနက် ၁၁ နာရီလောက်မှာ ဒေါ်နယ်ဟာ နံနက်စာ သိပ်နောက်ကျသွားပြီလို့ ရုတ်တရက်ထင်လိုက်မိတယ်။

"ငါသိပ်ဆာတယ်၊ အိမ်ပြန်ပြီး နေ့လယ်စာစားချိန် ဟုတ်မဟုတ် ကြည့်တာ ပိုကောင်းမယ်"လို့ ပြောလိုက်တယ်။

"မရဘူး၊ ဒီလိုလုပ်လို့ မရဘူး"လို့ ခြံစည်းရိုးပေါ်က အသံတစ်သံက ပြောလာတယ်။ "တို့ပျော်ပွဲစားမှာ တို့နဲ့အတူ လာပူးပေါင်းပါလားကွ"

ဒေါ်နယ်ဟာ ခြံစည်းရိုးကို ကျော်ကြည့်လိုက်တော့ အံ့သြသွားတယ်။ အနီရောင်ဝတ်ထားတဲ့ လူပုလေး လေးယောက်ကို သူတွေ့ရတယ်။ သူတို့ဟာ မြေပေါ်မှာ ထိုင်ပြီး အရသာရှိတဲ့ အနံ့မွှေးတဲ့ ကိတ်မုန့်ကြီးတွေကို စားနေကြတယ်။ "အိုး၊ ခင်ဗျားတို့ ကိတ်မုန့်တွေအနံ့က သင်းလိုက်တာ၊ ခင်ဗျားတို့နဲ့ ပူးပေါင်းချင်တာပေါ့"လို့ ဒေါ်နယ်က အနံ့ခံရင်း ပြောတယ်။

ဒေါ်နယ်ဟာ ခြံစည်းရိုးကို ကျော်တက်ပြီး လူပုလေးတွေဘေးမှာ ထိုင်ချလိုက်တယ်။ အလယ်မှာတော့ ကိတ်မုန့်တွေထည့်ထားတဲ့ ပန်းကန်ပြားကြီးတစ်ချပ်ရှိတယ်။ အကြီးဆုံးလူက ဒေါ်နယ်ကို ယဉ်ကျေးစွာ ပန်းကန်ကမ်းပေးလိုက်တယ်။ သူက အကြီးဆုံးမုန့်ကို ပန်းကန်ပြားပေါ်က ယူပြီး "ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com





တင်ပါတယ်”တစ်ခွန်းမပြောဘဲနဲ့ စားလိုက်တယ်။ ဒေါ်နယ်က သူ့ကိတ်မုန့်ကို အပြောင်စားပြီးချိန်မှာ “အတော် မနှစ်မြို့စရာကောင်လေးပဲ”လို့ လူပုလေးခေါင်းဆောင် ရက်က ပြောလိုက်တယ်။ “ကျေးဇူးတင်ပါတယ်ဆိုတာလေးတောင် မပြောဘူး၊ သူ့ကို ငါတို့ပြုပြင်ပေးရမယ်”

“သူ့ကို P နဲ့ Q တိုင်းပြည်ကို ပို့လိုက်ပေါ့။ မကြာခင် သူပြုပြင်လာလိမ့်မယ်”လို့ အခြားလူပုလေးက ဆိုတယ်။

ဒေါ်နယ်ဟာ ထခုန်တယ်။ “အဲဒီကြောက်စရာ တိုင်းပြည်ကို ကျွန်တော်မသွားချင်ဘူး၊ ကျွန်တော် အိမ်ပြန်မယ်”လို့ အော်ပြောတယ်။

“အေး၊ မင်းအိမ်ပြန်ဖို့ ကြိုးစားကြည့်လေ”လို့ ရက်က ပြောတယ်။ ဒေါ်နယ်ဟာ ခြစည်းရိုးဆီ ပြန်လှည့်ပြီး လျှောက်သွားဖို့ ကြိုးစားလိုက်တယ်။ “အိုး ကျွန်တော့်ခြေထောက်က လှုပ်လို့မရတော့ဘူး၊ ဒါ ပြုစားတာလား၊ ကျွန်တော် သွားပါရစေ”လို့ အော်ပြောတယ်။

“မရဘူး၊ မင်း ငါတို့နဲ့ လိုက်ခဲ့ရမယ်”လို့ ရက်က ထရပ်ရင်းပြောတယ်။ “ငါတို့က ‘ကျေးဇူးပါပဲ’တို့၊ ‘ကျေးဇူးပြု၍’တို့ မပြောတတ်တဲ့ ကောင်လေး ကောင်မလေးတွေ အများကြီးကို ပြုပြင်ပေးခဲ့ပြီးပြီ၊ မင်းလဲ ပြန်လာရင် ပိုကောင်းလာလိမ့်မယ်”

ဒေါ်နယ်ဟာ ထိတ်လန့်လာတယ်။ သူဟာ ငိုပစ်ဖို့ အရွယ်လဲ မဟုတ်တော့ဘူး၊ ဒါပေမယ့် လူပုလေးတွေ သူ့ကိုဝန်းရံပြီး သူ့ပခုံးကို လာကိုင်

www.burmeseclassic.com



အာ သူ့ကို တောအုပ်တွေဖြတ်ပြီး ခေါ်သွားကြတော့ ငိုချင်လာတယ်။ သူတို့ဟာ တောအုပ်အတွင်းပိုင်းကို သွားလိုက်ကြတာ ဧရာမမှိုပွင့်ကြီးတွေနား ရောက်တဲ့ အထိပဲ။


"မှိုပွင့်ပေါ်ထိုင်ချလိုက် ဒေါ်နယ်"လို့ ရက်က ပြောတယ်။ "ခိုင်ခိုင် ကိုင်ထားလိုက်"

လူပုလေးတွေအားလုံးဟာ မှိုပွင့်တစ်ပွင့်ဆီရွေးပြီး ဒေါ်နယ့်အနားမှာ ထိုင်ချလိုက်ကြတယ်။ ဒေါ်နယ်ဟာ မှိုပွင့်ကြီးတစ်ပွင့်ပေါ်ထိုင်ပြီး ရက် ပြော သလို မြဲမြဲကိုင်ထားရတယ်။

"တစ် နှစ် သုံး သွားပေတော့"လို့ ရက်က ရုတ်တရက်အော်လိုက် တယ်။ သူ့မှိုပွင့်ဟာ မြေကြီးထဲလျှင်မြန်စွာ နစ်မြုပ်သွားသလို ခံစားရတယ်။ တခြားမှိုပွင့်တွေအားလုံးလဲ ဒီလိုပဲ။

ဆင်း ဆင်းလာလိုက်တာ ဘာမှမမြင်ရတော့ဘဲ လုံးဝမှောင်သွား တယ်။ ပြီးတော့ ဗိုင်းခနဲပဲ မှိုပွင့်ဟာ ဂူကြီးတစ်ဂူထဲ ရပ်သွားတယ်။ အပြာ ရောင်မီးအိမ်တွေကနေ မီးလင်းလာတယ်။

တခြားသူတွေ အားလုံးလည်း ရောက်လာကြတယ်။ သူတို့ဟာ ဒေါ်နယ်လုပ်သလိုပဲ မှိုပွင့်တွေပေါ်က ခုန်ဆင်းလိုက်ကြတယ်။






www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့ . . . ဒေါ်နယ်၊ ဒီလမ်းပဲ"လို့ သူတို့အော်ကြတယ်။

သူတို့ဟာ သူ့ကို ဂူအပြာထဲ ဖြတ်ခေါ်သွားလိုက်တာ အစိမ်းရောင်မှန်အိမ်တွေ ထွန်းထားတဲ့ တခြားဂူထဲရောက်တဲ့အထိပဲ။ ဂူထဲမှာ မီးရထားသံလမ်းနှစ်စုံရှိတယ်။

"ဟင် . . . မီးရထားလမ်းပါလား၊ ဘယ်ကိုသွားတာလဲ"လို့ ဒေါ်နယ်က အံ့ဩတကြီး မေးလိုက်တယ်။

"နေရာပေါင်းစုံကိုပေါ့"လို့ ရက်ကပြောတယ်။ "နတ်သမီးတိုင်းပြည်နဲ့ နေရာတိုင်းကို ဥစ္စာစောင့်မီးရထားနဲ့ မင်းသွားနိုင်တယ်"

ရုတ်တရက်ပဲ အမှောင်ထဲမှာ အင်ဂျင်စက်လေး အသံထွက်လာပြီး ဒေါ်နယ်ကို တွဲပေါ်တွန်းတင်ပါတယ်။ ရထားတွဲတွေမှာ အမိုးနဲ့ထိုင်ခုံ မပါကြဘူး၊ ကြမ်းပြင်မှာ ခရီးသည်တွေ ထိုင်ဖို့ ထိုင်ခုံပဲပါတယ်လေ။

ရထားရပ်တာနဲ့ ရက်က "ခုန်တက်လိုက်"လို့ ပြောပြီး ဒေါ်နယ်ကို တွဲပေါ်တွန်းတင်ပါတယ်။ လူပုလေးတွေ အားလုံးလဲ အထဲဝင်ပြီး နေရာရွေးကြပါတယ်။ ရထားဟာ ထပ်ထွက်သွားပြန်တယ်။

အတော်ကြာပြီးတဲ့အခါ ထူဆန်းတဲ့နာမည်တွေနဲ့ ဘူတာတွေကို ဖြတ်ပြီးတဲ့နောက် ရထားဟာ ဂူတွေကို ချန်ထားခဲ့ပြီး လပာပြင်ထဲကို ထွက်လာပါတယ်။ သူတို့ဟာ "တယောထိုးတံ လယ်ကွက်၊ လေညင်းလမ်းထောင့်နဲ့ အပေါက်ထဲကရေအိုင်"စတဲ့ ဘူတာရုံတွေကို ဖြတ်လာကြတယ်။ ဒေါ်နယ်ဟာ စူးစမ်းကြည့်ရှုရင်းနဲ့ နတ်သမီးတိုင်းပြည်ကို သူရောက်နေမှန်း သိလာရတယ်။ ဘူတာရုံတချို့မှာ နတ်သမီးလေးတွေနဲ့ မှင်စာတွေ၊ နတ်သူငယ်တွေ၊ ဥစ္စာစောင့်တွေဟာ တောက်ပတဲ့ အတောင်ပံတွေနဲ့ စိတ်ဝင်တစား လှမ်းကြည့်နေကြတယ်။

နောက်ဆုံးရထားဟာ နှေးလာတယ်။

"P နဲ့ Q ဘူတာ၊ P နဲ့ Q ဘူတာ"လို့ ဥစ္စာစောင့် ကူလီအလုပ်သမားက အော်ပါတယ်။

"မြန်မြန်ခုန်ချ ဒေါ်နယ်"လို့ ရက်ကပြောတယ်။ လူပုလေးတွေ ခုန်ချတော့ ဒေါ်နယ်လဲ သူတို့နဲ့အတူ ခုန်ချလိုက်တယ်။

လှပတဲ့ ပန်းပွင့်တွေနဲ့ ကွင်းပြင်ထဲရောက်နေတာ သူသတိထားမိလိုက်တယ်။ သူ့ဘေးမှာတော့ ဆိုင်းဘုတ်ကြီးတစ်ခု။

'P နဲ့ Q တိုင်းပြည်သို့'



www.burmeseclassic.com

www.burmeseclassic.com






"ကွင်းပြင်ပေါ်က လမ်းအတိုင်းလိုက်သွားပြီးရင် ရှေ့တည့်တည့်သွား၊ ရဲတိုက်အဝါထဲဝင်ပြီး လူဘီလူးကြီး ပိုလိုက်ဆီးကို မေးပေတော့၊ သူက မင်းကို ဘာလုပ်ရမလဲ ပြောပြလိမ့်မယ်၊ မင်းအနေနဲ့ သတိမုခ်ဝကို ရှာတွေ့ပြီး အဲဒီကနေ လုံခြုံစွာ ဖြတ်နိုင်ခဲ့ရင် အိမ်ပြန်နိုင်ပြီ၊ တခြားဘက်မှာ ငါစောင့်နေမယ်။ မင်းကို ငါအိမ်ပြန်ပို့ပေးမယ်"

လူပုလေးတွေဟာ စောင့်နေတဲ့ ရထားပေါ်ကို ခုန်တက်သွားပြီး လက်ပြကာ ထွက်ခွာသွားကြတယ်။ သနားစရာ ဒေါ်နယ်ကို တစ်ယောက် တည်း ထားခဲ့ကြတယ်။

ဒေါ်နယ်ဟာ သူတို့နောက်ကို စိုက်ကြည့်ရင်း သိပ်အထီးကျန်ဆန် ခံစားနေရတယ်။ ရထားကမြင်ကွင်းထဲက ပျောက်ကွယ်သွားတော့မှ ကွင်းပြင် ပေါ်ကို သူထွက်ခဲ့ပြီးနောက်ဆုံးမှာ ခြံစည်းရိုးတစ်ခုနားရောက်လာတယ်။ခပ် လှမ်းလှမ်းကတောင်ကုန်းပေါ်မှာ အဝါရောင်ရဲတိုက်ကြီးတစ်ခုကို သူမြင်ရ တယ်။

www.burmeseclassic.com



"ဒါ လူဘီလူးကြီး ပိုလိုက်ဆီးနေတဲ့ ရဲတိုက်ပဲဖြစ်ရမယ်"လို့ ဒေါ်နယ်က စဉ်းစားတယ်။ "သူ ငါ့အပေါ် ကြင်နာပါစေ၊ အိမ်ပြန်ခွင့်ပြုပါစေ မျှော်လင့်ပါရဲ့"

ရဲတိုက်ကို သူရောက်ချိန်မှာ ရှေ့တံခါးဝမှာ ဘီလူးကြီး ထိုင်နေတာကိုတွေ့ရတယ်။ တကယ့်လူဘီလူးကြီးပါပဲ၊ ကြင်နာတဲ့ အပြာရောင်မျက်လုံးတွေနဲ့ အံ့ဩဖွယ်ရာ အမူအရာတွေ ရှိပါတယ်။ ဒေါ်နယ်ဟာ သူ့ကိုမကြောက်တော့ဘူး။ သူ့ကို ရက် ပြောလိုက်တာ ပြောပြပြီးတော့ သူဘယ်လို ဒီကိုရောက်လာရကြောင်း ပြောပြပါတယ်"

"ကျွန်တော် အိမ်ပြန်ပါရစေ"လို့ အဆုံးမှာ သူကအသနားခံတယ်။ "မရဘူး၊ ယဉ်ကျေးအောင် မလေ့လာမချင်း မင်းအိမ်ပြန်လို့မရဘူး" လို့ လူဘီလူးကြီး ပိုလိုက်ဆီးက ပြောတယ်။ "မင်းဒီမှာ အတန်အသင့် နေရဦးမယ်၊ မီးဖိုချောင်ထဲသွားပြီး ငါ့အစေခံတွေကို သွားမေးလှည့်၊ မင်းကို သူတို့ မီးဖိုချောင်အတွက် လိုသလားလို့၊ သူတို့ကမင်းကို ယဉ်ကျေးအောင် သင်ပေးလိမ့်မယ်၊ ပြီးရင် မင်းအိမ်ပြန်နိုင်ပြီ"





www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နယ်ဟာ ဝမ်းနည်းစွာနဲ့ မီးဖိုချောင်ကို သွားရတယ်၊ အဲဒီမှာ အိုးသံခွက်သံတွေ မြည်နေတယ်။ အဲဒီမှာ အထူးဆန်းဆုံးဟာတွေ ဖြစ်နေတယ်။ တချို့သူတွေဟာ အပြာရောင်ဝတ်စုံတွေ ဝတ်ထားပြီး ဦးထုပ်တွေ မှာ P ဆိုတဲ့ စာလုံးကြီးကို ရေးထိုးထားတယ်။ တချို့ကျတော့ ခရမ်းရောင်ဝတ်စုံ ဝတ်ထားပြီး ဝတ်စုံပေါ်မှာ Q လို့ ရေးထိုးထားတယ်။

"ဒါတွေဟာ P နဲ့ Q ပဲထင်တယ်"လို့ ဒေါ်နယ်က သူတို့ကို ရပ်ကာ စောင့်ကြည့်ရင်း စဉ်းစားမိတယ်။

ပြီးတော့ သူက အကျယ်ကြီးပြောလိုက်တယ်။ "ခင်ဗျားတို့ မီးဖိုချောင်က ကောင်လေးအဖြစ် ကျွန်တော် ကူညီပေးရမလား"

"မင်းကို လူဘီလူးကြီး ပိုလိုက်ဆီးက လွှတ်လိုက်တာလား"လို့ တစ်ယောက်က မေးတယ်။ "ဟုတ်ကဲ့ သူလွှတ်လိုက်တာပါ"လို့ သူက ဖြေတယ်။

"ကောင်းပြီ၊ ထိုင်စမ်း"လို့ ထမင်းချက်က ပြောတယ်။ "ငါတို့ နေ့လယ်စာ စားတော့မလို့" အာလူးတွေ ဇွန်းကြီးနဲ့ ခပ်တာ စောင့်ကြည့် နေတယ်။

"အာလူးယူမလား ဒေါ်နယ်"လို့ ထမင်းချက်ကမေးတယ်။

"ဟုတ်ကဲ့ ခပ်ကြီးကြီးတစ်လုံးပေးပါ"လို့ သူကဖြေတယ်။ "ကျေးဇူးပြု၍"လို့ ပြောဖို့မေ့သွားတယ်။



www.burmeseclassic.com



အဲဒီအခါ ပန်းကန်ထဲက အကြီးဆုံးအာလူးဟာ ထခုန်ပြီး ဒေါ်နယ်ဆီ ပျံသန်းလာကာ သူ့ဗိုက်ကို လာမှန်တယ်။ ပြီးတော့ အဲဒီနေရာမှာပဲ ကပ်နေတယ်။

"အိုး . . . အိုး၊ ကယ်ကြပါ"လို့ ဒေါ်နယ်က အော်ပြီး အာလူးကို ဖယ်ဖို့ ကြိုးစားတယ်။

"ကျေးဇူးပြု၍လို့ ပြောဖို့မင်းမေ့သွားတာကိုး"လို့ ထမင်းချက်ကပြောတယ်။ "P နဲ့ Q တိုင်းပြည်မှာ ဘယ်သူမဆို ယဉ်ကျေးဖို့ မေ့သွားရင် ဒီလိုဖြစ်စမြဲပဲ၊ ဒီအာလူးကို မင်းအိမ်ပြန်ရာ သတိမုခ်ဝ မရောက်မချင်း ဖြုတ်လို့ရမှာ မဟုတ်ဘူး"

မှန်ပါတယ်၊ ဒီအာလူးဟာ ပြုတ်မသွားဘူး။ ဒါကြောင့် ဒေါ်နယ်ဟာ ဒီအတိုင်း ထားလိုက်ရတယ်။ သူဟာ ဒီအတွက် ဒုက္ခသိပ်ရောက်နေရတယ်။

"ဟောဒီမှာ မင်းဖို့အသား" လို့ ထမင်းချက်ကပြောရင်း ပန်းကန်ကို ဒေါ်နယ်ဆီ ကမ်းပေးတယ်။ သူဟာ ဒါကို လှမ်းယူပြီး ရှေ့မှာချလိုက်တယ်။ "ကျေးဇူးတင်ပါတယ်"လို့ မပြောဘူး။

အသားတုံးဟာ ခုန်ထွက်လာပြီး ဒေါ်နယ်တစ်ကိုယ်လုံးကို ဟင်းရည်တွေ ဖိတ်စင်သွားတော့တယ်။ ဒါကိုလဲ သူသုတ်ပစ်လို့ မရပြန်ပါဘူး။ "အင်း မင်းကတော့ တော်တော်မိုက်တာပဲ"လို့ P နဲ့ Q က အော်လိုက်တယ်။ "ကျေးဇူး တင်ပါတယ် ပြောဖို့မေ့သွားပြန်ပြီ"

သနားစရာ ဒေါ်နယ်ဟာ အရာမထင်ဖြစ်ရလို့ ငိုမတတ်ဖြစ်သွားရတယ်။ သူဟာ သိပ်ဆာပြီမို့ နေ့လယ်စာ စားချင်လှပြီ။ သူဟာ ပူတင်းမုန့်ကို ယူရင်း "ကျေးဇူးပြု၍" "ကျေးဇူးတင်ပါတယ်"လို့ သတိထားပြောကာ ဆာလောင်စွာ စားပစ်ပါတော့တယ်။ နေ့လယ်စာ စားအပြီးအာ ဒေါ်နယ်ဟာ ပန်းကန်အားလုံးကို ကူဆေး ပေးရတယ်။ ပန်းကန်တစ်ချပ်က သိပ်စေးကပ်နေတာမို့ သူသန့်ရှင်းအောင် မလုပ်နိုင်ဘူး။

"အဲဒါ ငါ့ကိုပေး၊ ငါ မင်းကိုယ်စားဆေးပေးမယ်"လို့ P ကကြင်နာစွာ ပြောတယ်။ ဒေါ်နယ်က စကားတစ်ခွန်းမှ မဆိုဘဲ သူ့ကို ပန်းကန်ပြား ပေးလိုက်တယ်။ ပန်းကန်ဟာ P ရဲ့ လက်ကခုန်ထွက်ပြီး ဒေါ်နယ်ရဲ့ ခေါင်းပေါ် တက်ကပ်သွားတယ်။

"အိုး၊ ငါမင်းကို ကူညီတဲ့အတွက် ကျေးဇူးတင်စကား မပြောဘဲကိုး" လို့ P က ရှင်းပြတယ်။ "ပန်းကန်ပြား ဘာဖြစ်သလဲကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်နယ်ဟာ ပန်းကန်ပြားကို ဖြုတ်လို့မရဘူး။ သူ့ဗိုက်နဲ့ အင်္ကျီလက်မှာ အာလူးနဲ့ အသားတွေရှိပြီး ခေါင်းမှာပန်းကန်ရှိနေတာကို ကြည့်ရတာ ထူးဆန်းနေတာပေါ့။

"အောင်မယ်လေး၊ အောင်မယ်လေး၊ ငါ သတိထားမှပဲ"လို့ ဒေါ်နယ်က အော်ပြောတယ်။ "မကြာ မကြာ မေ့တတ်တဲ့အတွက် ငါမကြိုက်တော့ဘူး"

သူဟာ ဒါကို သတိရဖို့ အပြင်းအထန် ကြိုးစားရတယ်။ P နဲ့ Q တို့ဟာ သူ့အပေါ် သိပ်ကြင်နာတယ်။ သူမသိတဲ့အရာတွေကို အမြဲသင်ပြပေးကြတယ်။ သူတို့ဟာ သိပ်အသုံးဝင်တာပဲလို့ ဒေါ်နယ်တွေးမိတယ်။ သူလဲ ဒီလိုအသုံးဝင်အောင် လုပ်နိုင်ရင် ပျော်စရာကောင်းမှာပဲလို့ တွေးမိလာတယ်။

ဗိုက်မှာ အာလူးကပ်နေပြီး ခေါင်းမှာ ပန်းကန်ကပ်နေတဲ့ ကောင်လေးတစ်ယောက်အဖို့ အသုံးဝင်အောင်လုပ်ဖို့ ခက်ခဲပါတယ်။ ဒါပေမယ့် ဒေါ်နယ်ကရအောင်လုပ်တယ်။ သူဟာတစ်ခါပဲ မေ့လျော့ဖူးတယ်၊ အဲဒီအခါက Q တစ်ယောက် မီးခိုးရောင် ကြောင်ပေါက်လေးကို ပွေ့ပြီး ပြေးလာချိန်မှာပေါ့။

"ဒီမှာကြည့်စမ်း၊ ချစ်စရာကြောင်ပေါက်စလေးပဲ"လို့ သူကအော်ပြောတယ်။ P နဲ့ Q တွေအားလုံးဟာ ကြည့်ဖို့ပြေးလာကြတယ်။ ဒေါ်နယ်လဲ အပြေးသွားတယ်။ ဒါပေမယ့် သူကနောက်ဆုံးမှ ရောက်လို့ဘာမှမမြင်ရဘူး။

သူဟာ ရှေ့ဘက်ကို တိုးသွားလိုက်တယ်။ "ကျွန်တော်ကြည့်ပါရစေ၊ ကြည့်ပါရစေ"လို့ အော်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မတွန်းနဲ့၊ အဲဒါရိုင်းတာပဲ"လို့ ထမင်းချက်ကပြောပြတယ်။ ဒီနောက်မှာ ကြောင်လေးဟာ ဒေါနယ်ရဲ့ ပခုံးပေါ်ခုန်တက်ပြီး အဲဒီမှာ မြဲနေတော့တယ်။

"ဘာဖြစ်လဲကြည့်စမ်း"လို့ Q က အော်ပြောတယ်။ "မင်းကရိုင်းတာကိုး၊ ဒီတော့ ကြောင်လေးကို မင်းပခုံးပေါ်မှာ တစ်ညလုံး သယ်သွားရတော့မယ်" သူဟာ သိပ်ဒုက္ခရောက်ရတယ်၊ သူ့အတွက် အဆင်မပြေသလို ကြောင်လေးအတွက်လဲ အဆင်မပြေလို့ပဲ။

ဒေါနယ်ဟာ ရဲတိုက်ထဲမှာ နှစ်ရက် သုံးရက် နေထိုင်ရင်း P နဲ့ Q တွေလို ယဉ်ကျေးပြီး ညှာတာတတ်ဖို့ အပြင်းအထန် ကြိုးစားတယ်။ သူဟာ သူ့ကိုယ်သူ တကယ်အသုံးဝင်တဲ့ ကောင်လေးဖြစ်လာဖို့ သူတို့ကို ကူညီတယ်။

သူဟာ ချောကလက်လိုချိန်မှာ "ကျေးဇူးပြု၍"လို့ ပြောဖို့မေ့သွားပြန်လို့ ချောကလက်က သူ့လည်ပင်းကို လာကပ်ပြီး ဒုက္ခရောက်ရပြန်တယ်။




နောက်တစ်ခါ ပူတင်းမုန့်ကို သကာရည်ဆမ်းတော့လဲ သူ့ဆီလာကပ်ပြန်တယ်။ သူဟာ တစ်နေ့လုံး စေးကပ်နေတာပဲ၊ ဒါကို မဖယ်ရှားနိုင်လို့လေ ။

တစ်နံနက်မှာ ဒေါနယ်ဟာ သိပ်ပင်ပန်းနေတယ်။ သူဟာ လူဘီလူးကြီး ပိုလိုက်ဆီးရဲ့ ဘွတ်ဖိနပ်တွေကို သန့်ရှင်းပေးဖို့ရှိတယ်။ ဘိနပ်တွေဟာ သိပ်ကြီးလွန်းလို့ ရေချိုးခန်းတစ်ခုစာ ရှိတယ်။ သူလည်း အသည်းအသန် လုပ်ရတာပေါ့။ နောက်နံနက်မှာ ကောင်းကောင်းအနားယူပြီး လွယ်တဲ့ တစ်ခုခု လုပ်မယ်လို့ သူဆုံးဖြတ်လိုက်တယ်။

www.burmeseclassic.com



"ရှုန်းတွေကို ဆေးမယ်"လို့ စဉ်းစားတယ်။ ဒါကြောင့် သူဟာထိုင်ချ ပြီး စဆေးတော့တယ်။ ဒါပေမယ့် အဲဒီတုန်းမှာ ထမင်းချက် ရောက်လာပြီး သူ့ခေါင်းကို ကိုင်ကာ ညည်းတွားနေတယ်။

"အိုး အိုး၊ ငါခေါင်းကိုက်လိုက်တာ၊ နေပူထဲသွားရဦးမယ်၊ အသား သည်ကို ဆယ့်နှစ်နာရီမှာ အသားလာပို့ဖို့ ပြောရဦးမယ်"လို့ ထမင်းချက်က ညည်းသတဲ့။ "ကျွန်တော် ခင်ဗျားအစား သွားပေးပါ့မယ်"လို့ ဒေါ်နယ်က ချက်ချင်း ပြောလိုက်တယ်။

"ဒါပေမယ့် မင်း ပင်ပန်းနေပြီ၊ လမ်းကလဲ ရှည်တယ်နော်" လို့ ထမင်းချက်က ပြောတယ်။"ကိစ္စမရှိပါဘူး၊ ကျွန်တော် ခင်ဗျားအတွက် သွားပေး ပါ့မယ်၊ သွားလှဲနေပါ၊ ကောင်းသွားလိမ့်မယ်"လို့ ဒေါ်နယ်က ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ မင်းက သိပ်ကြင်နာတတ်ပဲ၊ သိပ်ကျေးဇူးတင်ပါတယ်ကွာ"လို့ ထမင်းချက်ကပြောတယ်။ "လမ်းပေါ်တစ်မိုင်ခန့်သွားလိုက်၊ ပြီးရင် ကွေ့ကောက် တောင်ကိုတက်၊ အသားသည်က တောင်ထိပ်မှာနေတယ်၊ ကျေးဇူးပြုလို့ ငါ့သတင်းကို ပြောပြပြီး ငါမလာနိုင်ကြောင်း ပြောပေးပါ"

ဒေါ်နယ်ဟာ နေပူထဲမှာ ထွက်လာခဲ့တယ်။ လမ်းကို တစ်မိုင်ခန့် လျှောက်တယ်၊ ပြီးရင် ကွေ့ကောက်တောင်ကို ကွင်းတွေကျော်သွားတယ်။ အဲဒီကိုရောက်တော့ သူသိပ်ပင်ပန်းနေပြီမို့ လမ်းမနည်း လျှောက်ရတယ်။ သူဟာ အသားသည်ကို အကျိုးအကြောင်း ပြောပြလိုက်တယ်။ အသားသည်ဟာ ကြောင်၊ အာလူး၊ ပန်းကန်နဲ့အသားတို့ ချိန်ဆွဲထားတဲ့ ကောင်လေးကို အလွန်အံ့သြစွာ ကြည့်နေတယ်။

"ကျေးဇူးပြုလို့ တို့တဲအပြန်လမ်းကို ပြောပြနိုင်မလားခင်ဗျာ"လို့ ဒေါ်နယ်ကမေးတယ်။ "တောင်ကုန်းပေါ်က ဆင်းချပြီး ခြံစည်းရိုးကို ကျော်လိုက် ဒါလမ်းတိုပဲ"လို့ အသားသည်ကပြောတယ်။ ဒေါ်နယ်ဟာ သူ့ကို ကျေးဇူးတင်ကြောင်း ပြောပြီး တောင်ကုန်းပေါ်ကဆင်း၊ ခြံစည်းရိုးကို ကျော်လိုက်တယ်။ ခြံစည်း ရိုးတစ်ဖက်မှာ သူဘာတွေ့ရမယ် ထင်ပါသလဲ။ ရောမ မုခ်ဝကြီးပါ၊ အပေါ်မှာ ဒီလိုရေးထားတယ်။

"သတိမုခ်ဝ"

တံခါးစေ့ထားတယ်။ ဒေါ်နယ်က တံခါးကချောင်းကြည့်လိုက်တော့ အပြာရောင် လေယာဉ်လေး မုခ်ဝအလွန် ကွင်းထဲမှာ တွေ့ရတယ်။ ပြီးတော့ လူပုလေး ရက်က သူ့ဆီလာနေတာ တွေ့ရတယ်။

"မင်းပြုပြင်ပြီးပြီလား"လို့ ရက်ကမေးတယ်။ "အောင်မယ်၊ မင်းကြည့်ရတာရယ်စရာပဲ၊ ပန်းကန်ပြားကို ခေါင်းပေါ်တင် လာရသလားကွယ်၊ ထူးဆန်းလိုက်တာ"

"ကျေးဇူးပြုလို့ တံခါးဖွင့်ပေးပါ၊ ကျွန်တော်ဖြတ်သွားပါရစေ"လို့ ဒေါ်နယ်က တောင်းပန်တယ်။ "တံခါးကို သုံးကြိမ်ခေါက်လိုက်၊ မင်းပြုပြင်ပြီးပြီဆိုရင် တံခါးပွင့်သွားလိမ့်မယ်"

ဒေါ်နယ်ကလဲ သုံးကြိမ်ခေါက်လိုက်တယ်။ စောင့်ဆိုင်းရင်း တုန်လှုပ်ရင်း တံခါးဖွင့်ဖို့ ဆုတောင်းနေရှာတယ်။

ကျွိ ကျွိ ကျွိ တံခါးဟာ ဖြည်းဖြည်းချင်းလေး ပွင့်သွားတယ်၊ ဒေါ်နယ်လဲ ဖြတ်လျှောက်သွားတယ်။ သူ ဖြတ်လိုက်တာနဲ့ ပန်းကန်ပြား



www.burmeseclassic.com

www.burmeseclassic.com






အာလူးနဲ့ အသားတို့ဟာ သူ့ကိုယ်က ကွာကျသွားတယ်၊ ကြောင်လဲ ထွက်ပြေးသွားတယ်။ နောက်ဆုံး သူ့လည်ပင်းက ချောကလက်ပြုတ်ကျသွားပြီ သကာရည်လဲ ပျောက်ကွယ်သွားတော့ ဒေါ်နယ်လဲ သူရက်အတန်ကြာ သယ်ခဲ့ရတဲ့ ပစ္စည်းတွေနဲ့ ကင်းလွတ်သွားရတယ်။

"ဝေး ဟေး ဟေး"လို့ ဒေါ်နယ်က ပျော်ရွှင်စွာ ခုန်ပေါက်ရင်း အော်လိုက်တယ်။ "ကျေးဇူးပြုလို့ ကျွန်တော့်ကို အိမ်ပြန်ပို့ပေးပါရက်ရယ်၊ ကျွန်တော် ကျွန်တော်အခု လုံးဝလိမ္မာပါပြီ တကယ်ပါ"

"မင်းသာ ကောင်းကောင်းမပြုပြင်ခဲ့ဘူးဆိုရင် သတိမုခ်ဝကို ရှာတွေ့မှာတောင် မဟုတ်ဘူး"လို့ ရက်ကရယ်ရင်း ပြောတယ်။ "ဒါကြောင့် မင်းပြုပြင်ပြီးသားဆိုတာ ငါသိသားပဲ၊ လာခဲ့ . . . ယာဉ်ပေါ်ခုန်တက်လိုက်၊ မင်းခြံထဲကို ပြန်ပို့ပေးမယ်" သူတို့ဟာ လေထဲမှာ ပျံသန်းလာပြီး နွေးကွေးစွာဆင်းလာကာ လေယာဉ်ရပ်သွားတယ်။

www.burmeseclassic.com



"ဒါ ကျွန်တော့်ခြံပဲ၊ ကျေးဇူးတင်လိုက်တာ ရက်ရယ်"လို့ ဒေါ်နယ်က အော်ပြောတယ်။ "အခု ကျွန်တော်အမေ့ဆီ သွားပြီး ဖြစ်သမျှတွေ ပြောပြရမယ်"

သူဟာ သူ့အမေရှိရာကို သွားတော့ အမေက သူ့ကို ဝမ်းသာစွာ ကြည့်နေတယ်။ သူဟာ P နဲ့ Q တို့ရဲ့ တိုင်းပြည်ကို တကယ်ရောက်ခဲ့ကြောင်း သူ့အမေက ယုံဖို့ခက်နေတယ်။ ဒါပေမယ် သူအမြဲယဉ်ကျေးပြီး ညာတာမှု ရှိလာတာ "ကျေးဇူးပြု၍"တို့ "ကျေးဇူးတင်ပါတယ်"တို့ကို ပြောဖို့ ဘယ်တော့မှ မမေ့တာ တွေ့ရမှ သူပြောတာမှန်ကြောင်း သိရသတဲ့။

ဒါပေမယ့် တို့များ တစ်ခါတလေ "ကျေးဇူးတင်ပါတယ်"လို့ ပြောဖို့ မေ့ခဲ့ရင် တို့ထံပန်းကန်ပြားကြီး ခုန်တက်မလာတာ ဝမ်းသာစရာပဲနော်။

www.burmeseclassic.com

www.burmeseclassic.com

## ပျားရည်ခိုးတဲ့ ဝက်ဝံလေး

ဝက်ဝံလေး တက်ဒီဟာ ချိုတဲ့အရာတွေကို သိပ်ကြိုက်တယ်။ သူဟာ ယိုတွေသိမ်းထားရာ မီးဖိုချောင်ဗီရိုက ဆင့်ကိုသိပြီး ညဆိုရင်သူဟာ လှေကားက အသာလေး ဆင်းပြီး စင်ပေါ်တက်ကာ ယိုအိုးဘေးမှာ ထိုင်ပြီး သူ့လက်သည်းတွေနဲ့ ဖွင့်သတဲ့။

ကလေးတွေဟာ သကြားလုံးတွေ ချန်ထားတာကိုလဲ သူအမြဲသိတယ်။ ဒီလိုလုပ်တာတွေကို မြင်ရတဲ့ အရုပ်လေးတွေဟာ တုန်လှုပ်ကြတယ်။

"အဲဒါတွေဟာ မင်းဟာမဟုတ်ဘူးလေ၊ မင်းလဲသိသားနဲ့"လို့ အရုပ်မကြီးကပြောတယ်။

"တချို့ကတော့ ဟုတ်သဗျ"လို့ တက်ဒီကပြောရင်း သူ့ရဲ့ ဝဖီးတဲ့ ဝမ်းဗိုက်ကို ပုတ်နေတယ်။ "ဒါတွေက သိပ်ကောင်းတာပဲဗျ၊ ယူဦးမလား"

"မဖြစ်ဘူး"လို့ တခြားအရုပ်တွေ အားလုံးကပြောတယ်။

"တစ်နေ့နေ့တော့ မင်းနောင်တရလိမ့်မယ်လို့ ကျုပ်တွေးနေတာ တကယ်လို့ ခင်ဗျားတို့ ကျုပ်ကိုစကားမပြောဘူး ကျုပ်နားမလာဘူးဆိုရင် ကျွန်တော်သိပ်ပျော်မှာပဲ၊ ခင်ဗျားတို့သာ တဗျစ်တောက်တောက် ဆူပူကြ"

"သူတော့ သွားရှာပြီ"လို့ အရုပ်စစ်သားက လမ်းလျှောက်ရင်း တခြားသူတွေကို ပြောတယ်။ "သိပ်ဆိုးတဲ့ကောင်ပဲ"

နောက်နေ့မှာ ကလေးတွေဟာ ပေါင်မုန့်နဲ့ လက်ဖက်ရည် ပျားရည်ရယ် စားကြပြီး သိပ်ကျေနပ်နေတယ်။ တက်ဒီက ပျားရည်အိုးကို စိုက်ကြည့်နေတယ်။ လက်ဖက်ရည်ဇွန်းမှာ ပျားရည်ဝါဝါတွေ ခပ်ထားတယ်။ ပေါင်မုန့်နဲ့ ထောပတ်ကလဲ သိပ်သဘောကျစရာ ချိုမြပြီး တောက်ပနေတယ်။

"ပျားရည်ပဲ ငါ့ဘဝမှာ တစ်ခါမှမစားဖူးသေးဘူး၊ ဒီညတော့ တကယ်ကြိုးစားကြည့်ရတော့မယ်၊ ကလေးတွေရဲ့ အမေက ပျားရည်ကိုကြောင်အိမ်ကစင်အနိမ့်မှာ ထားခဲ့ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



အရုပ်မကြီးက သူပြောတာကို ကြားတော့ မျက်မှောင်ကြုတ်ကြည့်တယ်။ "မင်းတက်ယူမှာ ငါသိတယ် ဝက်ဝံဆိုးလေးရဲ့၊ ပျားရည်ကို မင်းမထိနဲ့နော်"

တက်ဒီဟာ အရုပ်တွေ တူတူပုန်းတမ်း ကစားနေတာကို စောင့်ကြည့်တယ်။ ပြီးတော့ သူလဲ ပုန်းဖို့သွားတယ်။ ဒါပေမယ့် အောက်ကို အသာဆင်းပြီး ပျားရည်သိမ်းထားရာ ကြောင်အိမ်ထဲမှာ ပုန်းနေတာပါ။ ပျော်စရာမဟုတ်လား။




အရုပ်တွေဟာ ကစားပြီးလို့ ဆင်းလာပြီး သူ့ကိုရှာတော့ အိပ်ပျော်နေတာ တွေ့ရတယ်။ သူဟာ ပျားရည်အိုးကို မှီပြီး ထားတယ်။ သူတို့က သူ့ကို ဆွဲထုတ်ပစ်တယ်။

"သူ့ကျောကိုကြည့်စမ်း၊ ကရားထဲဝင်လို့ ပျားရည်တွေ ပေနေတယ်" လို့ အရုပ်မကြီးက မနှစ်မြို့စွာ ပြော[illegible]လိုက်တယ်။ "သူ့ကိုငါတို့ ဘာလုပ်ရမလဲ"

"ကျွန်တော် တစ်ယောက်တည်း နေပါရစေ" လို့ တက်ဒီက အိပ်ရင်း ပြောတယ်။ "ခင်ဗျားတို့က ကျွန်တော်ပျော်ဖို့ကို အမြဲတမ်းတားနေတာပဲ၊ ကျွန်တော် တစ်ယောက်တည်းနေပါရစေ"

"မင်းရေချိုးဖို့လိုပြီ၊ မင်းကျောမှာ ပျားရည်တွေနဲ့ စေးကပ်နေ[illegible] ငါတို့မင်းကို ရေပိုက်ခေါင်းအောက်ခေါ်သွားရမယ်" လို့ အရုပ်စစ်သား[illegible]က ပြောတယ်။

"ဟင့်အင်း[illegible]လိုက်ဘူး" လို့ တက်ဒီက အလန့်တကြား ပြောတယ်။

www.burmeseclassic.com



"ခင်ဗျားတို့ ဒီလိုလုပ်ရင် ကျွန်တော်က အုတ်ခဲသေတ္တာက အုတ်ခဲတွေနဲ့ ပေါက်မှာနော်၊ မှန်တော့မှ သိကြမယ်"

"သူ့ကို လွှတ်လိုက်ပါတော့"လို့ အရုပ်မကြီးက စက်ဆုပ်သံနဲ့ ပြောလိုက်တယ်။ "သူနေချင်တဲ့အတိုင်း ကပ်စေး ကပ်စေးနဲ့ နေပါစေတော့" ဒါကြောင့် သူတို့ သူ့ကိုထားခဲ့ပြီး ကစားခန်းထဲ ပြန်သွားကြတယ်။ တက်ဒီက ထရပ်ပြီး သူ့ကိုယ်သူ ခါလိုက်ကာ သူညဆိုအိမ်လေ့ရှိတဲ့ အပေါ်ထပ်ထောင့်နေရာကို တက်လာခဲ့တယ်။

နောက်နေ့ဟာ နေသာပြီး သာယာတဲ့နေ့ပါ။ ကလေးတွေဟာ သူတို့အရုပ်တွေကို ခြံထဲယူလာကြတယ်။ သူတို့ဟာ ဝက်ဝံရုပ်လေး၊ အရုပ်မ၊ အရုပ်စစ်သား၊ ပန်းရောင်ခွေးနဲ့ အနက်ရောင်မြင်းတို့ကို ယူလာကြတယ်။ သူတို့ဟာ မြက်ပေါ်မှာ ထိုင်လိုက်ကြတယ်။

ပျားတွေဟာ ဘေးဘီက ပန်းတွေထဲမှာ တဝီဝီမြည်နေကြတယ်။ တစ်ကောင်က တက်ဒီရဲ့ ကျောက ပျားရည်နံ့ကိုရတယ်။ ပျားဟာ ပျံလာပြီး တက်ဒီရဲ့ အမွေးပေါ်မှာ နားလိုက်တယ်။

"အိုး အိုး "လို့ တက်ဒီက အလန့်တကြား အော်တယ်။ "ပျားတစ်ကောင် ကျွန်တော့်ဆီလာနေတယ်၊ သူ့ကိုဖမ်းပေးပါ အရုပ်စစ်သားရယ်"

"ဘာလို့ လုပ်ပေးရမှာလဲ"လို့ အရုပ်စစ်သားက စပ်ဖြဲဖြဲနဲ့ မေးတယ်။

"ဒီပျားက ပျားရည်ကို မင်းလိုပဲ သိပ်ကြိုက်တာကွ၊ မင်းကျောက နည်းနည်း လိုချင်မှတော့ သူ့ကိုခွင့်ပြုလိုက်ပါကွာ"





www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုသလောက် ပျားရည်တွေယူသုံးတာပဲ၊ ပျားလဲ ယူခွင့်ရှိတာပေါ့"လို့ အရုပ်မက ပြောတယ်။

"လုံးဝမှန်တယ်"လို့ ပန်းရောင်ခွေးက ပြောတယ်။

"သွားစမ်း၊ ဟဲ့ ပျား"လို့ တက်ဒီက အော်ပြီး သူ့ကျောက ပျားကို မောင်းထုတ်ဖို့ ကြိုးစားတယ်၊ ဒါပေမယ့် သူကသိပ်ဝတာမို့ အဲဒီကို လက်မရောက်နိုင်ဘူး။ ပျားကလျင်မြန်စွာ တွယ်ကပ်နေတယ်။"သူ ငါ့ကို တုပ်တော့မယ်"လို့ တက်ဒီက ငိုကြွေးမြည်တမ်းတယ်။ "ပျားကို ဖယ်ပေးကြပါ"

ဒါပေမယ့် ဘယ်သူမှ ဖယ်မပေးဘူး။ သူတို့ဟာ ထိုင်ရင်းတခိခိ ရယ်ပြီး ပျော်နေကြတယ်။ ဟား ဟား ပျားရည်လိုချင်တဲ့ ငတိတော့ ထိပြီ။

"သွားစမ်း . . . ဟဲ့ပျား"လို့ တက်ဒီက စူးစူးရှရှ အော်ပြီး ပခုံးတွေကို တွန့်လိမ်လိုက်တယ်။ "နင်ငါ့ကို ယားအောင်လုပ်တာလား"

ပျားဟာ ပျံသွားပေမယ့် ကျောပေါ်တက်လာပြန်တယ်။ တက်ဒီဟာ ထရပ်ပြီး ကျောဘက်ကို လှည့်ကာ အနီးအနားက အပင်ကအရွက်ကို ဆောင့်ဆွဲလိုက်တယ်။ ပျားဟာ ပျံပြေးသွားပြန်တယ်။

"သွားပလား အခုငါ မြေပေါ်လုံ့ချလိုက်မယ်၊ ငါ့ကျောက ပျားရည်ကို နင်ဘယ်လို လုပ်မလဲ"လို့ တက်ဒီကအော်တယ်။





www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကျောချပြီး လှဲလိုက်တယ်။ ပျားဟာ ပျံဆင်းလာပြီး အောက်ကိုဝင်ဖို့ ကြိုးစားတယ်။

"သူမင်းကို မတုပ်တာလဲ စဉ်းစားပါဦး" လို့ အရုပ်စစ်သားက လှမ်းပြောတယ်။ ပျားဟာ တက်ဒီရဲ့အောက်ကို တွားဝင်ပြီးတဲ့အခါ သနားစရာဝက်ဝံလေးဟာ ထိုင်ချလိုက်ရတယ်။ ပျားက သူ့ကိုယားစေလို့ပါ။

"ထွက်သွားစမ်း . . . ဟဲ့ ပျား"လို့ သူကကြိမ်းမောင်းတယ်။ ဒါပေမယ့် ပျားက လုံးဝဂရုမစိုက်ဘူး။

"သူကနားကန်းနေတဲ့ ပျားဖြစ်ရမယ်"လို့ အရုပ်မက ပြောတယ်။

"သနားစရာပဲ တက်ဒီရေ၊ မင်းကတော့ ကျောက ပျားရည် အကုန်စုပ်ပြီးတဲ့အထိ သူ့ကိုလက်ခံရတော့မယ်"

"ကျုပ်ရေကန်ဆီသွားပြီး ပျားရည်တွေဆေးပစ်မယ်"လို့ တက်ဒီက မကျေမနပ်နဲ့ ပြောတယ်။ ဒါကြောင့် ခေါင်းပေါ်မှာ ပျံနေတဲ့ ပျားနဲ့အတူ သူဟာ



ရေကန်ဆီကိုသွားပါတယ်။ ဒါပေမယ့် အဲဒီကိုအရောက် ရုတ်တရက် ဟန်ချက်ပျက်သွားပြီး ရေထဲကိုပြုတ်ကျသွားပါလေရော။

အရုပ်မက သူ့ကိုကယ်ဖို့ ပြေးလာတယ်။ "မင်းကိုမြင်ရင် ကလေးတွေ ဘာပြောလိမ့်မလဲ"လို့ သူကတက်ဒီကိုပြောတယ်။ "မင်းတော့ ရွှဲရွှဲစိုတုန်းပြီ"

"သူတို့က မင်းကိုအဝတ်တန်းမှာ နားရွက်ကနေချိတ်ထားမှာ"လို့ အရုပ်စစ်သားကပြောတယ်။ ဝက်ဝံက ထအော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ ကျွန်တော့်ကိုမြန်မြန်ခြောက်အောင် လုပ်ပေးပါအရုပ်မ ရယ်၊ ပျားကလာပြန်ပြီ၊ သွားစမ်း . . . ဟဲ့ ပျား"

ပျားဟာ တက်ဒီရဲ့ နှာခေါင်းမှာ နားနေတယ်။ ဝက်ဝံဟာ အဲဒါကို သူ့လက်နဲ့ ကုတ်လိုက်တယ်။ ပျားက တက်ဒီရဲ့ နှာခေါင်းကို တုပ်လိုက်တော့ သူဟာ ရေကန်ထဲကို အကျယ်ကြီးအော်ရင်း ထပ်ကျသွားပြန်တယ်။ ပျားလဲ အလန့်တကြား ပျံပြေးတော့တယ်။

ဒါကြောင့် သူတို့က သူ့ကို ခြောက်အောင်လုပ်ပေးတယ်။ ပြီးတော့ သူဟာ နေရောင်ထဲမှာ နွေးဖို့ထိုင်လိုက်တယ်။ အခု သူ့ကျောမှာ ပျားရည်လုံးဝ မရှိတော့ဘူး၊ အားလုံးခြောက်သွေ့သွားပြီလေ။

"ငါဘယ်တော့မှ မစိုတော့ဘူး"လို့ တက်ဒီက တည်ငြိမ်စွာ ပြောလိုက် တယ်။ ပြီးတော့ ရုတ်တရက်ပဲ အလန့်တကြား ကြည့်လိုက်တယ်။ "ငါ့ မျက်လုံး ရှေ့က ဟာ ဘာကြီးလဲ"

"အဲဒါ မင်းနှာခေါင်းလေ၊ ပျားတုပ်ထားလို့ ယောင်နေတာပေါ့၊ မင်း ကြည့်ရတာ ရယ်စရာပဲ"လို့ အရုပ်စစ်သားက ပြောပြီးရယ်ပါတယ်။

သနားစရာ ဝက်ဝံလေးပါ။ ကလေးတွေကတော့ သူဘာဖြစ်သလဲ စဉ်းစားမရကြဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com


# အပြန်အလှန်ကူညီမယ်

ဂျင်ဘိုဟာ လှပတဲ့ ယိုးဒယားကြောင်လေးပါ။ သူ့အမွေးဟာ ညိုပြီး သူ့လက်သည်းတွေလဲ ညိုပါတယ်။ သူ့နားရွက်တွေနဲ့ သူ့မျက်နှာလဲ ဒီလိုပါပဲ။ ဒါပေမယ့် သူ့မျက်လုံးတွေဟာ နွေကောင်းကင်လို ပြာပါတယ်။

သူ့မှာ ကစားဖို့ ချစ်စရာဥယျာဉ်ကြီးရှိတယ်။ ဒါပေမယ့် သူဟာ အနားက လယ်ကွက်တွေနဲ့ သစ်တောတွေထဲ လှည့်လည်ရတာကို သဘောကျတယ်။ သူဟာ ယုန်တွေကို စောင့်ရတာ သဘောကျတယ်။ ဒါပေမယ့် ယုန်ပေါက်လေး တစ်ကောင်တောင် ဖမ်းမမိပါဘူး၊ သူတို့က သူ့အတွက် သိပ်မြန်လွန်းတာကိုး။

"တကယ် စိတ်ပျက်စရာပဲ၊ သူတို့အားလုံး တွင်းထဲဆင်းတာနဲ့ ငါလိုက်ဖမ်းမယ်"လို့ ဂျင်ဘိုကတွေးရင်း ညောင်ညောင်လို့ အော်လိုက်တယ်။ "ယုန်တွင်းထဲ ငါဆင်းသွားရင်တော့ အံ့သြစရာပဲ"

ဒါကြောင့် သူဟာ တစ်နေ့မှာကြိုးစားတယ်၊ ဒါပေမယ့် သူဟာ ယုန်ကြီးတစ်ကောင်နား ရောက်သွားတယ်။ ယုန်ကသူ့ကို မကျေမနပ်ကြည့်ပြီး





www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလှည့်ကာ သန်စွမ်းလှတဲ့ သူ့နောက်ခြေထောက်တွေနဲ့ ဂျင်ဘိုကို ကန်လိုက်တယ်။

ဖုန်း၊ ဖုန်း၊ သနားစရာဂျင်ဘိုဟာ နှာခေါင်းကို အကန်ခံရပြီးတာနဲ့ ယုန်ဟာ တွင်းနားရောက်သွားပြီ။ သူဟာ အလွန်လျင်မြန်စွာ တိုးဝှေ့သွားနေ တယ်။ "ယုန်တွင်းထဲ ငါ ထပ်မဆင်းသင့်တော့ဘူး"လို့ သူကတွေးရင်း သူ့နှာ ခေါင်းကို ညင်သာစွာ လက်နဲ့ဆေးကြောနေတယ်။ "ဘုရားရေ၊ ဒီယုန်က အမြောက်ဆံကျနေတာပဲ ဗိုင်းခနဲပဲ"

တစ်နေ့မှာတော့ သူ ... တာအုပ်ထဲလှည့်လည်ရင်း ဆူးချုံတစ်ခုထဲ တိုးဝင်လိုက်တယ်။ ဆူးတချို့က သူ့အမွေးကို ခြစ်မိကြတယ်။ ဒါပေမယ့် သူဟာ ဆက်တိုးပြီး ချုံထဲက ဘေးကင်းစွာ ထွက်လာခဲ့တယ်။

သူဟာ အနည်းငယ်မြွေးပြီးတော့ ရပ်လိုက်တယ်။ သူ့နောက်မှာ ဆွဲနေတာ ဘာပါလိမ့်။ သူ လှည့်ကြည့်လိုက်တယ်။

ဆူးခက်တစ်ခုဟာ သူ့အမွေးမှာ ချိတ်မိနေပြီး သူ့ခြေထောက်ကိုပါ ငြိနေတယ်။ ဆူးကသိပ်ထက်တာမို့ သူ့ကိုနာစေတယ်။ ဂျင်ဘိုဟာ ထိုင်ချပြီး သူ့နောက်ခြေက ဆူးကိုဖယ်ပစ်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ဖယ်လို့မရဘူး။ ဒီလိုလုပ်လေလေ ဆူးကပိုဆူးလေလေပဲ။ ဂျင်ဘိုဟာ ညောင်ညောင်အော်ရင်း ထပ်ပြေးတယ်။ ဒါပေမယ့် မကောင်းဘူး၊ ဆူးခက်က သူ့နောက်မှာ ပါလာပြီး သူ့ကိုလန့်စေတယ်။





www.burmeseclassic.com

www.burmeseclassic.com



သူဟာ သစ်ပင်ပေါ်ပြေးတက်သွားတော့ ဆူးခက်ကလဲ ပါလာတယ်။ သူဟာ အမြန်ပြေးဆင်းပြီးတော့ ဆူးခက်လဲ လိုက်ဆင်းတယ်။ သူဘယ်သွားသွား ဆူးခက်က သူ့ကိုမြဲမြဲတွယ်ထားပြီးသားလေ။

ဂျင်ဘိုဟာ ထိုင်ချပြီး ငိုကြွေးရှာတယ်။

"ညောင် ဝေါင် ဝေါင်– ညောင် ဝေါင် ဝေါင်– ညောင် ဝေါင် ဝေါင်"

"ဘာဖြစ်တာလဲ"လို့ ဘေးနားက အသံတစ်သံကပြောတယ်။ "တိတ်ပါ၊ ကျွန်မကလေးနိုးသွားလိမ့်မယ်"

ဂျင်ဘိုဟာ ငိုနေတာကိုရပ်ပြီး လှည့်ကြည့်လိုက်တယ်။ အင်မတန်သေးငယ်တဲ့ နတ်သူငယ်မလေး မြေတွင်းအပေါက်တစ်ပေါက်ကနေ ချောင်းကြည့်နေတာကို တွေ့ရတယ်။ အပေါက်ကို လှပတဲ့ခန်းဆီးနဲ့ သေသေသပ်သပ်ဖုံးထားပြီး သူမဟာ ခန်းဆီးကိုဆွဲကာ ချောင်းကြည့်နေတယ်လေ။

ဂျင်ဘိုဟာ အံ့ဩစွာ စိုက်ကြည့်လိုက်တာ၊ ဒါဟာ နတ်သူငယ်ကို ပထမဆုံးမြင်ဖူးခြင်းပဲ။ တစ်ခါတလေ သူဟာ သစ်တောထဲက ခြေသံလေးတွေ စကားပြောသံလေးတွေ ကြားရလေ့ရှိတယ်။ ဒါပေမယ့် နတ်သူငယ်တွေက သိပ်ပါးနပ်တာမို့ သူအနားရောက်လာတာနဲ့ ပျောက်ကွယ်သွားကြတယ်လေ။ အခုတော့ တွေ့ရပြီ၊ နတ်သူငယ်ရဲ့ သေးငယ်တဲ့နားရွက်လေးတွေက ကြွက်နားရွက်လိုပဲ၊ မျက်လုံးလေးတွေကတော့ ခန်းဆီးလို စိမ်းနေတာပဲ။

"မင်းက ချိုသာတယ်၊ မင်းဘယ်သူလဲ"လို့ ဂျင်ဘိုကမေးတယ်။

"ကျွန်မတစ်တိုးပါ၊ ဒီတွင်းထဲမှာ ကျွန်မခင်ပွန်း တစ်တက်နဲ့အတူနေပါတယ်၊





www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာရင်သွေးလေး တစ်ပီကို ရထားတယ်လေ၊ ရှင့်အသံဆိုးကြီးနဲ့ ကလေးနိုးလာလိမ့်မယ်၊ ဘာဖြစ်တာလဲရှင့်"

"ခွင့်လွှတ်ပါ၊ ငါ့ကိုတစ်ခုခုချိတ်ပြီးနာစေလို့ပါ၊ကြည့်လေ"လို့ ဂျင်ဘိုကပြောတယ်။"ဟုတ်သားပဲ၊ ဒါ ဆူးခက်ငြိနေတာကိုး"လို့ တစ်တိုးက ပြောရင်းအိမ်လေးထဲက ထွက်လာတယ်။ "ကျွန်မဒါကို အလွယ်ပဲ ဖယ်ပေးပါ့မယ်"

"မင်းကို မဆူးဖို့သတိထားနော်"လို့ ဂျင်ဘိုကပြောတယ်။ "အိုး မင်းနာမှာပဲ"

"နေစမ်းပါရှင်၊ ရှင့်ကလေးကိုနိုးအောင် အော်နေတာထက်စာရင်တော်သေးတယ်ပေါ့"လို့ တစ်တိုးကပြောတယ်။

"ငါဟာ ကြောင်လေးအရွယ်ပဲ ရှိသေးတာ၊ သတိထားလုပ်နော်"လို့ဂျင်ဘိုကပြောတယ်။ "သတိထားနုတ်မှာပါရှင်၊ ဆူးခက်က သိပ်ငြိနေတာကိုး"လို့ တစ်တိုးကပြောတယ်။ "အခုဆို နောက်ဆုံးဆူးပဲ ကျန်တော့တယ်"

"အိုး"လို့ ဂျင်ဘိုက အော်တယ်။ "သိပ်နာလှချည်လား၊ တကယ်ထွက်သွားပြီလား၊ ကျေးဇူးတင်ပါတယ်၊ မင်းကလေးကို နိုးသလိုဖြစ်သွားတဲ့အတွက်ခွင့်လွှတ်ပါ၊ သူ့ကိုငါ ကြည့်လို့ရမလား"

"အင်းလေ၊ကျွန်မလိုက်ကာမပေးမယ်၊ ရှင်ကအထဲကို ချောင်းကြည့်ပေါ့"လို့ တစ်တိုးကပြောတယ်။ "ဒါပေမယ့် ရှင်ကသိပ်ကြီးတော့ ရှင့်မျက်နှာပဲဝင်လို့ရမယ်၊ ကြည့်လေ"

ဒါကြောင့် ဂျင်ဘိုဟာ ခန်းဆီးနောက်က အပေါက်ထဲကို ချောင်းကြည့်လိုက်တယ်။ ချစ်စရာအိမ်လေးပဲ၊ မြေမှာအခန်းရှည်လေးနဲ့ အထဲမှာခန်းဆီးတွေ ချိတ်ဆွဲထားတယ်၊ ကြမ်းပြင်မှာ လိမ္မော်ရောင် ကော်ဇောရှိတယ်၊ သစ်ရွက် သစ်ခက်တွေနဲ့ လုပ်ထားတဲ့ ပရိဘောဂတွေ ရှိတယ်၊ ပုခက်ထဲမှာအိပ်နေတာကတော့ နတ်သူငယ်ပေါက်စလေး တစ်ပီပါပဲ။

"ရှင့်ကိုအထဲဝင်ခိုင်းပြီး လက်ဖက်ရည်သောက်ခေါ်ချင်ပါသေးတယ်၊ ဒါပေမယ့် ဘယ်ဖြစ်မလဲ၊ နှုတ်ဆက်ပါတယ်ရှင်"လို့ တစ်တိုးကပြောတယ်။

"တစ်တိုးရေ၊ တစ်နေ့မှာ မင်းအတွက် တစ်ခုခုလုပ်ပေးသေးတာပေါ့၊ မင်းတို့ကို ကူညီခဲ့တယ်၊ ငါကလဲ မင်းကိုကူညီချင်တယ်"လို့ ဂျင်ဘိုက ပြောတယ်။

တစ်တိုးကရယ်ပါတယ်။ "ကျွန်မကို ကယ်စရာမလိုပါဘူး၊ နတ်သူငယ်တွေဟာ ကြောင်တွေဆီက အကူအညီမတောင်းတတ်ကြဘူး၊ သွားတော့



www.burmeseclassic.com

www.burmeseclassic.com



နော် — တစ်ပီနိုးတော့မယ်၊ ကြည့် ... ဟောဒီမှာ ရှင့်ဖို့ ဘောလုံးလေး၊ တစ်ပီမှာ အများကြီးမို့ ရှင့်ကိုတစ်လုံးပေးဖို့ သဘောတူမှာပါ၊ ရှင်နဲ့ ကစားနိုင်တာပေါ့"

သူဟာ ဘောလုံးလေးကို တွင်းထဲကနေ ပစ်ထုတ်လိုက်ပြီး ဂျင်ဘိုက ဘောလုံးနောက် ခုန်လိုက်သွားတယ်။ ဘောလုံးဟာ ချယ်ရီသီးလောက်ပဲ ကြီးပြီး နီရဲတယ်။ သူဟာ ဘောလုံးကို ပါးစပ်နဲ့ ဂုဏ်ယူစွာ ကောက်လိုက်တယ်။ တစ်ပီကို သတိရဖို့ ဘောလုံးကို သိမ်းထားရမယ်။

သူဟာ ခြင်းထဲမှာ ဝပ်နေလိုက်တယ်။ သူဟာ တစ်ခါတစ်လေ ဒီထဲလာပြီး တစ်တိုးရဲ့ ကြင်နာမှုကို တွေးနေမိတယ်။ သူထပ်သွားပြီးကြည့်ရင် ကလေးနိုးလာမှာကို စိုးနေမိတယ်။

တစ်ညမှာတော့ သူဟာ ဝရန်တာက ခြင်းထဲမှာ အိပ်ပျော်နေတုန်း တစ်ယောက်ယောက်က သူ့နှုတ်ခမ်းမွေးတွေကို ဆွဲလှုပ်တယ်။ "ထပါဦး ဂျင်ဘို ထပါဦး၊ မြန်မြန်ထပါဂျင်ဘို"



ဂျင်ဘို နိုးလာတယ်။ တစ်ယောက်ယောက်က သူ့နှုတ်ခမ်းမွေးတွေကို ထပ်ဆွဲတော့ သူဒေါသခနဲ အော်လိုက်တယ်။ "မလုပ်နဲ့၊ ဘယ်သူလဲ"

"ကျွန်မပါ၊ တစ်တိုးပါ၊ တစ်ခါက ကျွန်မကို ကူညီမယ်လို့ ပြောခဲ့ဖူးတယ်နော်၊ အခုကူညီမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩ . . . တစ်တိုးလား၊ တကယ်ကို မင်းပဲလား"လို့ ဂျင်ဘိကပြော တယ်။ "မင်းကိုင်ထားတာ ဘာလဲ၊ မင်းကလေးလား၊ ဘာဖြစ်တာလဲ"

တစ်တိုးဟာ ငိုတော့တယ်။ "ဂျင်ဘိုရယ်၊ ကြွက်ပေါ့ . . . ရိုင်းစိုင်း ဆိုးသွမ်းတဲ့ ကြွက်ညိုကြီးပေါ့၊ သူက ခန်းစီးအောက်က ကျွန်မတို့ ပရိဘောဂ တွေ ထုတ်ပစ်တယ်။ ကြွက်ကြီးက ဒီတွင်းထဲမှာ သူနေချင်တယ်လို့ ပြောတယ်"

"ဩ . . . တယ်ကောင်းတဲ့ အကြံပါလား"လို့ ဂျင်ဘိုက ဒေါသတကြီး ပြောတယ်။ "ကြွက်တစ်ကောင်က ဒီလိုလုပ်ရဲသလား၊ ဒါမျိုးတစ်ခါမှ မကြား ဖူးဘူး"

"ကျွန်မတို့ ဘာလုပ်ရမလဲ၊ ကလေးက သိပ်လန့်နေပြီ၊ ဒီည ကျွန်မ ဘယ်သွားရမှာလဲ"လို့ တစ်တိုးက ငိုကြွေးတယ်။

"ငါ့ခြင်းထဲဝင်ခဲ့ပါ၊ ဒီမှာ နွေးပါတယ်၊ ငါက ကြွက်ကိုငါ့ဘာသာ သွားရှာမယ်"လို့ ဂျင်ဘိုက ပြောတယ်။

"ဒါပေမယ့် ဂျင်ဘိုရယ်၊ ရှင်က ကြွက်တစ်ကောင် ဖမ်းဖူးလို့လား"လို့ တစ်တိုးကမေးရင်း ကလေးနဲ့အတူ ခြင်းထဲဝင်ထိုင်ကာ ဂျင်ဘိုရဲ့ နွေးတဲ့ အမွေး တွေကို မှီထားလိုက်တယ်။ "ကြွက်တွေဟာ ဒေါသကြီးတယ်၊ ကိုက်တာ သိပ်ထက်တယ်၊ ရှင့်ကို ကိုက်လိမ့်မယ် မသွားပါနဲ့ရှင်"

"ငါ ကြွက်တစ်ကောင်မှ မဖမ်းဘူးသေးဘူး၊ ကြွက်စုတ်တစ်ကောင် တော့ ဖမ်းဖူးတယ်၊ သူငါ့ဆီ ပြန်လာပြီး ကိုက်ရင်တောင် ဒီကြွက်ကို ငါဖမ်းပြ မယ်၊ ကြွက်တွေက မင်းတို့အပေါ် ဒီလိုဆက်ဆံတာကို ငါမကြိုက်ဘူး၊ ငါပြန် လာတဲ့အထိ မင်းတို့ဒီမှာပဲ နေခဲ့"





www.burmeseclassic.com

www.burmeseclassic.com



သူဟာ တစ်တိုးကို ထားခဲ့ပြီး တောအုပ်ထဲကို နင်းလျှောက်လာတယ်။ သိပ်မှောင်နေပေမယ့် ဂျင်ဘိုအတွက် ကိစ္စမရှိဘူး။ သူက အမှောင်ထဲမှာ ကောင်းကောင်းမြင်နိုင်တယ်။ သူဟာ နတ်သူငယ်တွေရဲ့ အိမ်နားကို ရောက်လာတယ်။ အသံလေးတစ်သံက လှမ်းခေါ်တယ်။

"ခင်ဗျားဂျင်ဘိုလား၊ ကျွန်တော် တစ်တက်ပါ၊ တစ်တိုးရဲ့ခင်ပွန်းပါ၊ ကြွက်က ကျွန်တော်တို့ အိမ်ထဲမှာရှိတုန်းပဲ၊ အောင်မယ်လေး . . . ကျွန်တော်တို့ ပရိဘောဂတွေ ဟိုရောက်သည်ရောက် ဖြစ်ကုန်ပါပြီ"

"ဒီတွင်းထဲက ကြွက်ကို ငါဘယ်လိုဖမ်းရနိုင်မလဲ"လို့ ဂျင်ဘိုက မေးလိုက်တယ်။ "ဒီလိုလုပ်၊ ကြွက်စုတ်အော်သံ ပေးရမယ်၊ ဒါပေမယ့် ဒီတွင်းနားမှာ ကြွက်စုတ်မရှိဘူး၊ ကြွက်က ကြွက်စုတ်ကို စားတတ်တယ်လေ၊ ဘာလုပ်ရမလဲ၊ ကျွန်တော်ပြောမယ် "လို့ တစ်တက်ကပြောတယ်။

"ဘာလဲဟ"လို့ ဂျင်ဘိုကမေးတယ်။

"ကျွန်တော်က ကြွက်စုတ်လို့အော်မယ်၊ ကြွက်ပေါက်စနလေးလိုပေါ့၊ ဒါဆို ကြွက်ကြီးနိုးလာပြီး အပြင်ထွက်လာလိမ့်မယ်၊ ဒီကျမှ ခင်ဗျားက ခုန်အုပ်ပေါ့၊ သတိထားနော် . . . ကြွက်တွေက သိပ်သန်မာပြီး ဒေါသကြီးတယ်၊ ဘာကိုမှမကြောက်ဘူး"

"အော်လေကွာ"လို့ ဂျင်ဘိုကပြောပြီး ကျောက်တုံးကြီးနောက်မှာ ပုန်းနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ တစ်တက်ဟာ "ကျွိ ကျွိ ကျွိ"နဲ့ အော်ပါလေရော။ ကြွက်ပေါက်စလေးရဲ့ အသံနဲ့သိပ်တူတာပဲ။ ကြွက်ကြီးဟာ နိုးလာပြီး တွင်းထဲကနေ မျက်လုံး ပြူးကြည့်တယ်။ တစ်တက်က တွင်းနဲ့ပိုနီးတဲ့နေရာက ထပ်အော်ပြန်တယ်။

ကြွက်ဟာ နားရွက်ထောင်လာတယ်။ သူဟာ ဝင်ပေါက်ကို ရောက်လာပြီးတော့ အပြင်မှ လှုပ်ရှားမှုတစ်ခုမြင်တော့ ခုန်အုပ်လိုက်တယ်။ နတ်သူငယ်ဟာ အော်ရင်းနဲ့ ကျောက်တုံးအောက် ပြေးဝင်လိုက်တယ်။ ကြွက်ကြီးဟာ တွင်းဆီမပြန်ဖြစ်သေးဘူး။

အဲဒီမှာ ဂျမ်ဘိုက ခုန်အုပ်လိုက်တယ်။ ဒါပေမယ့် ကြွက်က အသံကြားပြီး ပြေးသွားတာ သူ့အမြီးရှည်ကြီးက သူ့နောက်က ပါလာလေရော။

ဂျမ်ဘိုဟာ ကြွက်နောက်ကလိုက်သွားတယ်။ မြက်ပင်တွေကို ဖြတ်ပြီး လိုက်သွားတာပေါ့။ ကြွက်ဟာ ဂျမ်းဘိုမီလုမီခင်မှာ အပေါက်လေးထဲ ဝင်ပြေးသွားတယ်။

ဂျမ်ဘိုက အပေါက်မှာ မျက်နှာအပ်ပြီး အော်ပြောတယ်။





www.burmeseclassic.com

www.burmeseclassic.com



"မင်း တစ်တိုးတို့ တွင်းကို ထပ်လာရဲလာကြည့်၊ ငါဖမ်းပစ်မယ်၊ ငါဒီမှာရှိတယ်၊ အေးနားမှာအမြဲနေပြီး မင်းကိုစောင့်ကြည့်နေမှာပဲ၊ တစ်နေ့ မင်းကိုစားပစ်မယ်၊ ဒါကြောင့် မင်းထွက်သွားရင်ကောင်းမယ်"

ကြွက်ဟာ တုန်လှုပ်ချောက်ချားပြီး ဘာသံမှမထွက်နိုင်တော့ဘူး။ သူဟာ ကြောင်နံ့ရသလို ကြောင်ခြေသည်းတွေကိုလန့်နေတယ်။ သူဟာ နတ်သူငယ်တွေရဲ့ တွင်းကိုဘယ်တော့မျှ ပြန်သွားတော့မှာ မဟုတ်ဘူး။

ဂျင်ဘိုဟာ တွင်းကိုပြန်လာပြီး တစ်တက်ကို ခေါ်တယ်။ "ငါ သူ့ကို ဖမ်းမမိဘူး၊ ဒါပေမယ့် သူသွားပါပြီ"လို့ ပြောလိုက်တယ်။ "သူပြန်လာမယ် မထင်တော့ဘူး"





www.burmeseclassic.com

www.burmeseclassic.com



"ကြွက်နံ့တွေကို သတ်ဖို့ အပြာရောင်ရေမွှေးဝယ်ဆွတ်ရဦးမယ်"လို့ တစ်တက်ကပြောတယ်။ "ခင်ဗျားက သိပ်ကြင်နာတာပဲ ဂျင်ဘိုရယ်၊ ကျွန်တော် ခင်ဗျားကျောပေါ်က စီးပါရစေ၊ သိပ်ပင်ပန်းနေလို့ပါ"

ဒါကြောင့် တစ်တက်ဟာ ဂျင်ဘိုရဲ့ ကျောပေါ်တက်ပြီး မြက်ပင်ကြား သွားရာ တစ်လမ်းလုံးစီးလာပါတယ်။ သူဟာ ပျော်နေရှာတယ်။ တစ်တိုးနဲ့ ကလေးငယ် တစ်ပီတို့ဟာ ဂျင်ဘိုရဲ့ ခြင်းထဲမှာ အိပ်ပျော်နေကြတယ်။ တစ် တက်က သူတို့ဘေးကို ဝင်လိုက်တယ်။ ပြီးတော့ ဂျမ်ဘိုလဲ အနားယူပါလေ ရော။ သူဟာ သူ့ကိုယ်သူ သတိထားပြီး ဝင်လှဲလိုက်တယ်။

မကြာခင် သူအိပ်ပျော်သွားတော့ နတ်သူငယ်လေး သုံးကောင်ဟာ သူ့အမွေးကို တိုးဝှေ့အိပ်ကြတယ်။ ဂျင်ဘိုနိုးလာတော့ သူတို့မရှိကြတော့ဘူး။ သူတို့အားလုံး ပရိဘောဂတွေ နေရာချဖို့ ခန်းဆီးတွေပြန်တပ်ဖို့ တွင်းထဲက အိမ်ကိုပြန်သွားကြပြီ။ ကြွက်ကြီးဟာ ကော်ဇောကို ပျက်စီးစေခဲ့တာမို့ သူတို့ နောက်တစ်ခု ပြန်လဲရတယ်။

မကြာခင် ဂျင်ဘိုဟာ နေ့ဘက်မှာသူတို့ကို သွားကြည့်တော့ အိမ် သေးသေးလေးထဲမှာ အဆင်ပြေနေကြတာ တွေ့ရတယ်။ သူတို့က သူ့ကို ကြိုဆိုနှုတ်ဆက်ကြတယ်။

"ရှင် ကျွန်မတို့နဲ့ အတူနေလို့ မရအောင် ကြီးလွန်းတာတော့ ဝမ်း နည်းစရာပဲ၊ ကလေးက ရှင့်ကိုသိပ်သဘောကျနေတာ"

"အေးလေ၊ မင်းနဲ့ တစ်တက်တို့ အားလပ်ရက်မှာ ခရီးထွက်ရင် ကလေးကို ကြည့်ဖို့ ငါနဲ့ထားခဲ့ပေါ့"လို့ ဂျင်ဘိုကပြောတယ်။ "ငါ့ခြင်းထဲမှာ သူအိပ်လို့ရတယ်၊ ငါ့ကျောပေါ် တက်စီးလို့ရတယ်၊ ငါတို့ သိပ်ပျော်ကြမှာပဲ"လို့ ဂျင်ဘိုက ဝမ်းမြောက်ဝမ်းသာနဲ့ ပြောလိုက်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com

# ကြွက်နဲ့ခရု

တစ်နွေလုံးလိုလိုပဲ လယ်ကြွက်ဟာ နေပူတဲ့ နံရံအောက်ခြေက သူ့တွင်းလေးထဲမှာ နေခဲ့ပြီး ခရုကတော့ အနားမှာ နေခဲ့ပါတယ်။

အစတော့ သူတို့တစ်ယောက်ကိုတစ်ယောက် သတိမပြုမိကြဘူး။ နောက်တော့လဲ ကြွက်က ခရုအနေနဲ့ သူဘယ်သွားသွား သူ့အိမ်ကို အမြဲသယ်သွားရတာလဲလို့ ကြွက်ကတွေးမိပါတယ်။

"ခင်ဗျားက အပြင်သွားတိုင်း ဘာလို့ ခင်ဗျားအခွံကို သယ်သွားရတာလဲဗျ"လို့ သူကပြောတယ်။ "ဒါကြီးကို တချိန်လုံး သယ်သွားတာ မိုက်မဲရာကျတာပေါ့ဗျာ"

"ဒါဟာ ခင်ဗျားအတွက် မိုက်မဲပေမယ့် ကျွန်တော့်အတွက်တော့ ပိုပြည့်စုံသလို ခံစားရပါတယ်"လို့ ခရုကဖြေတယ်။ "ကျွန်တော့်ကိုယ်လုံးက သိပ်နုတယ်၊ အဲဒီအပေါ် ကျွန်တော့်အိမ်ကို တင်မထားဘူးဆိုရင် ငှက်တွေက ထိုးဆင်းပြီး ကျွန်တော့်ကို ချီသွားကြလိမ့်မယ်၊ ခင်ဗျားမြင်တဲ့အတိုင်းပဲ



www.burmeseclassic.com



ကျွန်တော်က ခင်ဗျားလို အမြန်မှ မပြေးနိုင်တာ၊ ကျွန်တော်က နှေးကွေးတဲ့ သတ္တဝါပါ"

"ခင်ဗျားအိမ်လေးလား" လို့ ကြွက်ကမေးတယ်။ "ကျွန်တော်အထဲဝင်ပြီး လှည့်ပတ်ကြည့်လို့ မရဘူးလား"

"ဘယ်ရမလဲဗျ၊ အဲဒါ ကျွန်တော်နဲ့မှ အတော်ပဲ" လို့ ခရုက ဖြေတယ်။ "အခွံကတော့ သိပ်မလေးပါဘူး"

"ကျွန်တော်တို့ တစ်ခုခုကစားရအောင်" လို့ ကြွက်ကမေးတယ်။ ပျို့ရွယ်ပြီး ဂနာမငြိမ်တဲ့ ကြွက်ဟာ ကစားရတာကို သဘောကျတယ်လေ။ "တူတူပုန်းတမ်းကစားရအောင်၊ ခင်ဗျားမျက်လုံးတွေပိတ်လိုက်၊ ကျွန်တော်ပုန်းမယ်"

ခရုဟာ သူ့ခေါင်းက ဦးချိုတစ်စုံကို လိမ့်လိုက်တယ်။ "အခု ကျုပ်မျက်လုံးတွေ ပိတ်လိုက်ပြီ" လို့ သူကပြောတယ်။ "ကျုပ်မျက်လုံးတွေဟာ ဒီချိုတွေရဲ့ ထိပ်မှာရှိတာ၊ ဒါတွေကို ပိတ်လိုတဲ့အခါ အထဲဘက် ဆွဲလိုက်တာပေါ့၊ တစ်နေရာမှာ သွားပြေးပုန်းပါတော့ ကြွက်ကလေး"

ဒီလိုထူးဆန်းတဲ့ မျက်လုံးတွေရှိရင် ကောင်းမှာပဲလို့ ကြွက်က တွေးမိတယ်။ သူဟာ သူ့မိတ်ဆွေရဲ့ ထူးဆန်းတဲ့ လျှာကိုကြည့်ပြီးလည်း အံ့သြရ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တယ်။ လှျာက ဖဲကြိုးတစ်ခုလိုပဲ၊ လှျာပေါ်မှာ ထောင်ပေါင်းများစွာတဲ့ အစက်တွေရှိတယ်။ အဲဒါ သွားတွေတဲ့။

"အခုဆို ကျုပ်ဘယ်လို သစ်ရွက်တွေကို စားသလဲ ခင်ဗျားမြင်ပြီပေါ့။ ကျုပ်လှျာကို စီတန်းပြီး သုံးခဲ့တာဗျ"လို့ ခရုကပြောတယ်။

သူတို့နှစ်ယောက်ဟာ ရင်နီးလာကြတယ်၊ ကြွက်ကတော့ ခရုနဲ့လမ်းလျှောက်လိုတဲ့ ဆန္ဒသိပ်မရှိဘူး၊ သူ့ကိုယ်က သွားတာနှေးလို့ပါ။

တစ်ခါတလေ သူကတောက်ပတဲ့ ငွေရောင်စွတ်ကြောင်းကို ချန်ထားခဲ့တော့ သိပ်လှတာပဲလို့ ကြွက်ကထင်သတဲ့။


"ခင်ဗျားကို ကျုပ်နှုတ်ဆက်ရတော့မယ်"လို့ ဆောင်းဦးတစ်ရက်မှာ ခရုကပြောတယ်။ "ကျွန်တော် အိပ်ချင်လာပြီ၊ တစ်ဆောင်းလုံး အိပ်ရတော့မယ်"

"မလုပ်ပါနဲ့ဗျာ၊ တစ်ဆောင်းတွင်းလုံး ကျုပ်ကနိုးနေမှာ၊ ခင်ဗျားနဲ့ အတူ ကစားချင်သေးတယ်ဗျ၊ ခင်ဗျားအိပ်ပျော်သွားရင် ကျုပ်လာနှိုးမှာပေါ့။ ခင်ဗျား အခွံကို ခေါက်လို့ ဒါမှမဟုတ် ခင်ဗျားကို လှုပ်လို့ နိုးမှာပေါ့ဗျ"

ဒါပေမယ့် သူ့မိတ်ဆွေနဲ့ ကစားဖို့ထပ်သွားချိန်မှာ ခရုကို နှိုးလို့မရတော့ဘူးလေ။ ခရုက အခွံထဲဝင်နေပြီး အဝင်ပေါက်က သေးလွန်းတာမို့ ကြွက်က ဝင်လို့မရဘူး။

"သူမနိုးတော့ဘူး၊ သူသေပြီ"လို့ ကြွက်က ငိုကြွေးသတဲ့။ "သူက သိပ်အသုံးဝင်တာ၊ ငါ သူ့အခွံကို ခေါက်တာတောင် အဖြေမပေးရှာတော့ဘူး"

ဒါပေမယ့် ခရုမသေပါဘူး။ အိပ်ပျော်နေတာပါ။ သူဟာ နွေးထွေးတဲ့ နွေဦးရာသီကျရင် နိုးလာပြီး ကြွက်နဲ့ ထပ်ကစားဦးမှာပါ။ သူဟာ မင်းတို့ ဥယျာဉ်ထဲမှာရှိမှာပါ၊ သူ့ကိုသွားရှာကြည့်ရင် ခပ်သေးသေး ရှေ့တံခါးပေါက်လေးကို တွေ့ရမှာပါ။



ပြီး

www.burmeseclassic.com